# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


## မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာ ၆ ရက်၊ သောကြာနေ့ အတွဲ (၆၀)၊ အမှတ် (၀၃၇)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာ (ငြိမ်း)တို့ တယ်လီကွန်ဖရင့်ဖြင့် ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၅**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သည် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာ (ငြိမ်း) နှင့် ယနေ့မွန်းလွဲ ၁ နာရီတွင် တယ်လီကွန်ဖရင့်ဖြင့် ဆွေးနွေးသည်။

ထိုသို့ဆွေးနွေးရာတွင် နှစ်ဖက်ခေါင်းဆောင်များက နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်သွားရေး၊ ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမား အများစုနေထိုင်သည့် ပြည်နယ်တစ်ခုတွင် တရားဝင် ကောင်စစ်ဝန်ရုံးဖွင့်လှစ်ပေး၍ ကူညီဆောင်ရွက်ပေးရေး၊ ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ထိုင်းနိုင်ငံရှိ မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ အခက်အခဲများအား ကူညီပံ့ပိုးဖြေရှင်းပေးရေး၊ ကိုဗစ် - ၁၉ ကပ်ရောဂါ ထိန်းချုပ်ကာကွယ်ရေးတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သွားရေး၊ နှစ်နိုင်ငံနယ်စပ် ကုန်သွယ်မှု ပိုမိုမြှင့်တင်ရေး၊ ပြည်သူများအကြား ထိတွေ့ဆက်ဆံမှုပိုမိုမြှင့်တင်ရေးအတွက် နှစ်နိုင်ငံ နယ်စပ်ဂိတ်များ တိုးချဲ့ဖွင့်လှစ်ရေးနှင့် နယ်စပ်ဒေသတစ်လျှောက် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေး ခဲ့ကြသည်။

သတင်းစဉ်

# ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး

## (၈) ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များကောင်စီ အစည်းအဝေးသို့ တက်ရောက်




ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် (၈) ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များကောင်စီ အစည်းအဝေးသို့ တက်ရောက်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၅**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးသည် ယနေ့နံနက်ပိုင်းတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် (၈) ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များ ကောင်စီ အစည်းအဝေး (The 8th Meeting of the Council of ASEAN Chief Justices) သို့ နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ပါဝင်တက်ရောက်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးသည် ကောင်စီအလှည့်ကျဥက္ကဋ္ဌဖြစ်သူ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှ တရားသူကြီးချုပ် The Hon. Nguyen Hoa Binh နှင့် ကျန်အာဆီယံနိုင်ငံများမှ တရားသူကြီးချုပ်များနှင့်အတူ အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုတရားသူကြီးချုပ်သည် အစည်းအဝေးတွင် CACJ လုပ်ငန်းအဖွဲ့များဖြစ်သည့် အာဆီယံတရားရေး သတင်းအချက်အလက်ပေါ်တယ် (ASEAN Judiciaries Portal –AJP)၊ အာဆီယံဒေသတွင်း တရားမမှုခင်းဆင့်စာဆင့်ဆိုမှု လွယ်ကူစေရေး (Facilitating Service of Civil Processes within ASEAN), မှုခင်းစီမံခန့်ခွဲမှု နည်းလမ်းများနှင့် တရားရုံးဆိုင်ရာ နည်းပညာအသုံးပြုမှု (Case Management and Court Technology)၊ တရားစီရင်ရေးဆိုင်ရာ လေ့ကျင့်ခြင်းနှင့် သင်ကြားပေးခြင်း (Judicial Education and Training)၊


*စာမျက်နှာ ၃ ကော်လံ ၁* ❐



**တန်ဖိုးဟူသည်**
ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့် အထိမ်းအမှတ်ဆောင်းပါး
စာ ➢ ၆၊ ၇

**ကိုဗစ် - ၁၉ ကူးစက်မှု တိုးတက်လာသောကြောင့် ညမထွက်ရအမိန့် အီတလီထုတ်ပြန်**
စာ ➢ ၁၃

**မဲရုံကိုသွားလို့ မဲပေးကြပါစို့**
စာ ➢ ၂၀



KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# ရွေးကောက်ပွဲကျင်းပရန် နီးပြီ

မြန်မာနိုင်ငံ အထွေထွေရွေးကောက်ပွဲက ငါးနှစ်တစ်ကြိမ် ကျင်းပသည် ဖြစ်ရာ ယခုလာမည့် နိုဝင်ဘာလ ၈ ရက်နေ့တွင် မြန်မာပြည်သူတို့ မဲပေးကြရတော့မည်ဖြစ်ပါသည်။ ၁၉၉၀ ပြည့်ကာလတုန်းက အထွေထွေရွေးကောက်ပွဲများ ကျင်းပပြီး ပြည်သူ့ကိုယ်စားလှယ်များကို ရွေးချယ်ပြီးကာမှ ထိုစဉ်က အာဏာသိမ်းအစိုးရက လွှတ်တော်ခေါ်မပေး၊ အစိုးရအာဏာလွှဲပြောင်းမပေးခဲ့။ ပြည်သူ့ကိုယ်စားလှယ်အများစုမှာ ဖမ်းဆီးနှိပ်စက် ထောင်သွင်းအကျဉ်းချခံခဲ့ကြရ။

အစိုးရမင်းတို့၏လက်မှ လွတ်ရာပြေးကြရင်း ကမ္ဘာ့နိုင်ငံ အနှံ့အပြားသို့ ရောက်ရှိသွားကြသည့် လွှတ်တော်ကိုယ်စားလှယ်များကလည်း မနည်းလှ။ ထိုသို့သော ထိခိုက်နစ်နာမှုများ၊ ခံစားနာကျင်မှုများဖြင့် ထုံမွမ်းနေသော ရွေးကောက်ပွဲကို ဖြတ်သန်းခဲ့ကြပြီးနောက် နှစ်ပေါင်းနှစ်ဆယ်ကြာမှ နောက်တစ်ကြိမ် ရွေးကောက်ပွဲတစ်ခုကို ကြုံကြရခြင်းဖြစ်၏။

ထို့ကြောင့် ရွေးကောက်ပွဲဟူသည် အခြားသောနိုင်ငံတို့မှ ပုံမှန်ပြုလုပ်နေကျ ရွေးကောက်ပွဲများနှင့်မတူသော ခံစားချက် မြန်မာနိုင်ငံသားတို့အတွက် ရှိနေသည်ဟု တွေးမိပါသည်။ ရွေးကောက်ပွဲအပေါ်ထားသည့် သဘောထားမှာ ပုံမှန်ထက်ပိုသော ထူးခြားလေးနက်မှု ရှိနေသည်။ ရွေးကောက်ပွဲသည် နိုင်ငံ၏အပြောင်းအလဲအတွက် အရေးပါသည်ဟူသည့် စိတ်အခံ၊ ခက်ခက်ခဲခဲ ရရှိထားသော အခွင့်အရေးဟုတွေးသည့် အယူအဆစသည်တို့က ရွေးကောက်ပွဲတွင် မဲပေးကြစို့ဟူသော တွန်းအားဖြစ်ပါမည်။

ထို့ကြောင့်ပင် ရွေးကောက်ပွဲဆိုလျှင် ရင်ခုန်ကြ၏။ စိတ်လှုပ်ရှားမှုဖြစ်ကြ၏။ မဲပေးရေးကို စိတ်ဓာတ်တက်ကြွကြ၏။ အထူးသဖြင့်မူ ၁၉၉၀ ရွေးကောက်ပွဲကို ကြုံခဲ့ ပတ်သက်ခဲ့ဖူးသူများ။ ထိုကာလက မဲပေးနိုင်သည့် အရွယ်မရောက်သေးသည့် ငယ်ရွယ်သူများသည်ပင် ထိုရွေးကောက်ပွဲနှင့် ရွေးကောက်ပွဲ၏ နောက်ဆက်တွဲ အဖြစ်အပျက်များကို ကြုံရ ကြားရ၊ သိရမြင်ရသည်တို့က စိတ်ကို ထိခိုက်စေမည်သာ။

ယေဘုယျအားဖြင့်မူ ရွေးကောက်ပွဲဟူသည် နိုင်ငံရေးပါတီတို့၏ ပြိုင်ပွဲ၊ နိုင်ငံရေးခေါင်းဆောင်တို့၏ ပြိုင်ပွဲဟု မြင်ကြလေ့ရှိပါသည်။ နိုင်ငံရေးပါတီ၊ နိုင်ငံရေးခေါင်းဆောင်တို့၏ ပြိုင်ပွဲဖြစ်သောကြောင့် မတူညီသော ပါတီတို့ကို ထောက်ခံကြသူများ၊ ကွဲပြားသော ခေါင်းဆောင်တို့ကို ထောက်ခံကြသူများအကြားတွင်ပါ ကွဲကြတော့မည်ဟူသော အယူအဆတို့ ရှိနေသည်လည်း ရှိပါ၏။

အမှန်တော့ ရွေးကောက်ပွဲဟူသည် နိုင်ငံရေးအာဏာအတွက် ယှဉ်ပြိုင်ကြသည်ဆိုသော်လည်း မူလစိတ်စေတနာက နိုင်ငံသားတို့၏ အကျိုးအတွက် ဖြစ်၏။ အများသူငါ၏ ဘဝရှင်သန်မှု လုံခြုံရေး၊ စားဝတ်နေမှုဖူလုံရေး၊ စိတ်အေးချမ်းသာစွာ နေထိုင်သွားနိုင်စေရေး၊ နိုင်ငံသားတိုင်း တန်းတူညီမျှရှိရေး စသည့် ပြည်သူလူထုအပေါ်ထားသည့် မေတ္တာ၊ ကရုဏာ၊ စေတနာ စသည်တို့အပေါ်တွင် အခြေခံခြင်းဖြစ်ပါသည်။ မိမိကိုယ်ကျိုးကို ပဓာနမထားဘဲ အခြားသူတစ်ပါး၏ အကျိုးစီးပွားကို ဦးစားပေးသည့် ချစ်ခြင်းမေတ္တာကို အခြေခံခြင်းဖြစ်ပါသည်။

မြင့်မြတ်ကောင်းမွန်သည့် ဦးတည်ချက်ဖြင့် နိုင်ငံရေးအာဏာကို လူထုထံမှ တောင်းခံသည့် ပွဲဖြစ်ပါသည်။ ပြည်သူလူထုအကျိုးအတွက် အလုပ်လုပ်နိုင်ရန်အလို့ငှာ ပြည်သူလူထု၏ ထောက်ခံမှုကို တောင်းဆိုခြင်းဖြစ်သည့်အားလျော်စွာ ပြည်သူလူထု၏ အဆုံးအဖြတ်သာ အဓိကဖြစ်သည်ဟု နားလည်ကြရန်သာ။

ရွေးကောက်ပွဲတို့၏ စည်းကမ်းဥပဒေများအရ တစ်နိုင်ငံနှင့် တစ်နိုင်ငံ မတူကွဲပြားသည့် ရွေးကောက်ပွဲဆုံးဖြတ်မှုပုံစံများရှိသော်လည်း ပြည်သူလူထု၏ ထောက်ခံမှုကသာ အဆုံးအဖြတ်ဖြစ်သည်ဟူသည့် အခြေခံအချက်ကမူ မကွဲပြားလှ။

မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲသည် မဲအနည်းအများပေါ်တွင် မူတည်ဆုံးဖြတ်ခြင်းဖြစ်၏။ ထို့ကြောင့် လူထုထောက်ခံမှု အထိုက်အလျောက်ရှိသော်လည်း မဲရရှိမှုနည်းသူတို့ ရွေးချယ်မခံရသည့် အဖြစ်တို့သည်လည်း ရှိမည်သာ။ သို့ရာတွင် နိုင်ငံရေး၏ မူလရည်ရွယ်ချက်ကိုက စိတ်စေတနာကောင်းကို အခြေခံရသည်ဖြစ်လေရာ ရွေးချယ်ခံရမှ နိုင်ငံ့အကျိုး ပြည်သူလူထုအကျိုးကို ဆောင်ရွက်ခွင့်ရသည် မဟုတ်ပါ။ ရွေးချယ်ခံရလျှင် နိုင်ငံရေး အာဏာရရှိပြီး ပိုမိုထိရောက်သောတာဝန်များ ထမ်းဆောင်နိုင်ကောင်း ထမ်းဆောင်နိုင်မည်ဖြစ်သော်လည်း ရွေးချယ်မခံရလျှင်လည်း ပြည်သူလူထုအကျိုးကို ရသည့်နေရာကအတတ်နိုင်ဆုံး ဆောင်ရွက်သွားမည်ဟူသော စိတ်စေတနာက နိုင်ငံရေးသမားတို့၏ အရေးကြီးသည့် တာဝန်ဖြစ်သည်မဟုတ်ပါလား။

ထို့နည်းတူစွာပင်၊ ပြည်သူလူထုကလည်း မိမိယုံကြည်အားကိုးရာ နိုင်ငံရေးပါတီနှင့် နိုင်ငံရေးခေါင်းဆောင်တို့ကို မဲပေးရွေးချယ် ကြရမည်သာ။

အချုပ်ကိုဆိုရလျှင်မူ မိမိတို့ယုံကြည်သော နိုင်ငံရေးပါတီနှင့် နိုင်ငံရေးခေါင်းဆောင်တို့ကို မဲရုံများမှတစ်ဆင့် လူထုကရွေးချယ်၏။ ရွေးချယ်ခံရသော နိုင်ငံရေးပါတီနှင့် နိုင်ငံရေးခေါင်းဆောင်တို့က မိမိတို့ကို ရွေးချယ်တင်မြှောက်သော ပြည်သူလူထု၏ သဘောဆန္ဒနှင့် လျော်ညီသော နိုင်ငံတိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ပြည်သူတို့၏ဘဝများ တိုးတက်ကောင်းမွန်ရေး တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရန်ဖြစ်၏။ ဤသည်ပင် ဒီမိုကရေစီစနစ်၏ အနှစ်သာရတစ်ခုဖြစ်ပါသတည်း။

ထို့ကြောင့် ရက်အနည်းငယ်သာ လိုတော့သော နိုဝင်ဘာလ ၈ ရက်နေ့ အထွေထွေရွေးကောက်ပွဲတွင် ပြည်သူတို့ တစ်ခဲနက်သွားရောက်မဲပေးကြခြင်းဖြင့် တိုးတက်ဖွံ့ဖြိုးသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်ဆီသို့ လျှောက်လှမ်းကြပါစို့။ ။

## ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့်၊ ရာပြည့်သဘင်အထိမ်းအမှတ် တက္ကသိုလ်အငြိမ့်အဖွဲ့များ ဂုဏ်ပြုဖျော်ဖြေမည်




**ရန်ကုန် နိုဝင်ဘာ ၅**

ဒီဇင်ဘာ ၁ ရက်တွင် ကျရောက်မည့် ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀) ပြည့်၊ ရာပြည့်သဘင်အား ဂုဏ်ပြုသောအားဖြင့် တက္ကသိုလ်အငြိမ့်အဖွဲ့များ၏ ဖျော်ဖြေပွဲများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်တင်ဆက်နိုင်ရန် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များ အထူးဂရုပြုပြီး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ဖျော်ဖြေတင်ဆက်မှုများကို ရန်ကုန်တက္ကသိုလ် (ကံ့ကော်မြိုင်အငြိမ့်အဖွဲ့)က နိုဝင်ဘာ ၇ ရက်၊ ဒဂုံတက္ကသိုလ်အငြိမ့်အဖွဲ့က နိုဝင်ဘာ ၁၄ ရက်၊ မန္တလေးတက္ကသိုလ် အငြိမ့်အဖွဲ့က နိုဝင်ဘာ ၂၁ ရက်နှင့် မြိတ်တက္ကသိုလ်အငြိမ့်အဖွဲ့က နိုဝင်ဘာ ၂၈ ရက်တို့တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်သွားမည်ဖြစ်သည်။

ထိုသို့ထုတ်လွှင့်မှုကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV)နှင့် MRTV Facebook Page တို့မှ နိုဝင်ဘာ ၇ ရက်မှစတင်၍ နိုဝင်ဘာ ၂၈ ရက်အထိ အပတ်စဉ် စနေနေ့ ည ၈ နာရီသတင်းအပြီးတွင် ထုတ်လွှင့်မည်ဖြစ်သကဲ့သို့ ယင်းနောက် အပတ်စဉ် ဗုဒ္ဓဟူးနေ့ ည ၈ နာရီ သတင်းအပြီးတွင်လည်း ပြန်လည်ထုတ်လွှင့်သွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ပထမအကြိမ် အာဆီယံဆိုက်ဘာလုံခြုံရေး ပူးပေါင်းကော်မတီအစည်းအဝေးသို့ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်များ အွန်လိုင်းမှတစ်ဆင့် တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၅**

ပထမအကြိမ် အာဆီယံ ဆိုက်ဘာလုံခြုံရေး ပူးပေါင်းကော်မတီ အစည်းအဝေး(1st ASEAN Cybersecurity Coordinating Committee Meeting–1st ASEAN Cyber–CC Meeting)အား ယနေ့မွန်းလွဲပိုင်းက လာအိုနိုင်ငံ စာတိုက်နှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ခံ၍ အွန်လိုင်းဖြင့် ကျင်းပသည်။ **(အောက်ပုံ)**

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ကဏ္ဍအလိုက် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းအဖွဲ့များမှ ညွှန်ကြားရေးမှူးချုပ်အဆင့်ရှိ ကိုယ်စားလှယ်များနှင့်အဖွဲ့ဝင်များ၊ သတင်းအချက်အလက်နှင့် ဆိုက်ဘာလုံခြုံရေး ဦးစီးဌာနတို့မှ ကဏ္ဍအလိုက် တာဝန်ရှိသူများ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ–အာဆီယံပြန်ကြားရေး အဆင့်မြင့် အရာရှိကြီးများအဆင့် (SOMRI–Myanmar) ကိုယ်စား ပြန်ကြားရေးဝန်ကြီးဌာနမှ သက်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အာဆီယံ ဆိုက်ဘာလုံခြုံရေး ပူးပေါင်းကော်မတီ၏ မူဘောင်သဘောတူညီချက် (ASEAN Cybersecurity Coor–dinating Committee Terms of Reference–TOR) (မူကြမ်း) ကို သက်ဆိုင်ရာ Working Group အဖွဲ့ဝင်များက ဆွေးနွေးအတည်ပြုခြင်း၊ ဆိုက်ဘာလုံခြုံရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် စပ်လျဉ်းပြီး နိုင်ငံအလိုက် အကောင်အထည်ဖော်မှု အခြေအနေများအား အာဆီယံနိုင်ငံ အသီးသီးက ရှင်းလင်းတင်ပြခြင်း၊ အာဆီယံ ဆိုက်ဘာလုံခြုံရေး ပူးပေါင်းကော်မတီ၏ လုပ်ငန်းစီမံချက်အား ရှင်းလင်းတင်ပြခြင်း၊ Cyberspace နှင့် စပ်လျဉ်းပြီး နိုင်ငံအလိုက် သတ်မှတ်ကျင့်သုံးနေသည့် စံချိန်စံညွှန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရေးလုပ်ငန်းစီမံချက်အပေါ် တက်ရောက်လာကြသူများက အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

၂၀၁၈ ခုနှစ်က စင်ကာပူနိုင်ငံတွင် ကျင်းပခဲ့သည့် (၃၂)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေး၌ အာဆီယံအဖွဲ့ဝင် နိုင်ငံများ၏ ခေါင်းဆောင်များက ဆိုက်ဘာလုံခြုံရေး ပူးပေါင်းဆောင်ရွက်မှု ကြေညာချက် (ASEAN Leaders' Statement on Cybersecurity Cooperation) အား အတည်ပြုခဲ့ကြပြီး အဆိုပါ ကြေညာချက်နှင့်အညီ ၂၀၁၉ ခုနှစ် အောက်တိုဘာ ၂၁ ရက်တွင် စင်ကာပူနိုင်ငံ၌ ကျင်းပခဲ့သည့် (၄)ကြိမ်မြောက် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အာဆီယံဝန်ကြီးများ ညီလာခံတွင် ASEAN Cross–Sectoral Cyber–security Coordinating Committee ကို သက်ဆိုင်ရာကဏ္ဍများ ပေါင်းစပ်ပါဝင်၍ တည်ထောင်နိုင်ရေး သဘောတူညီခဲ့ကြောင်း၊ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပခဲ့သည့် (၁၉)ကြိမ်မြောက် အာဆီယံဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ ဝန်ကြီးများ အစည်းအဝေးက ASEAN Cyber–security Action Council (ASEAN Cyber–CC) ကို တည်ထောင်ရန် သဘောတူညီခဲ့ကြောင်း ဆက်လက်၍ အာဆီယံဆိုက်ဘာလုံခြုံရေး ပူးပေါင်းကော်မတီ၏ မူဘောင်သဘောတူညီချက် (ASEAN Cybersecurity Coordinating Committee Terms of Reference–TOR) (မူကြမ်း)ကို ASEAN Network Security Action Council မှ ဦးဆောင်ရေးဆွဲခဲ့ပြီး ယခုအစည်းအဝေးကို အဆိုပါ မူဘောင်သဘောတူညီချက် (မူကြမ်း)နှင့်အညီ အာဆီယံ ဆိုက်ဘာလုံခြုံရေး ပူးပေါင်းကော်မတီ၏ ပုံမှန်အစည်းအဝေးများအား နှစ်စဉ်ကျင်းပသွားရန်ရှိကြောင်း သိရသည်။

**နေပြည်တော်သတင်းဌာန**




## ဆွာချောင်းရေလှောင်တမံမှ နွေစပါးစိုက်ဧက ၉၀၀၀ ကျော် ရေပေးဝေသွားမည်

**ရေတာရှည် နိုဝင်ဘာ ၅**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သိုင်းဝကျေးရွာအုပ်စု ကျွန်းပင်ဆိပ်ကျေးရွာအနီးရှိ ဆွာချောင်းရေလှောင်တမံမှ ၂၀၂၀–၂၀၂၁ နွေစပါးရာသီတွင် ကျေးရွာအုပ်စု ၁၀ အုပ်စုရှိ စိုက်ပျိုးဧက ၉၀၀၀ ကျော်ကို ဒီဇင်ဘာ ၁၀ ရက်မှ စတင်၍ ရေပေးဝေရန် လျာထားကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး ၆ မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတိုးလင်းက ပြောသည်။

နိုဝင်ဘာ ၄ ရက်အထိ ရေအမှတ် ၃၀၆ ဒသမ ၆ ပေ၊ ရေသိုလှောင်ထားသည့် ပမာဏ ၇၂၆၇၄ ဧကပေရှိပြီး ဆွာတူးမြောင်းမကြီး လက်တံမြောင်းအမှတ် ၃၊ အမှတ် ၄၊ အမှတ် ၅၊ အမှတ် ၆၊ အမှတ် ၇ တို့မှတစ်ဆင့် သိုင်းဝ၊ ကွင်းကြီး၊ ဇလုပ်ကြီး၊ သပြေတန်း၊ ညောင်ပင်သာ၊ ပိတောက်ခင်၊ ပေါက်ချောင်း၊ ခင်တန်ကြီး ၊ ကြံသန္ဓယ်၊ မြောက်ရေကြည် ကျေးရွာအုပ်စုများအတွင်းရှိ ဧကပေါင်း ၉၀၀၀ ကျော် နွေစပါးစိုက်ပျိုးနိုင်ကြမည်ဖြစ်သည်။

ဆွာချောင်းရေလှောင်တမံအား ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေးဖွံ့ဖြိုးမှုအထောက်အကူပြုစီမံကိန်း(ADSP)ဖြင့် ၂၀၁၈ ခုနှစ်မှစတင်၍ ဆည်ရေသောက်စနစ်များ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သန်းလွင်**

# ပြည်သူသာလျှင် အဓိက

❒ *ရှေ့ဖုံးမှ*

နိုင်ငံဖြတ်ကျော် ဖြစ်ပွားသည့် မိသားစု မှုခင်းဆိုင်ရာ ကလေးသူငယ်အငြင်းပွားမှုများ ဖြေရှင်းရေး (Cross-Border Disputes involving Children)၊ အာဆီယံနှင့် အခြားနိုင်ငံများ တွေ့ဆုံဆွေးနွေးမှုပြုခြင်း (ASEAN + Meetings) စသည့် လုပ်ငန်းအဖွဲ့ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များက တင်သွင်းလာသည့် အစီရင်ခံစာများနှင့် CACJ နှင့် ဆက်စပ်လျက်ရှိသည့် ကိစ္စရပ်များဖြစ်သည့် နိုင်ငံတကာကောင်းမွန်သော တရားရုံး မူဘောင် (International Framework for Court Excellence)၊ တရားစီရင်ရေးကဏ္ဍများအပေါ် Covid-19 ကပ်ရောဂါ၏ အကျိုးသက်ရောက်မှုများနှင့် ဖြေရှင်းပုံများ (Covid-19 effects on Judiciaries and Solutions) စသည့်ကိစ္စရပ်များကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ပါဝင်ဆွေးနွေးခဲ့သည်။

ထို့နောက် အခြားသော အာဆီယံနိုင်ငံများမှ တရားသူကြီးချုပ်များနှင့်အတူ (၈) ကြိမ်မြောက် အာဆီယံ တရားသူကြီးချုပ်များကောင်စီ အစည်းအဝေး ကြေညာချက် (Declaration) ထုတ်ပြန်နိုင်ရေး အတည်ပြုခဲ့သည်။

အဆိုပါ (၈) ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များကောင်စီ အစည်းအဝေးကို မူလက ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟာလောင်းမြို့နှင့် ဟနွိုင်းမြို့တို့တွင် ကျင်းပရန် စီစဉ်ထားရှိခဲ့သော်လည်း ကိုဗစ် - ၁၉ ကမ္ဘာ့ကပ်ရောဂါအခြေအနေအရ Online ဖြင့် ကျင်းပခြင်းဖြစ်သည်။ (၈) ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များကောင်စီ အစည်းအဝေးသို့ အာဆီယံတရားသူကြီးချုပ်များကောင်စီ (CACJ) အဖွဲ့ဝင်များဖြစ်သည့် အာဆီယံနိုင်ငံများမှ တရားသူကြီးချုပ်များ၊ တရားရေး အကြီးအကဲများ၊ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များ တက်ရောက်ကြသည်။

ယင်းအစည်းအဝေးသို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ CACJ ၏ လုပ်ငန်းအဖွဲ့များအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ပါဝင်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအဖွဲ့ ကိုယ်စားလှယ်များကလည်း လေ့လာသူများအဖြစ် ပါဝင်တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပြုပြင်ပြောင်းလဲတိုးတက်ရေးဆောင်ရွက်ချက် ဓာတ်ပုံမှတ်တမ်း (၂၀၁၆-၂၀၂၀) စာအုပ်မိတ်ဆက်ပွဲ ကျင်းပ




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပြုပြင်ပြောင်းလဲတိုးတက်ရေးဆောင်ရွက်ချက် ဓာတ်ပုံမှတ်တမ်း (၂၀၁၆-၂၀၂၀) စာအုပ်မိတ်ဆက်ပွဲ အခမ်းအနား၌ အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် နိုဝင်ဘာ ၅**

နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပြုပြင်ပြောင်းလဲ တိုးတက်ရေး ဆောင်ရွက်ချက် ဓာတ်ပုံမှတ်တမ်း (၂၀၁၆-၂၀၂၀) စာအုပ်မိတ်ဆက်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး မဏ္ဍိုင်တို့မှ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**စာအုပ် ၁၇ အုပ် ဖြန့်ချိခဲ့**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က မိမိတို့ ပြန်ကြားရေးဝန်ကြီးဌာန အနေဖြင့် ဩဂုတ်လအတွင်းက စာအုပ်မိတ်ဆက်ပွဲတစ်ခု ပြုလုပ်ခဲ့ပါကြောင်း၊ ထိုစာအုပ်မိတ်ဆက်ပွဲတွင် အစိုးရ စတင်တာဝန်ယူသည့် ရက် ၁၀၀ အတွင်းဆောင်ရွက်မှုများ၊ အစိုးရ၏ ပထမတစ်နှစ်တာ၊ ဒုတိယ တစ်နှစ်တာ၊ တတိယတစ်နှစ်တာ၊ နိုင်ငံတော်အစိုးရ၏ လေးနှစ်တာကာလ ပြည်သူ့အတွက် ပြုပြင်ပြောင်းလဲတိုးတက်ရေး ဆောင်ရွက်ချက်များ၊ နိုင်ငံတော် အကြီးအကဲများ၏ မိန့်ခွန်းများ၊ ခရီးစဉ်မှတ်တမ်းများ စသည်ဖြင့် ၂၀၁၆ ခုနှစ်မှ စတင်၍ နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်မှတ်တမ်းများကို ပြုစုထားသည့် စုစုပေါင်း စာအုပ် ၁၇ အုပ်ကို မိတ်ဆက်ဖြန့်ချိခဲ့ခြင်းဖြစ်ပါကြောင်း၊ ယနေ့ မိတ်ဆက်သည့် ဓာတ်ပုံမှတ်တမ်းစာအုပ်မှာ နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပြုပြင်ပြောင်းလဲ တိုးတက်ရေး ဆောင်ရွက်ချက် ဓာတ်ပုံမှတ်တမ်း (၂၀၁၆-၂၀၂၀) ဖြစ်ပြီး ဓာတ်ပုံများဖြင့် အသားပေးဖော်ပြထားသည့်စာအုပ်ဖြစ်ပါကြောင်း၊ ပုံတစ်ပုံသည် စကားလုံးတစ်ထောင်နှင့် ညီမျှသည်ဆိုသည့် စကားအတိုင်းပင် စာများကို အများကြီးဖော်ပြမထားဘဲ ပုံစာတိုတိုဖြင့်သာ ဖော်ပြထားပါကြောင်း။

ယခင်အကြိမ် မိတ်ဆက်ဖြန့်ချိခဲ့သည့် မှတ်တမ်းစာအုပ် ၁၇ အုပ်မှာ မိမိတို့ဝန်ကြီးဌာနရှိ ဌာနပေါင်းစုံက စုပေါင်းပြုစုခဲ့ခြင်းဖြစ်ပြီး ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနက စုစည်း၍ စာအုပ်ထုတ်ဝေခဲ့ခြင်း ဖြစ်ပါကြောင်း၊ ယခုဓာတ်ပုံမှတ်တမ်း စာအုပ်မှာမူ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ၎င်းတို့၏ စိတ်ကူး စိတ်သန်းဖြင့် တင်ပြဆောင်ရွက်၍ တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး သက်ဆိုင်ရာ ကဏ္ဍအသီးသီးကလည်း ဝိုင်းဝန်းကူညီခဲ့ကြပါကြောင်း၊ ဓာတ်ပုံမှတ်တမ်းစာအုပ်တွင် ဝန်ကြီးဌာနအလိုက် ဆောင်ရွက်ခဲ့မှုများကို ကဏ္ဍအလိုက် ခွဲခြားတင်ပြသည့် ပုံစံဖြင့် ကဏ္ဍ ၁၀ ခုဖြင့် ဖော်ပြထားပါကြောင်း၊ ၎င်းတို့မှာ နိုင်ငံရေးကဏ္ဍ၊ နိုင်ငံခြားရေးနှင့်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ၊ စီးပွားရေးဆိုင်ရာကဏ္ဍ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ကဏ္ဍ၊ လူမှုရေး ကဏ္ဍ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ အသိပညာမြင့်မားရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ကဏ္ဍဆိုသည့်ကဏ္ဍများ ဖြစ်ပါကြောင်း၊ ယခုမှတ်တမ်းစာအုပ်တွင် စာမျက်နှာ စုစုပေါင်း ၄၀၀ ပါဝင်ပြီး ဓာတ်ပုံပေါင်း ၉၉၅ ပုံ ပါဝင်ပါကြောင်း။

**မှတ်တမ်းဓာတ်ပုံများ ပါဝင်**

ယခုစာအုပ်မျိုး နောက်တစ်အုပ် ထုတ်ဝေရန် စတင်ပြင်ဆင်နေပြီး ထိုစာအုပ်တွင် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ ဆောင်ရွက်ချက်မှတ်တမ်းဓာတ်ပုံများ ပါဝင်မည် ဖြစ်ပါကြောင်း ၊ ယင်းစာအုပ်ကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီအကုန်၊ မတ်လအစောပိုင်းတွင် ဖြန့်ချိနိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက် ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ဓာတ်ပုံမှတ်တမ်း စာအုပ်များကို ဥပဒေပြုရေးမဏ္ဍိုင် ကိုယ်စား ပြည်သူ့လွှတ်တော်ရုံး အမြဲတမ်းအတွင်းဝန် ဦးတင်ဝင်းအောင် ထံသို့ လည်းကောင်း၊ အုပ်ချုပ်ရေးမဏ္ဍိုင်ကိုယ်စား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်း အတွင်းဝန် ဦးထွန်းအုံထံသို့ လည်းကောင်း၊ တရားစီရင်ရေး မဏ္ဍိုင် ကိုယ်စား ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးညီညွှန့်ထံသို့ လည်းကောင်း ပေးအပ်သည်။

**ပေးအပ်**

ယင်းနောက် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ဓာတ်ပုံမှတ်တမ်း စာအုပ်များကို တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့ကိုယ်စား တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့ လုပ်ငန်းကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး အောင်ကိုသွင် ထံသို့ လည်းကောင်း၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်စောနန်းနွယ်ထံသို့ လည်းကောင်း၊ အမျိုးသားစာကြည့်တိုက်မှ ညွှန်ကြားရေးမှူး ဒေါ်မြဦး ထံသို့လည်းကောင်း ပေးအပ်သည်။

ယင်းနောက် တက်ရောက်လာသည့် ဝန်ကြီးဌာနများ ကိုယ်စား စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းထွန်းနိုင်က နိုင်ငံတော်အစိုးရသည် ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေး၊ တိုးတက်မှု၏ အသီးအပွင့်၊ အခွင့်အလမ်းများကို နယ်ပယ်အသီးသီး အညီအမျှ ရရှိခံစားနိုင်ရေးကို ရည်မှန်းချက်များ ချမှတ်ကာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် တာဝန်ယူဆောင်ရွက်သည့် ကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး နယ်ပယ်အသီးသီးတွင် တိုးတက်မှု ရရှိစေရန်အတွက် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့ပါကြောင်း။

ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်း ဆောင်ရွက်မှုများသည် သိသာထင်ရှားသည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများနှင့် စိန်ခေါ်မှုများ၊ ရုန်းကန်နေရဆဲ လုပ်ငန်းစဉ်များကို တွေ့မြင်ကြရမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ ငါးနှစ်တာ ကာလအတွင်း ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ပြန်ကြားရေးဝန်ကြီးဌာနက နှစ်စဉ် စုစည်း၍ မှတ်တမ်းစာအုပ်ထုတ်ဝေနိုင်ခဲ့ပါကြောင်း။

**မုဒိတာစကား ပြောကြား**

ယနေ့ မိတ်ဆက်ဖြန့်ချိသည့် ဓာတ်ပုံမှတ်တမ်းစာအုပ်တွင် ကဏ္ဍအလိုက် ဆောင်ရွက်မှု ဓာတ်ပုံများအား စုစည်းဖော်ပြထားသည်ကို တွေ့မြင်ရပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်ချက်များ မှတ်တမ်းစာအုပ်များနှင့်အတူ ယခုလိုဓာတ်ပုံမှတ်တမ်းစာအုပ်ကို ပြုစုထုတ်ဝေနိုင်ခဲ့သည့်အတွက် ဝမ်းမြောက်ကြည်နူးမိပါကြောင်း၊ ပုံလေးတစ်ပုံသည် စကားလုံးပေါင်း ထောင်နှင့်ချီ ဖော်ပြသည့် အဓိပ္ပာယ် သက်ရောက်သလို ယခုမိတ်ဆက်သည့် စာအုပ်တွင် ဓာတ်ပုံပေါင်းများစွာ ပါဝင်သဖြင့် ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကို စကားလုံးပေါင်းသိန်းသန်းချီ၍ ဖော်ပြရာ ရောက်ပါကြောင်း မုဒိတာစကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပြုပြင်ပြောင်းလဲ တိုးတက်ရေး ဆောင်ရွက်ချက်ဓာတ်ပုံမှတ်တမ်းစာအုပ် Viedo Clip ကို ပြသခဲ့ပြီး စာအုပ်မိတ်ဆက်ပွဲကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် နိုဝင်ဘာ ၅**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။ **မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် The 3rd China International Import Expo (CIIE)–2020 နှင့် Hongqiao International Economic Forum အွန်လိုင်းဖွင့်ပွဲသို့ တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၅**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့၌ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၅ ရက်မှ ၁၀ ရက်အထိ ကျင်းပနေသည့် "တတိယအကြိမ် နိုင်ငံတကာသွင်းကုန်ကုန်စည်ပြပွဲ – The 3rd China International Import Expo (CIIE)–2020" နှင့် Hongqiao International Economic Forum ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၆ နာရီခွဲက hybrid ပုံစံဖြင့်ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် အွန်လိုင်းမှပါဝင်တက်ရောက်သည်။ **(ယာပုံ)**

**ပူးပေါင်းဆောင်ရွက်**

အခမ်းအနား၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ရှီကျင့်ဖျင်က အဖွင့်အမှာစကား ပြောကြားရာတွင် CIIE – 2020 ကုန်စည်ပြပွဲကို ကိုဗစ်–၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် စီးပွားရေး ထိခိုက်မှုများကို ပြန်လည်ကောင်းမွန် တိုးတက်လာစေရေး အထောက်အကူဖြစ်စေရန်၊ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရန်နှင့် ယဉ်ကျေးမှု ဖလှယ်ရန်တို့အတွက် ရည်ရွယ်ကျင်းပခြင်း ဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် နယ်စပ်ဖြတ်ကျော် အီလက်ထရွန်နစ် ကူးသန်းရောင်းဝယ်ရေးစနစ် တိုးတက်လာစေရေး လွတ်လပ်သောနည်းပညာစီးဆင်းမှု (Free Flow of Technology) ကို အားပေး မြှင့်တင်လျက် ရှိပါကြောင်း၊ ယခုပြပွဲတွင် နည်းပညာဆိုင်ရာ ထုတ်ကုန်အသစ်များ၊ တီထွင်ဆန်းသစ်မှု အသစ်များကို ထုတ်ဖော်ပြသနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် တရုတ်နိုင်ငံသည် ဒေသတွင်းအဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများတွင် တက်ကြွစွာ ပါဝင်ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွင်လည်း တက်ကြွစွာ လိုက်ပါပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် ပါကစ္စတန်နိုင်ငံသမ္မတ Mr. ArifAlvi၊ တောင်အာဖရိကနိုင်ငံသမ္မတ Mr. Matamela Cyril Ramaphosa ၊ ချီလီနိုင်ငံသမ္မတ Mr. Sebastián Piñera ၊ ဥဇဘက်ကစ္စတန်နိုင်ငံသမ္မတ Mr. Shavkat Mirziyoyev၊ ဆာဘီးယားနိုင်ငံသမ္မတ Mr. Aleksandar Vučić ၊ စပိန်နိုင်ငံသမ္မတ Mr. Pedro Sánchez Pérez–Castejón ၊ နယူးဂီနီနိုင်ငံဝန်ကြီးချုပ် Mr. James Marape၊ ဟန်ဂေရီနိုင်ငံဝန်ကြီးချုပ် Mr. Viktor Orban ၊ UNCTAD အထွေထွေအတွင်းရေးမှူးချုပ် Mr. MukhisaKituyi ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ညွှန်ကြားရေးမှူးချုပ် Mr. TedrosAdhanom Ghebreyesus ၊ ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့ (WIPO) ညွှန်ကြားရေးမှူးချုပ် Mr. Daren Tang ၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Yi Xiaozhun တို့က Video Keynote Speech များ ပြောကြားခဲ့ကြသည်။

The 3rd China International Import Expo (CIIE) – 2020 ကုန်စည်ပြပွဲကို တရုတ်နိုင်ငံ၏ ကြီးမားကျယ်ပြန့်သည့် ဈေးကွက်အတွင်းသို့ နိုင်ငံတကာမှ ကုန်စည်များ ဈေးကွက်ရရှိနိုင်ရေးအတွက် နိုင်ငံတကာကုန်စည်များ ဈေးကွက်ဝင်ရောက်ခွင့်အား ဖွင့်လှစ်ပေးသည့်အနေဖြင့် ၂၀၁၈ ခုနှစ်မှ စတင်၍ နှစ်စဉ်ကျင်းပခဲ့ခြင်းဖြစ်ပြီး ယခုနှစ်သည် တတိယအကြိမ်မြောက် ကျင်းပသည့် ကုန်စည်ပြပွဲဖြစ်သည်။ အဆိုပါကုန်စည်ပြပွဲ၌ နိုင်ငံပေါင်း ၄၅ နိုင်ငံမှ Online နှင့် Offline နှစ်မျိုးစလုံးဖြင့် ပါဝင်ပြသမည်ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် အသင့်စားကော်ပြန့်ကြော်၊ လက်ဖက်ခြောက်၊ သီဟိုဠ်စေ့၊ စားသောက်ကုန်များ ပါဝင်ပြသမည်ဖြစ်သည်။



Hongqiao International Economic Forum၏ အဓိကခေါင်းစဉ်မှာ "Win–Win'' ပူးပေါင်းဆောင်ရွက်မှုအတွက် ဖွင့်လှစ်ခြင်းနှင့်ဆန်းသစ်တီထွင်ခြင်းဖြစ်ပြီး ကမ္ဘာ့စီးပွားရေးဆိုင်ရာအုပ်ချုပ်မှု စနစ်တိုးတက်စေရန်၊ ပြုပြင်ပြောင်းလဲရန်နှင့် ကျန်းမာသော ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် "Hongqiao Wisdom" ကို အဆိုပြုရန် ကမ္ဘာလုံးဆိုင်ရာနိုင်ငံရေး၊ စီးပွားရေးနှင့် ပညာရေးအသိုင်းအဝိုင်းများအတွက် အဆင့်မြင့်တွေ့ဆုံဆွေးနွေးခြင်းဖြစ်သည်။

အဆိုပါကုန်စည်ပြပွဲဖွင့်ပွဲအခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကျောင်းတွင်းဆိုက်ဘာခြိမ်းခြောက်မှုများ၊ အကြမ်းဖက်မှုများနှင့် အနိုင်ကျင့်မှုများ ဆန့်ကျင်တိုက်ဖျက်ရေး အပြည်ပြည်ဆိုင်ရာနေ့ အခမ်းအနားကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၅**

ကျောင်းတွင်း ဆိုက်ဘာခြိမ်းခြောက်မှုများ၊ အကြမ်းဖက်မှုများနှင့် အနိုင်ကျင့်မှုများ ဆန့်ကျင်တိုက်ဖျက်ရေး အပြည်ပြည်ဆိုင်ရာနေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**




ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ၂၀၁၉ ခုနှစ် အောက်တိုဘာလတွင် ကျင်းပခဲ့သည့် ယူနက်စကို အလုပ်အမှုဆောင်အဖွဲ့၏ (၂၀၇) ကြိမ်မြောက် အစည်းအဝေးတွင် ပြင်သစ်၊ မက္ကဆီကို၊ မော်ရိုကိုနိုင်ငံများ၏ အဆိုပြုချက်များကို နိုဝင်ဘာလတွင် ကျင်းပသည့် အကြိမ် (၄၀)မြောက် ယူနက်စကို အထွေထွေညီလာခံတွင် အတည်ပြုခဲ့ပြီး "ကျောင်းတွင်းဆိုက်ဘာခြိမ်းခြောက်မှုများ၊ အကြမ်းဖက်မှုများနှင့် အနိုင်ကျင့်မှုများ ဆန့်ကျင်တိုက်ဖျက်ရေး အပြည်ပြည်ဆိုင်ရာနေ့" အဖြစ် ယူနက်စကို အဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၃ နိုင်ငံက သဘောတူခဲ့ပါကြောင်း။

ကျောင်းများတွင် အနိုင်ကျင့်မှုများ ဖြစ်ပွားသော ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် အကြမ်းဖက်မှုများသည် ကလေးသူငယ်များနှင့် ဆယ်ကျော်သက်အရွယ် ကလေးများ၏ ပညာသင်ယူခွင့်၊ ကျန်းမာပျော်ရွှင်ခွင့်ကို ထိပါးနှောင့်ယှက်ခြင်းဖြစ်သည်ကို ယူနက်စကို အဖွဲ့ဝင်နိုင်ငံများက နားလည်သဘောပေါက်ကြ ပါကြောင်း၊ ထို့ကြောင့် နှစ်စဉ် နိုဝင်ဘာလ ပထမ သီတင်းပတ်၏ ကြာသပတေးနေ့ကို ကျောင်းတွင်း ဆိုက်ဘာခြိမ်းခြောက်မှုများ၊ အကြမ်းဖက်မှုများနှင့် အနိုင်ကျင့်မှုများ ဆန့်ကျင်တိုက်ဖျက်ရေး အပြည်ပြည်ဆိုင်ရာနေ့အဖြစ် ကြေညာသတ်မှတ်ခဲ့ခြင်း ဖြစ်ပါကြောင်း။

ယူနက်စကို အဖွဲ့ဝင်နိုင်ငံများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အခြားဆက်စပ်သော နိုင်ငံတကာနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများသာမက အရပ်ဘက်အဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူတစ်ဦးချင်းနှင့် အခြားပါဝင်ပတ်သက်သူများအနေဖြင့် အဆိုပါနေ့ကို ပူးပေါင်းပါဝင်ဆင်နွှဲပြီး တိုးမြှင့်လုပ်ဆောင်နိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးနိုင်ပါရန် တိုက်တွန်းနှိုးဆော်ပါကြောင်း။

လွန်ခဲ့သည့် ပျမ်းမျှတစ်လတွင် ကျောင်းများ၌ ကျောင်းသားသုံးဦးလျှင် တစ်ဦးခန့်သည် ၎င်းတို့၏ သက်တူရွယ်တူများ၏ အနိုင်ကျင့်ခံရမှုများကို အနည်းဆုံး တစ်ကြိမ် ကြုံတွေ့ရပြီး ရုပ်ပိုင်းဆိုင်ရာ အနိုင်ကျင့်ခံရမှုများလည်း အလားတူ ကြုံတွေ့ခဲ့ရပါကြောင်း၊ ကျောင်းတွင်းအကြမ်းဖက်မှုနှင့် အနိုင်ကျင့်ခံရမှုများသည် များသောအားဖြင့် သက်တူ ရွယ်တူများက ကျူးလွန်မှုများဖြစ်ပြီး အချို့မှာ ဆရာ၊ ဆရာမများနှင့် အခြား ကျောင်းဝန်ထမ်းများက အနိုင်ကျင့်နှိပ်စက်မှုများ ဖြစ်ပါကြောင်း၊ ရုပ်ပိုင်းဆိုင်ရာ အပြစ်ပေးမှုများသည်လည်း နိုင်ငံပေါင်း ၆၇ နိုင်ငံတွင် ယခုအချိန်အထိ ရှိနေဆဲ ဖြစ်ပါကြောင်း။ ကျောင်းသား ၁၀ ဦးလျှင် တစ်ဦးသည် ဆိုက်ဘာအနိုင်ကျင့်ခံနေရ၍ နောင်တွင် ဆိုက်ဘာအနိုင်ကျင့်ခံရမှု ဖြစ်နိုင်ခြေ ပိုမိုများနေပါကြောင်း၊ ယူနက်စကိုက ယခုနှစ် အပြည်ပြည်ဆိုင်ရာနေ့ အခမ်းအနားဆောင်ပုဒ်ကို "ကျောင်းတွင်း အနိုင်ကျင့်မှု ကင်းဝေးဖို့ အတူလက်တွဲ ဆန့်ကျင်စို့" "Together Against Bullying in School" ဟု သတ်မှတ်ကျင်းပခြင်းဖြစ်ပါကြောင်း။

အကြမ်းဖက်မှုများသည် ယေဘုယျအားဖြင့် သင်ယူတတ်မြောက်မှု၊ စိတ်ကျန်းမာရေးနှင့် အရည်အသွေးမြှင့်တင်ရေးတို့အပေါ် သိသာထင်ရှားသည့် ဆိုးရွားသော သက်ရောက်မှုများ ဖြစ်စေပါကြောင်း၊ ကျောင်းများတွင် မကြာခဏ အနိုင်ကျင့်ခံရသော ကလေးများသည် ကျောင်းနှင့် မသက်ဆိုင်သူတစ်ဦးကဲ့သို့ သုံးဆနီးပါး ခံစားရပြီး မကြာခဏ အနိုင်ကျင့်မခံရသော ကလေးများထက် ကျောင်းတက်လိုစိတ် နှစ်ဆမကနည်းပါးပါကြောင်း၊ အဆိုပါ ကလေးများ ၎င်းတို့၏ အတန်းဖော်များထက် ပညာရေးဆိုင်ရာရလဒ်များ မကောင်းသည့်အတွက် အထက်တန်းပညာ ပြီးဆုံးပြီးသည့်နောက်တွင် ကျောင်းထွက်လိုစိတ် ပိုမိုဖြစ်ပေါ်ပါကြောင်း၊ ထို့ကြောင့် ကျောင်းတွင်း ဆိုက်ဘာခြိမ်းခြောက်မှုများ၊ အကြမ်းဖက်မှုများနှင့် အနိုင်ကျင့်နှိပ်စက်မှုများကို ကာကွယ်တားဆီးရန်နှင့် လျော့နည်းပပျောက်စေရန်အတွက် အရှိန်အဟုန်ဖြင့် တိုးတက်ကောင်းမွန်စေမည့် အကောင်အထည်ဖော်မှုများနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်မှုများ အားကောင်းလာစေရန်အတွက် တိုက်တွန်းနှိုးဆော်ပါကြောင်း။

ကျောင်းများတွင် အကြမ်းဖက်မှုများနှင့် အနိုင်ကျင့်မှုများ ပပျောက်စေရန် ဖြေရှင်းဆောင်ရွက်ခြင်းသည် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးမှုပန်းတိုင်များ (SDGs) အထူးသဖြင့် SDG ပန်းတိုင်(၄)ဖြစ်သော "လူတိုင်းအကျုံးဝင်၍ တူညီမျှတပြီး အရည်အသွေးရှိသည့် ပညာရေးဖြစ်ရေးနှင့် တစ်သက်တာ သင်ယူနိုင်မှု အခွင့်အလမ်းရရှိရေး" နှင့် ရေရှည်တည်တံ့ခိုင်မြဲသောဖွံ့ဖြိုးမှု ပန်းတိုင် – ၁၆ ဖြစ်သော "ငြိမ်းချမ်းသာယာပြီး လူတိုင်းအကျုံးဝင်သော လူ့အဖွဲ့အစည်းများ တိုးမြှင့်လုပ်ဆောင်ရန်" တို့အတွက် မရှိမဖြစ် အရေးပါပါကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့် ယူနက်စကိုတို့ကလည်း ကျောင်းများတွင် အကြမ်းဖက်မှုကို ကာကွယ်တားဆီးရန် ဘက်စုံလွှမ်းခြုံသော အကောင်အထည်ဖော်သည့် နည်းလမ်းများကို လိုက်နာဆောင်ရွက်ရန် အရေးကြီးပါကြောင်း ပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ကလေးသူငယ်များအပေါ် အကြမ်းဖက်မှု၊ Cyber bullying အပါအဝင် ကျောင်းတွင်းအနိုင်ကျင့်မှုတို့သည် ကလေးသူငယ်များ၏ လွတ်လပ်လုံခြုံစွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးမားသည့်အဟန့်အတားတစ်ရပ် ဖြစ်ပါကြောင်း၊ အကြမ်းဖက်အနိုင်ကျင့်ခံရသည့် ကလေးသူငယ်များသည် ဘေးကင်းလုံခြုံစွာ ပညာသင်ကြားခွင့်ရရှိရေးအပေါ် အခက်အခဲများကြုံတွေ့ကြရပြီး ငယ်ဘဝက ရရှိခဲ့သည့် စိတ်ဒဏ်ရာများသည် ဘဝတစ်လျှောက်လုံး တည်ရှိနေတတ်ပါကြောင်း၊ အရွယ်ရောက်လာသည့် အခါတွင်လည်း မိမိကိုယ်မိမိ ယုံကြည်မှုကျဆင်းပြီး စိတ်ပိုင်း၊ ရုပ်ပိုင်း ထိခိုက်ခံစားရခြင်း စသည့်ကျယ်ပြန့်သည့် အကျိုးဆက်များ ဖြစ်ပေါ်နိုင်ပါကြောင်း၊ ထို့ကြောင့် ကြီးမားသည့် ပြဿနာကို တစ်ကမ္ဘာလုံးက ပိုမိုသတိထားမိစေရန် ယခုလို အပြည်ပြည်ဆိုင်ရာနေ့ကို ၂၀၁၉ ခုနှစ်က စတင်ကျင်းပခဲ့ပြီး ယခုနှစ်သည် ဒုတိယမြောက်နှစ် ဖြစ်ပါကြောင်း။

ကျောင်းတွင်းအကြမ်းဖက်မှုနှင့် အနိုင်ကျင့်မှုသည် သိမ်မွေ့နက်နဲသည့် ပြဿနာဖြစ်ခြင်းကြောင့် ကလေးသူငယ်များ၏ အကောင်းဆုံး အကျိုးစီးပွားအတွက် ဌာနပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှု၊ ကျောင်းသား၊ ဆရာ၊ မိဘအပါအဝင် လူထုတစ်ရပ်လုံးက ပူးပေါင်းပါဝင်မှုသည် အင်မတန်အရေးကြီးပါကြောင်း။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်းရှိ ကလေးသူငယ်အားလုံး၏ အသက်ရှင်သန်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ကာကွယ်စောင့်ရှောက်မှုရရှိရေးနှင့် လူမှုအဖွဲ့အစည်းတွင် ပါဝင်ဆောင်ရွက်ခွင့်ရရှိစေရေးတို့အတွက် ကလေးသူငယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့ကို ဟန်ချက်ညီအောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကလေးသူငယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကို ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းနိုင်ခဲ့သလို ကလေးသူငယ်များအတွက် အကောင်းဆုံး အကျိုးစီးပွားကို အခြေခံပြီး အခွင့်အရေးများ ဖော်ဆောင်နိုင်ရန်အတွက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကို ၂၀၁၉ ခုနှစ် ဇူလိုင်လက အသစ်ပြန်လည်ရေးဆွဲပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါကြောင်း။ *စာမျက်နှာ ၅ သို့*

# ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသမှုဆိုင်ရာ အကြောင်းအရာများနှင့် သုတေသနများမှ နောက်ဆုံးတွေ့ရှိချက်များကို တိုင်းဒေသကြီး/ပြည်နယ်များရှိ ဆရာဝန်များအား အသိပေးဖြန့်ဝေခြင်း မွမ်းမံသင်တန်းကျင်းပ

နေပြည်တော် နိုဝင်ဘာ ၅

**ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသမှုဆိုင်ရာအကြောင်းအရာများ နှင့် သုတေသနများမှ နောက်ဆုံးတွေ့ရှိချက်များကို တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆရာဝန်များအား အသိပေးဖြန့်ဝေခြင်း မွမ်းမံသင်တန်းကို ယနေ့နံနက်ပိုင်းတွင် Video Conference စနစ်ဖြင့် ကျင်းပသည်။** (ယာပုံ)



သင်တန်းတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် စတင်ဖြစ်ပွားချိန်မှ ယနေ့အထိ ရောဂါကူးစက်ပျံ့နှံ့မှုပုံသဏ္ဌာန်နှင့် ရောဂါပိုး၏ မျိုးဗီဇသည် ပြောင်းလဲလျက်ရှိပြီး တွေ့ရှိချက်အသစ်များ၊ ရောဂါကာကွယ်ထိန်းချုပ် နည်းဗျူဟာများနှင့် ကုသမှုကုထုံးပုံစံများသည်လည်း ပြောင်းလဲလျက်ရှိပါကြောင်း၊ ယနေ့ မွမ်းမံသင်တန်းတွင် တက်ရောက်နေသည့် ဆရာဝန်ပေါင်း ၈၀၀ ခန့်အား ကိုဗစ်-၁၉ ဆိုင်ရာ ခိုင်လုံသည့် နောက်ဆုံး လေ့လာတွေ့ရှိချက်များနှင့် ကုထုံးပုံစံများ၊ နိုင်ငံတကာနှင့် မြန်မာနိုင်ငံတို့တွင် ရောဂါကူးစက်ဖြစ်ပွားမှုအခြေအနေများ၊ လက်ရှိမြန်မာနိုင်ငံတွင် ဆောင်ရွက်နေသည့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသမှုလုပ်ငန်းများ၊ နည်းဗျူဟာများနှင့် လုပ်ငန်းလမ်းညွှန်များကို ပါမောက္ခကြီးများနှင့် ပညာရှင်ကြီးများက ဟောပြောပို့ချသွားရန် ဝန်ကြီးဌာနမှ စီစဉ်ဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ သည် တစ်နိုင်ငံလုံးတွင် ကူးစက်မှုရှိနေပြီး ဖြစ်ပွားမှုအနည်းအများသာ ကွာခြားပါကြောင်း၊ ဤရောဂါသည် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာတွင်ပါ ဆက်လက်ရှိနေမည့် ရောဂါဖြစ်သဖြင့် ဆရာဝန်တိုင်းသည် ဤရောဂါကူးစက်မှုနှင့် ကပ်ရောဂါ သဘောသဘာဝ၊ အသွားအလာကန့်သတ်ခြင်းနှင့် သီးခြားထားရှိခြင်း၊ ရောဂါရှာဖွေဓာတ်ခွဲစမ်းသပ်ခြင်း၊ ကုသမှုကုထုံးများ၊ ရောဂါကူးစက်မှု ကာကွယ်ရေးနည်းလမ်းများ စသည်တို့ကို ပိုမိုသိရှိနားလည် တတ်ကျွမ်းစေရန်အတွက် မိမိတို့ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း။

**ပုံမှန်ပြုလုပ်သွားမည်**

ဤသို့ပုံစံဖြင့် ကျယ်ပြန့်စွာ ဆောင်ရွက်ခြင်းမှာ ပထမအကြိမ်ဖြစ်ပြီး နောင်တွင်လည်း ယခုကဲ့သို့သော အင်တာနက်ကွန်ရက်အသုံးပြု Video Conferencing စနစ်ဖြင့် ဟောပြောပို့ချမှုနှင့် မွမ်းမံသင်တန်း အစီအစဉ်များကို ဆရာဝန်များ၊ သူနာပြုများ၊ ဆေးနှင့် ဆေးနီးနွယ် ပညာရှင်များနှင့် အခြေခံကျန်းမာရေး ပညာရှင်များအတွက် တက္ကသိုလ်များအလိုက်၊ ပညာရပ်အလိုက်၊ ကဏ္ဍအလိုက် ပုံမှန်ပြုလုပ်သွားမည် ဖြစ်ပါကြောင်း၊ ထိုသို့ ဟောပြောပို့ချမှုနှင့် မွမ်းမံသင်တန်းများ ပြုလုပ်မည့် အစီအစဉ်ကို ကြိုတင်ရေးဆွဲကာ ဘာသာရပ်အမျိုးအစားနှင့် ဟောပြောပေးမည့် ပါမောက္ခများ၊ ဆရာဝန်ကြီးများနှင့် အချိန်ဇယားများကိုလည်း ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာတွင် ကြိုတင်အသိပေးထားမည် ဖြစ်ပါကြောင်း၊ ဤသို့ မွမ်းမံသင်တန်း ပြုလုပ်ရာ၌ အဓိကအားဖြင့် ပြည်သူ့ကျန်းမာရေးကဏ္ဍနှင့် ကုသရေးကဏ္ဍ ခေါင်းစဉ်ကြီး နှစ်ခုအောက်မှ သင်တန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဆက်လက်ဆောင်ရွက်တော့မည် ဖြစ်ပါကြောင်း၊ သင်တန်းများ၌ ပို့ချသည့် ဟောပြောပို့ချသည့် အကြောင်းအရာများကိုလည်း ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ၌ လွှင့်တင်ထားခြင်းဖြင့် တစ်နိုင်ငံလုံးမှ ဆရာဝန်များအနေဖြင့် အချိန်မရွေး မှီငြမ်းပြုနိုင်မည်ဖြစ်ပါကြောင်း၊ ဤသို့ ဆောင်ရွက်ခြင်းဖြင့် ကျန်းမာရေး စောင့်ရှောက်မှု ပေးသူများသည် ကုသမှုကုထုံးများနှင့် ပြည်သူ့ကျန်းမာရေးနိယာမများကို ပိုမိုသိရှိကာ ယခုဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသမှုလုပ်ငန်းများအပြင် အခြားရောဂါများ ကုသမှုသည်လည်း ပိုမိုကောင်းမွန် အရည်အသွေးပြည့်လာမည် ဖြစ်ပါကြောင်း၊ သို့မှသာ လူတိုင်းလက်လှမ်းမီ လွှမ်းခြုံ ကျန်းမာရေးစောင့်ရှောက်မှုကို မိမိတို့နိုင်ငံ ပြည်သူများအနေဖြင့် ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ယနေ့မွမ်းမံသင်တန်းသို့ မြန်မာနိုင်ငံတစ်ဝန်းမှ မြို့နယ်ဆရာဝန်များ၊ အထူးကု လက်ထောက်ဆရာဝန်များ၊ အထူးကု ဆရာဝန်ကြီးများ၊ ဆေးရုံအုပ်ကြီးများ စိတ်ပါဝင်စားစွာ တက်ရောက်ကြသည်ကို တွေ့ရှိရသည့်အတွက် ကျန်းမာရေးစနစ် ကောင်းမွန်မှုအတွက် ထူးခြားသည့် လက္ခဏာတစ်ခုဖြစ်ပါကြောင်း။

**ရိုက်ကူးလွှင့်တင်သွားမည်**

ဝန်ကြီးဌာနအနေဖြင့်လည်း ဆေးနှင့် ဆေးနီးနွယ်တက္ကသိုလ်များက သက်ဆိုင်ရာ ဆေးနှင့် ဆေးနီးနွယ် ပညာဘာသာရပ်အလိုက် ရိုက်ကူးထားသော သင်ကြားရေးရုပ်သံဗီဒီယို ၂၀၀ ကျော်ကို ဝန်ကြီးဌာန၏ အင်တာနက်လိပ်စာ – https://event-mohs.gov.mm/ တွင် (၂၃-၁၀-၂၀၂၀) ရက်နေ့မှ စတင်ကာ တစ်စုတစ်စည်းတည်း လွှင့်တင်ထားရှိပြီး ဆက်လက်၍လည်း ရိုက်ကူးလွှင့်တင်သွားမည်ဖြစ်ပါကြောင်း။

**ပိုမိုအကျိုးရှိမည်ဖြစ်**

ထိုသို့ ပညာရပ်ဆိုင်ရာ ဟောပြောပို့ချမှုရုပ်သံများကို မြို့ကြီးများမှသာမက ခက်ခဲဝေးလံဒေသများတွင် တာဝန်ထမ်းဆောင်နေသော ဆရာဝန်၊ သူနာပြုနှင့် ကုသမှုပညာရှင်များ၊ ပြည်သူ့ကျန်းမာရေး ပညာရှင်များ၊ အခြေခံကျန်းမာရေးပညာရှင် ဝန်ထမ်းများအားလုံးတို့သည် အင်တာနက်ကွန်ရက် အသုံးပြုကာ အချိန်မရွေး လေ့လာနိုင်မည်ဖြစ်သဖြင့် နောက်ဆုံးပေါ် ပညာရပ်များကို သိရှိပြီး စွမ်းဆောင်ရည်များ ပိုမိုမြင့်တက်လာကာ ပြည်သူများ ပိုမိုအကျိုးရှိမည် ဖြစ်ပါကြောင်း၊ ဆေးတက္ကသိုလ်များတွင် နိုင်ငံတကာအဆင့်မီ "မျှော်မှန်းရလဒ် အခြေခံသော စုစည်းချိတ်ဆက်သင်ကြားခြင်း သင်ရိုးညွှန်းတမ်း (Outcome Based Integrated Curriculum)" ဖြင့် ၂၀၁၉ ခုနှစ်မှ စတင်သင်ကြားနိုင်ခဲ့ပါကြောင်း၊ ဝန်ကြီးဌာန၏ တက္ကသိုလ်များတွင်လည်း သင်ရိုးညွှန်းတမ်းများ မွမ်းမံရေးဆွဲခြင်းများကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ဆက်လက်ဆောင်ရွက်မည့်မွမ်းမံသင်တန်းများ ယခုထက် ပိုမိုအကျိုးရှိ ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပါမောက္ခများနှင့် တာဝန်ရှိသူများ ဆွေးနွေးခြင်း၊ သင်တန်း တက်ရောက်သူများထံမှ အကြံပြုချက်များရယူခြင်းနှင့် ယခင်သင်တန်း အတွေ့အကြုံများကို ပြန်လည်သုံးသပ်ခြင်းများ အမြန်ဆုံးပြုလုပ်သွားမည်ဖြစ်ပါကြောင်း၊ ထိုသို့ ပြုလုပ်ခြင်းဖြင့် ဝန်ကြီးဌာနမှ ဝန်ထမ်းပညာရှင်များအားလုံးသည် ပညာရပ်အလိုက် နောက်ဆုံးတွေ့ရှိချက်များကို အမြဲသိရှိလေ့လာနိုင်ကာ ကျန်းမာရေး စောင့်ရှောက်မှု အရည်အသွေးများ ပိုမိုတိုးတက်လာမည်ဖြစ်ပါကြောင်း၊ ဟောပြောပို့ချမှုဆိုင်ရာ ရုပ်သံများ ရိုက်ကူးရန်နှင့် ယခုကဲ့သို့ အင်တာနက်ကွန်ရက်အသုံးပြု မွမ်းမံသင်တန်းများ ဆက်လက်ပြုလုပ်ရန်အတွက် လိုအပ်သည့် လူအင်အား၊ ဘဏ္ဍာငွေများကို ဝန်ကြီးဌာနမှ ပိုမိုချထားပံ့ပိုးပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ဟောပြောပို့ချ**

ဆက်လက်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေး) ဒေါက်တာထွန်းတင်၊ ဆေးတက္ကသိုလ် (၁)၊ ဆေးပညာဌာနမှ ပါမောက္ခ/ဌာနမှူး ပါမောက္ခ ဒေါက်တာဇော်လင်းအောင်၊ အမျိုးသား ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာ ဌေးဌေးတင်၊ ဆေးတက္ကသိုလ်(၁) အရေးပေါ်ကုသမှု ဆေးပညာဌာနမှ ပါမောက္ခ/ဌာနမှူး ပါမောက္ခ ဒေါက်တာမော်မော်ဦး၊ ဆေးတက္ကသိုလ်(၁) မေ့ဆေးပညာဌာနမှ ပါမောက္ခ/ဌာနမှူး ပါမောက္ခ ဒေါက်တာမူမူနိုင်နှင့် ဆေးတက္ကသိုလ် (၁) မှုခင်းဆေးပညာဌာနမှ ပါမောက္ခ/ဌာနမှူး ပါမောက္ခ ဒေါက်တာမျိုးသိုက်ဦးတို့က သက်ဆိုင်ရာ ပညာရပ်အလိုက် နောက်ဆုံးတွေ့ရှိချက်များ၊ ပြည်သူ့ကျန်းမာရေးနှင့် အသွားအလာကန့်သတ်ခြင်း နိယာမများ၊ ကုသမှုကုထုံးများ၊ ဓာတ်ခွဲမှုနည်းပညာရပ်များ၊ လူနာသယ်ယူပို့ဆောင်မှုနှင့် လူနာအဆင့် ခွဲခြားသတ်မှတ်မှုများ၊ အရေးပေါ်နှင့် အထူးကြပ်မတ်ကုသမှုများ၊ လူနာစီမံခန့်ခွဲမှုများ၊ သေဆုံးရသည့် အကြောင်းရင်းသတ်မှတ်ချက်များ၊ လက်ရှိတွင် မြန်မာနိုင်ငံ၌ ဆောင်ရွက်နေသည့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသမှုလုပ်ငန်းများနှင့် နည်းဗျူဟာများ၊ လုပ်ငန်းလမ်းညွှန်များ စသည်တို့ကို ဟောပြောပို့ချခဲ့သည်။

ထို့နောက် တက်ရောက်လာကြသူများက မေးမြန်းသည့် မေးခွန်းများကို ပါမောက္ခများ၊ ပညာရှင်များနှင့် တာဝန်ရှိသူများက အသေးစိတ် ပြန်လည် ဖြေကြားပေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

*စာမျက်နှာ ၄ မှ*

မိမိတို့နိုင်ငံအနေဖြင့် ကလေးသူငယ်များအပေါ် ပုံသဏ္ဌာန်မျိုးစုံသော အကြမ်းဖက်ခြင်းများမှ ထိရောက်စွာ အကာအကွယ်ပေးနိုင်ရေးအတွက် အာဆီယံဒေသတွင်းအဆင့်နှင့် နိုင်ငံအတွင်းရှိ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ အပါအဝင် လူသားအရင်းအမြစ်ဆိုင်ရာ အပိုင်းများအားလုံးတွင် နောက်ကျမကျန်ရှိစေအောင် ဌာနဆိုင်ရာများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အစွမ်းကုန် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်းနှင့် မိဘအုပ်ထိန်းသူများ၊ ကြီးကြပ်သူ ဆရာ၊ ဆရာမများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပြည်သူလူထုအနေဖြင့်လည်း ဟန်ချက်ညီညီ အတူပါဝင်ပူးပေါင်းဆောင်ရွက်ရင်းဖြင့် နိုင်ငံ၏ အနာဂတ်ကလေးငယ်များ လွတ်လပ်လုံခြုံစွာ အစွမ်းကုန်ဖွံ့ဖြိုးတိုးတက်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းပေးကြပါရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ယင်းနောက် UNESCO မှ ကိုယ်စားလှယ် Ms. Dolly Shein က ကျောင်းတွင်း အနိုင်ကျင့်မှု၊ အကြမ်းဖက်မှုနှင့် Cyber Bullying များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

◆ *ကျောဖုံးမှ*

၅ အမ်ဗွီအေ ဓာတ်အားခွဲရုံ ကမ္ပည်းကျောက်စာမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ဓာတ်အားခွဲရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ကော့မှူးမြို့နယ် ညောင်ကုန်းဓာတ်အားခွဲရုံအတွင်း ကြည့်ရှုစဉ်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တွံတေးမြို့နယ်နှင့် ကော့မှူးမြို့နယ် အပါအဝင် တောင်ပိုင်းခရိုင်တွင် ဓာတ်အားခွဲရုံ ခုနစ်ရုံ တည်ဆောက်နိုင်ခဲ့ကြောင်း၊ တိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသများသို့ လျှပ်စစ်ဓာတ်အားရရှိရေး စီမံဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးအတွင်း ကျေးရွာပေါင်း ၂၂၀၅ ရွာအနက် ကျေးရွာ ၁၈၅၀ မီးလင်းခဲ့ပြီး ၃၅၅ ရွာသာ ကျန်ရှိတော့ကြောင်း၊ ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာနှစ်တွင် စီမံဆောင်ရွက်ပေးရန် စီစဉ်ထားရှိသည့်အတွက် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလတွင် ကျေးလက်နေပြည်သူအားလုံး လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်ပေးနိုင်ရန် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ခွင့်ပြုငွေကျပ် ၈၄၁ ဒသမ ၃၁၃ သန်းဖြင့် ဆောင်ရွက်ခဲ့သည့် ၂/၀ ဒသမ ၅၁ မိုင် ၁၂ ပေ ရှိ ကော့မှူးမြို့နယ် အိုးဘို – ကျုံဖာ–ချောင်းဝ ကျေးရွာချင်းဆက် ကွန်ကရစ်လမ်း၊ ခွင့်ပြုငွေကျပ် ၆၀၅ သန်းဖြင့် ဆောင်ရွက်ခဲ့သည့် ၁ / ၂ မိုင်ရှိ ရေကျော် – အိုးဘို ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းနှင့် ခွင့်ပြုငွေကျပ် ၉၁၉ ဒသမ ၁၂၅ သန်းဖြင့် ဆောင်ရွက်ခဲ့သည့် ၂/၂ မိုင် ၁၂ ပေ ရှိ တွံတေးမြို့နယ်၊ တမာကော – ခလောက်ချိုက် – မငေး –အလယ်ရွာ ကျေးရွာချင်းဆက်ကွန်ကရစ်လမ်း ကမ္ပည်းကျောက်စာမော်ကွန်းများကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ဓာတ်အားခွဲရုံများနှင့် ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းများကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၁၉ – ၂၀၂၀ ဘတ်ဂျက်ဖြင့် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့က အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ဆန်းကျော်ဦး(မြန် /ဆက်)**

# တန်ဖိုးဟူသည်

ကျော်(မြစ်ဝကျွန်းပေါ်)



**တစ်နေ့သော ညနေချမ်းတွင် မိုးသည် သဲသဲမဲမဲရွာနေ၏။ မိုးရာသီပဲ ရွာမှာပေါ့ဟု အားပေးသူများလည်း ရှိကြသည်။ မိုးသည် လယ်သမားများအတွက် အားဆေးတစ်ခွက်ဖြစ်မည်။ ကျွန်တော်တို့လို အဓိပတိလမ်းမပေါ် လမ်းလျှောက်လိုသူများအတွက် အဖျက်သမားဖြစ်မည်။ လမ်းဘေးဈေးသည်များအဖို့ မဟာရန်သူမည်၏။ မိုးခေါင်ရေရှား စိုက်ပျိုးရေးသမားများအတွက် အနဂ္ဃရတနာထိုက်မည်။ ထိုစဉ် နိုင်ထူးသီချင်းထဲက "မှောင်မိုက်ခြင်းရဲ့အဓိပ္ပာယ် အလင်းတန်းတွေ့တဲ့အခါ သိလိမ့်မယ်"ဆိုသည့် သီချင်းပိုဒ်ကလေးကို အကြိမ်ကြိမ် ရွတ်ဆိုမိခဲ့သည်။ မှန်ပါပေ၏။ အခုလည်း အချို့က မိုးကို အပြစ်တင်ကြ၊ မုန်းတီးကြ၊ အားပေးကြနှင့် အရောင်အသွေး စုံလှ၏။ အကယ်၍ မိုးသာမရွာဘဲ ကြာနေပါက တမ်းတကြမည်။ ကျွန်တော်လည်း ရှေ့ဆုံးကပါ ပါလိမ့်မည်။**

### အတိတ်ကို ခြေဆန့်စေခဲ့

ရန်ကုန်မိုးက ကျွန်တော့်အတိတ်ကို ခြေဆန့်စေခဲ့သည်။ လွန်ခဲ့သည့် နှစ်သုံးဆယ်ခန့်ကို ပြန်ရောက်သွားသည်။ ကျွန်တော့်ဇာတိရွာက ငဝန်မြစ်ကို မေးတင်ကာ တည်ရှိနေသည်။ ရှေးက ကမ်းပြိုလိုက်၊ ရွှေ့လိုက်နှင့် ရွာကလေးသည် ဣန္ဒြေမရခဲ့။ ငဝန်မြစ်ရေပြင်ကို အိမ်ပေါ်ကနေ ခပ်ငေးငေး ကြည့်နေမိသည်။ ရွာလေးကလည်း ကမ်းနဖူးမှာ ငုတ်တုတ်ပဲရှိနေလျက်။ ဆီမီးတိုင်မှာ အဖူးတက်၍ မှိတ်တုတ်မှိတ်တုတ်နှင့် တိတ်ဆိတ်လှ၏။

ထိုအချိန်က ရေနံဆီတစ်ဆယ်ကျပ်သား ပြားငါးဆယ်ဖြစ်လိမ့်မည်။ ကျွန်တော်တို့မိသားစု ရှစ်ယောက်ရှိ အိမ်ကို ရေနံဆီငါးကျပ်သား နှစ်ဆယ့်ငါးပြားဖိုးသာ သုံးနိုင်သည်။ စောစောအိပ်ရာဝင်ကြရ၊ မအိပ်ပါက အမှောင်ထဲမှာ နေရသည်။ မိုးရာသီ မိုးမှောင်ကျလျှင် ဒုက္ခရောက်မြဲဖြစ်သည်။ ကျွန်တော်လည်း အမှောင်ထုကို ဆီမီးခွက်ဖြင့်သာ ဖြိုခွင်းပြီး စာကျက်ရသည်။ ဤသို့ဖြင့် တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့ရသည်။

ထို့နောက် ဟသ်ာတကောလိပ်ကို တက်ရောက်ခဲ့ရပါသည်။ အဆောင်နေခွင့်လည်းရခဲ့၏။ ထိုစဉ် ကောလိပ်ကျောင်းသား ကျောင်းသူများသည် မီးဖွင့်ပြီး အခန်းလည်ကြ။ ပန်ကာဖွင့်ပြီး အပြင်ထွက်ကြသည်ကို တွေ့တိုင်း ကျွန်တော်အသည်းယားမိ၏။ ရက်စက်ကြပါဘိ။ မီး၏ တန်ဖိုးကို မသိကြ။ "မီးမရှိတဲ့နေရာမှာ မနေဖူး လို့ပဲ"ဟု တွေးမိ၏။ တစ်နေ့သော နံနက်စောစောမှာ ဘူတာဘက်ကို လမ်းလျှောက်ထွက်ခဲ့၏။ အဆိုပါလမ်းရှိ ပြည်ထောင်စုဘော်ဒါဆောင်က စာကျက်သံ ကြားရသည်။ မီးများလည်း ထိန်နေသည်။

"ဩော်... ငါ့ဘဝနဲ့ ခြားပါလား" ဟုတွေးမိသည်။ ကျွန်တော်က ရွာမှာ အဖူးတက်နေသည့် ဆီမီးခွက်မှိန်မှိန်နှင့်သာ စာကြည့်ရသည်။ မီး၏တန်ဖိုးကို သိခဲ့သည် ။ "ကောလိပ်မှာတော့ ရွာက ဘုရားပွဲထက်တောင် မီးကထိန်ထိန်လင်းလို့ပါလား"။ "ငါ့ရွာမှာ အဲဒီလို မီးထိန်ထိန်နဲ့ စာကျက်ရရင် ကောင်းမှာပဲ"ဟု ရေရွတ်မိ၏။ ထိုသို့ ငယ်စဉ်က အခက်အခဲများဖြင့် ကြုံခဲ့ရသောကြောင့် တန်ဖိုးကိုပိုသိလာသည်ဟု ဆိုနိုင်ပါလိမ့်မည်။

### ခေတ်သက်သွားရာ ပညတ်ပါ

ကျွန်တော်လည်း ကျောင်းသားဘဝ ဝန်ထမ်းဌာန ဆိုသည့်အတိုင်း စီးမျောခဲ့သည်။ ထိုသို့ ကျင်လည်ခဲ့သည့် အထဲတွင် ရန်ကုန်တက္ကသိုလ်သည် ကျွန်တော့်အတွက် မှတ်မှတ်ထင်ထင်ပဲ ဖြစ်သည်။ အများပြောသံကိုလည်း ကြားခဲ့ဖူးသည်။ စာအုပ်များထဲမှာလည်း ဖတ်ခဲ့ဖူး၏။ ရုပ်ရှင်ထဲမှာလည်း တစ်ခါတစ်ရံ မြင်ခဲ့ဖူး၏။ တစ်နယ်တည်းဖွား တက္ကသိုလ်ကျောင်းသား ဗိုလ်အောင်ကျော် အကြောင်း ဖတ်ဖူး၏။ ပို၍လည်း သိခဲ့ရသည်။ အင်္ဂပူသားချင်းမို့ သတိပြုမိခဲ့သည်။ ထိုစဉ်က စတုတ္ထတန်း သမိုင်းဆရာ၏ အသင်အပြ ကောင်းခြင်းကြောင့်လည်း ဖြစ်မည်။ သမိုင်းဘာသာရပ်ကို ကျွန်တော်ချစ်ခဲ့မိသည်။ ထိုသမိုင်းထဲက ရန်ကုန်တက္ကသိုလ်ကို ပို၍မြတ်နိုးမိ၏။ ရန်ကုန်တက္ကသိုလ်ကျောင်းသားများကို အားကျမိ၏။ ရောက်ဖူးချင်သည်။ မျက်မြင်ဓိဋ္ဌတွေ့လို၏။ လက်တွေ့ကျကျ တတ်နိုင်သမျှ ပါဝင်

**"ရန်ကုန်တက္ကသိုလ်ကြီး၏ ရာပြည့်သဘင်ဦးတည်ချက်မှာ ငြိမ်းချမ်းရေးကို ထည့်သွင်းထားသည်။ ကျောင်းသားကျောင်းသူများသည် မိမိတို့တက်ရောက်နေသော တက္ကသိုလ်အကြောင်း သိရမည်။ ထူးခြားသည့်လက္ခဏာများကို သိထားရမည်။ သို့မှသာ တန်ဖိုးကို အလေးထားလိမ့်မည်။ နောင်နှစ်တစ်ရာမှာ မကြုံမဆုံနိုင်ပါ။ ယခု နှစ်တစ်ရာမှာ ကြုံလည်းကြုံ၊ ဆုံလည်းဆုံခဲ့ပါပြီ။ အခါအခွင့်သင့်ချိန် အမိတက္ကသိုလ်၏ ဂုဏ်ဒြပ်ကို အလေးထား ထိန်းသိမ်းရမည်"**



ရန်ကုန်တက္ကသိုလ် အဓိပတိလမ်းမပေါ်၌ ကျောင်းသား ကျောင်းသူများ သွားလာနေမှု မြင်ကွင်း။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

### ဆောင်းပါးရှင်၏ ကိုယ်ရေးအကျဉ်း

- အမည်ရင်း ဦးကျော်လင်း
- ကလောင်အမည် - ကျော် (မြစ်ဝကျွန်းပေါ်)
- ရောဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ မှန်ကုန်းရွာ
- အဖအမည် ဦးလှသိန်း + အမိ ဒေါ်စန်း တို့က ၁၉၇၁ ခုနှစ် (၁၀)လ၊ ၉ ရက် တနင်္လာနေ့တွင် မွေးဖွားခဲ့သည်။
- မှန်ကုန်းရွာ ဘုန်းတော်ကြီးကျောင်း၊ မှန်ကုန်းရွာ အ.လ.က (တွဲ) ကျောင်းတို့တွင် မူလတန်း၊ အလယ်တန်း အထိ ပညာသင်ခဲ့သည်။
- ၁၉၉၂ တွင် တက္ကသိုလ်ဝင်တန်းကို အ.ထ.က (တွဲ) ခြောက်ရွာက အောင်မြင်ခဲ့သည်။
- ဟသ်ာတကောလိပ်၊ပုသိမ်တက္ကသိုလ်တို့တွင် မဟာဝိဇ္ဇာဘွဲ့ ရရှိခဲ့သည်။
- မြိတ်ဒီဂရီကောလိပ်၊ ဟသ်ာတတက္ကသိုလ် မြန်မာစာဌာနတို့တွင် နည်းပြ၊ လက်ထောက် ကထိက အထိ တာဝန်ထမ်းဆောင်ခဲ့သည်။
- ယခုအခါ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနတွင် ကထိကအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

လုပ်ဆောင်လိုသည်။ အခုတော့ ခေတ်သက်သွားရာ ပညတ် ပါဆိုသလို တာဝန်ထမ်းဆောင်ခွင့်ရနေခဲ့ပါပြီ။

### သမိုင်းအတွက်လည်း တန်ဖိုးကြီးလှ

ရန်ကုန်တက္ကသိုလ်သည် မြန်မာပြည်အတွက်လည်း တာဝန်ကျေသည်။ သမိုင်းအတွက်လည်း တန်ဖိုးကြီးလှသည်။ တစ်ဦးချင်းအတွက်လည်း ကျေးဇူးများခဲ့သည်။ ကျွန်တော့်အတွက်တော့ မေ့လည်းမရ၊ တန်ဖိုးလည်းဖြတ်မရပေ။ ရှူးသည်ဟုဆိုလည်း ကျေကျေနပ်နပ် လက်ခံပါမည်။ မိမိခြေသလုံးကို အကြောင်းပြုပြီး လေးမိုင်ခရီးကို နေ့စဉ်ကျောင်းတက်ခဲ့ရသည်။ ဆီမီးတိုင်နှင့် စာဖတ်ရသည်။ ဘဝသည် ခါးသီးလှ၏။ အဆိုပါဒဏ်ရာများ၏ တွန်းအားကခွန်အားကို မွေးဖွားပေးခဲ့သည်။ ကျွန်တော့်ရွာကို အထက်တန်းကျောင်းရအောင် သူငယ်ချင်းများနှင့် ကြိုးပမ်းခဲ့ရသည်။ အထက်တန်းကျောင်းလည်း ရခဲ့ပါပြီ။ ကျွန်တော်လည်း ရန်ကုန်တက္ကသိုလ်တွင် တာဝန်ထမ်းခွင့် ကြုံခဲ့ပါသည်။ ရွာကျောင်းမှာ လှပဖို့ ပန်းပင်စိုက်၏။ အရိပ်ရဖို့ သစ်ပင်စိုက်ရာတွင် " ငါ့ရွာက ကျောင်းထဲမှာ စိုက်တဲ့အပင်ဟာ ရန်ကုန်တက္ကသိုလ်ထဲက အပင်သာ ဖြစ်ရမယ်"ဟု ခံယူထား၏။ ရေတမာပင်များကို နုတ်ပြီး ရွာမှာစိုက်မိသည်။ ရှင်လည်းရှင်နေပြီ။ ထိုသို့ မြတ်မြတ်နိုးနိုး ရှူးခဲ့ဖူးသည်။ ကျေလည်း ကျေနပ်မိခဲ့သည်။

ထို့အပြင် ထီး၊ လွယ်အိတ်၊ အင်္ကျီ၊ စာအုပ်၊ ဦးထုပ်တို့မှာ ဒေါင်းတံဆိပ်နဲ့ ရန်ကုန်တက္ကသိုလ် စာလုံးတွေ့လျှင် ငေးမိ၏။ တန်ဖိုးလည်းထား၏။ ***စာမျက်နှာ ၇ သို့***

# ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့်အထိမ်းအမှတ်ဆောင်းပါး



*စာမျက်နှာ ၆ မှ*

အရှုံးမှန်ရ၊ မျောက်အုန်းသီးရသလို ပျော်မိသည်။ ကျွန်တော့်လို ရွာသားက ဤမျှမြတ်နိုးနေလျှင် အခြားသော အသိဉာဏ်ကြီးမားသူများအတွက် ဆိုနိုင်ဖွယ်ရာမရှိ။ ဤတက္ကသိုလ်ကြောင့် မြန်မာပြည် လွတ်လပ်ခဲ့ရသည်။ တက္ကသိုလ်များ၏ မိခင်။ သင်ရိုး အားလုံး၏ဖခင်။ ပြည်သူတို့၏ နှလုံးသား။ ခေါင်းဆောင်ကောင်းတို့၏ သန္ဓေစ။ ပညာရှင်တို့၏ မွေးရပ်မြေ။ နိုင်ငံတကာနှင့် ချိတ်ဆက်ပေးရ၊ ကျောင်းသား ကျောင်းသူတို့၏ ဘူမိနက်သန်ဖြစ်ခဲ့သည်။ ဤသို့များပြားလှသော ဂုဏ်၊ တန်ဖိုးတို့ကို သိရပြီး အံ့သြမိ၏။

## တာဝန်ကိုယ်စီရှိ

တစ်ထောင်တန်၊ တစ်သောင်းတန်တို့သည် ဖလှယ်ရန်အတွက်ပဲ အသုံးဝင်သည်။ ညီမျှခြင်း ဂုဏ်သတ္တိသာ ရှိကြသည်။ ရန်ကုန်တက္ကသိုလ်ကြီးသည် ထိုသို့ ညီမျှခြင်းချ၍ မရနိုင်ပေ။ သမိုင်းတန်ဖိုးသည် အလျော်အစားပြုလို့မရ။ အလွန်ကြီးမား၏။ မြင့်လည်း မြင့်မြတ်ပါပေ၏။ တုပြိုင်လို့လည်း မမီနိုင်ပါ။ တန်ဖိုးသိမှသာ တန်ဖိုးရှိမည်။ ကျွန်တော်သည် ကျောင်းသားအဖြစ်နှင့် မကြုံခဲ့ရ။ ဝန်ထမ်းအဖြစ်နှင့်သာ ရာပြည့်သဘင်ကို ဆုံခဲ့ရပါသည်။ တစ်ဆက်တည်းပင် ရန်ကုန်တက္ကသိုလ် လှိုင်နယ်မြေကိုလည်း သွားရောက် တာဝန်ထမ်းခဲ့ရပါသည်။ လှိုင်နယ်မြေသည် စာပေအနုပညာရှင်များကို မွေးဖွားပေးခဲ့၏။ သူ့မှာလည်း သူ့ဂုဏ်ဒြပ် ရှိပြီးသားဖြစ်သည်။ "ငါလည်း ငါ့တာဝန် ငါ့အလုပ် ငါ့စေတနာသည် ငါ့ဂုဏ်ဒြပ် ငါ့ကိုဟပ်မှာပဲ"ဟု တီးတိုးရွတ်ဆိုမိ၏။ စာကိုလည်းသင်၊ စိတ်လည်းပြင်ပေးမည်။ မလိုအပ်ဘဲ "မီး၊ ရေများ ပွင့်နေ၊ လျှံနေလျှင် ငါ့မှာ တာဝန်ရှိသည်"ဟု တွေးမိသည်။ ကျောင်းသား ကျောင်းသူအားလုံးမှာလည်း တာဝန်ကိုယ်စီရှိပေသည်။

"ဒါငါ့တက္ကသိုလ်၊ ငါ့စာသင်ခန်း၊ ငါ့အိမ်လို" သဘောထားရမည်။ သို့မှသာ ငါတို့ဂုဏ်မြင့် ဂုဏ်တင့်လာမည်ဟု တွေးစေချင်၏။ စာသင်ချိန်တိုင်း ကျွန်တော်ပြောမိသည်မှာ "လူကြီးကအစ လမ်းထဲတံမြက်လှည်းသူအထိ ကိုယ့်အလုပ်ကို ရိုသေ။ ကိုယ့်နေရာကို တန်ဖိုးထား" အဲဒါမှ "တန်ဖိုးရှိတဲ့ နိုင်ငံသားဖြစ်လိမ့်မယ်"ဟု ပြောခဲ့ဖူးသည်။ တက္ကသိုလ် ကျောင်းသား ကျောင်းသူကို အများက လေးစားကြသည်။ ထိုအထဲမှ ရန်ကုန်တက္ကသိုလ် ကျောင်းသား ကျောင်းသူဆိုလျှင် အထူးသတိပြုမိကြသည်။ အရှိန်အဝါကြီးမြတ်ခြင်း၏ ဂုဏ်ပုဒ်ဖြစ်သည်။ လွယ်လွယ်ရလာခြင်း မဟုတ်။ ပြည်သူများ၏ နှလုံးသားမှ ပေါက်ဖွားလာခြင်းဖြစ်သည်။

## တန်ဖိုးထားရမည်

ကျွန်တော်က ရန်ကုန်တက္ကသိုလ်ကပါ ဆိုလျှင် ကြည့်သူက ကျွန်တော့်ကိုမမြင် ကိုအောင်ဆန်း၊ ကိုနုကိုသာ မြင်၏။ အဆောင်ကပါဆိုလျှင် ပဲခူးဆောင်ကို ပြေးမြင်မိ၏။ ထို့အတူ ပန်းတနော်ကပါ ဆိုလျှင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဦးသန့်ကိုသာ မြင်မည်။ ဂုဏ်ဒြပ်၏ တန်ဖိုးသည် ကြီးမားလှသည်။ ယနေ့ ရန်ကုန်တက္ကသိုလ်ရှိ ကျောင်းသား ကျောင်းသူ အရာထမ်း၊ အမှုထမ်းများကိုလည်း ဂုဏ်ရောင်ဟပ်လျက်ရှိသည်။ ထိုဂုဏ်ရောင်၏ တန်ဖိုးကို သိရပေမည်။ အခြားတက္ကသိုလ်များမှာ မရနိုင်သည့်အတွက် မြတ်မြတ်နိုးနိုး တန်ဖိုးထားရမည်။ တန်ဖိုး ဟူသည်ကို "ကျွန်တော် ကတော့ အသုံးတည့်ခြင်း"ဟု ယူဆမိပါသည်။ ဤတက္ကသိုလ်ကြီးသည် မြန်မာပြည်အတွက် မည်မျှအသုံး တည့်သည်၊ မည်မျှ လိုအပ်သည်ကို တွေးကြည့်မိ၏။ တွေးလေတွေးလေ တန်ဖိုးမြင့်လေ၏။

ဤမျှ ကြီးမားသည့် ဝိသေသကို သိရပြီ။ ကျောင်းသားများကိုလည်း သိစေချင်၏။ ပြောလည်း ပြောလိုသည်။ တစ်နေ့မှာ လူတွေ့ မေးမြန်းရာတွင် "ကျောင်းသားများနဲ့ တွေ့ချင်တာရယ်။ ဤတက္ကသိုလ်ရဲ့ အဆောင်တာဝန်များကို ထမ်းဆောင်ဖူးချင်တာရယ်"ဟု ဖြေခဲ့သည်။ ပြောသည့်အတိုင်း စတွေ့ပါပြီ။ တိုင်းနှင့် ပြည်နယ်ဒေသအနှံ့က လာရောက်ကြသည့် မတစ်ထောင်သားများဖြစ်ကြ၏။ သူတို့မိဘမျိုးရိုးအသိုင်းအဝိုင်းလည်း ကျွန်တော်မသိ။ သူတို့ထုံးစံလည်း နားမလည်။ ကျွန်တော်ပြောချင်တာက "မိမိကြောင့် သူတစ်ပါးအနှောင့်အယှက် မဖြစ်စေရ၊ မဆူညံရ၊ ထူးချွန်အောင် ကြိုးစားကြ၊ အများစုနှင့်နေတာ မိမိစိတ်တိုင်းမကျနိုင်၊ မိဘချွေးကို ခြေမဆေးမိစေနဲ့၊ မီး၊ ရေ မလေလွင့်စေရ၊ မိမိပစ္စည်းလို သဘောထား၊ မိသားစုလို မြင်စေလိုတယ်" ဟု ပြောဖြစ်သည်။ အများစုက လက်တွေ့ကျင့်သုံးကြသည်။ အချို့သည် ပြောတုန်းခဏ ဗီဇကိုက မမှန်ကြပါ။ တက္ကသိုလ်ကြီးကို အားနာမိ၏။ မိဘများကို သနားမိသည်။ နိုင်ငံအတွက် ရင်လေးမိ၏။ အဆောင်အတွက် စိတ်မကောင်းဖြစ်မိသည်။ ကျောင်းသားဂုဏ်ကို မသိ၊ အဆောင်ကျေးဇူးကို နားမလည်၊ တက္ကသိုလ်၏ တန်ဖိုးကို မမြင်ခြင်းဟု တွေးမိသည်။

## ဘဝလည်းမြင့်၊ ဂုဏ်လည်းတင့်

ထို့အပြင် သန့်ရှင်းရေးဝန်ထမ်းများကိုလည်း "လုပ်ငန်းအပေါ် စေတနာသန့်ရင် အကျိုးပေးတယ်။" "ဆရာ ကျောင်းသားဆိုပေမယ့် စိတ်ထားညံ့ရင် အကျိုးပေးညံ့မှာပဲ။ တန်ဖိုးသည် ပညာရပ်၊ ရာထူး၊ ငွေကြေး၊ အာဏာတို့နှင့် မဆိုင်ပေ။ လောကအတွက် အသုံးဝင်ပြီး အကျိုးဖြစ်လျှင် တန်ဖိုးသည် နောက်ကလိုက်လာမည် ဖြစ်သည်။" ကျွန်တော်တို့လည်း အဆိုပါတန်ဖိုးကို သိဖို့အရေးကြီးသည်။ ကေသရာဇာ၏ အဆီသည် သိင်္ဂီရွှေခွက်မှာသာ တည်သည်။ ယနေ့ ကျောင်းသား ကျောင်းသူများသည် တက္ကသိုလ်ဆိုသည့် ရွှေခွက်မှာသာ တည်စေချင်သည်။ သို့မှသာ ဘဝလည်းမြင့်၊ ဂုဏ်လည်းတင့်ပေမည်။

လူ့သဘာဝအရ အမြဲမီးလင်းနေပါက အလင်းရောင်ကို အလေးမထားကြ။ မှောင်မိုက်သည့်အချိန်ရောက်မှ သတိရကြသည်။ တိုင်းနှင့် ပြည်နယ်အသီးသီးမှာလည်း ငြိမ်းချမ်းနေပါက အမှတ်တမဲ့နေကြသည်။ စက်သေနတ်သံ၊ ယမ်းနံ့သံကို ကြားရ၊ ရှူရမှ ငြိမ်းချမ်းခြင်း၏ တန်ဖိုးကိုသိလာကြသည်။ အလေးထားလာကြသည်။ ငြိမ်းချမ်းရေးကို ပြည်သူများ လိုလားကြသည်။ ရန်ကုန်တက္ကသိုလ်ကြီး၏ ရာပြည့် သဘင်ဦးတည်ချက်မှာ ငြိမ်းချမ်းရေးကို ထည့်သွင်းထားသည်။ ကျောင်းသား ကျောင်းသူများသည် မိမိတို့တက်ရောက်နေသော တက္ကသိုလ် အကြောင်း သိရမည်။ ထူးခြားသည့်လက္ခဏာများကို သိထားရမည်။ သို့မှသာ တန်ဖိုးကို အလေးထားလိမ့်မည်။ နောင် နှစ်တစ်ရာမှာ မကြုံမဆုံနိုင်ပါ။ ယခု နှစ်တစ်ရာမှာ ကြုံလည်းကြုံ ၊ ဆုံလည်းဆုံခဲ့ပါပြီ။ အခါအခွင့်သင့်ချိန် အမိတက္ကသိုလ်၏ ဂုဏ်ဒြပ်ကို အလေးထား ထိန်းသိမ်းရမည်။

ထိုနည်းတူ အဆောက်အအုံအသွင်အပြင်များသည် ဂုဏ်အင်္ဂါတစ်ရပ်ဖြစ်သည်။ မုခ်ဝ၏ တစ်ဖက်တစ်ချက်တွင် အင်္ဂလိပ်လို တစ်နည်း၊ မြန်မာလိုတစ်မျိုး ရေးထားသည့် ဆိုင်းဘုတ်သည် တည်ငြိမ်ပါဘိ။ တံခါးအုတ်တိုင်တို့သည် ခိုင်ခံ့လှ၏။ တံခါးရွက်ရှိ ခြင်္သေ့ရုပ်တို့သည် ရဲရင့်၏။ လက်ယာဘက်ရှိ ခြံဝင်းသည် ကျောင်းသားထုကို ကိုယ်စားပြုသည်။ အဆိုပါ ခြံဝင်း၏ ပုံရိပ်သည် မြင်ရသူ နှလုံးသားကို ထိရှစေ၏။ မျက်နှာချင်းဆိုင်ရှိ မန္တလေးဆောင်သည် သက်သေအဖြစ် မားမားရပ်လျက်ရှိသည်။ အခုမေးလျှင် ကရုဏာသံနှင့် ပြောပြလိမ့်မည်။ အဓိပတိသည် အားလုံးကို ကျောခင်း၍ ဘွဲ့နှင်းကို ပို့ပေးသည်။ ဤဝန်းကျင်မှာ ခြေချသူ အပေါင်းကို မွေ့ပျော်စေလိုသည်။ ရှေ့ဆက်လျှောက်ပါက ပဲခူး ၊ သထုံ ၊ ပင်းယ ၊ အင်းဝ၊ စစ်ကိုင်းတို့ကလည်း ခပ်လှမ်းလှမ်းက ကြိုလင့်ပြီ။ တက္ကသိုလ်၏ ခွန်အားကိုဖြည့်ရန် အသင့်ရှိကြသည်။ တာဝန်လည်း ကျေခဲ့ကြသည်။ တစ်ဖက်ရှိ ပါမောက္ခ အိမ်များသည် ခံ့ထည်လှသည်။ ပညာဂုဏ်ဖြင့် ထိုက်ပါ၏။ ရှေ့နားအရောက်မှာ စာကြည့်တိုက်၊ သစ်ပုပ်ပင်၊ သိပ္ပံခန်းမတို့က ပျူပျူငှာငှာရှိနေသည်။ သုတေသန အထောက်အထား ယူမလား။ သမိုင်းအကိုးအကား ပေးရမလား။ သစ်ပုပ်ပင်ကြီးက မှတ်တမ်းတင်ကြဦးမလားဟု မေးနေပြီ။

အဆိုပါ သင်္ကေတရှေ့တွင် အာစီ၊ ဂျပ်ဆင်နှင့် ဝိဇ္ဇာခန်းမတို့မှာ ခံစားချက်ကိုယ်စီရှိကြသည်။ အာစီသည် မောင်မယ်တို့၏ ကိုယ်ကာယဖွံ့ဖြိုးရေးကို စောင့်ရှောက်ပေးမည်။ ဂျပ်ဆင်သည် တစ်ချိန်က လရိပ်ပြာနှင့်အတူ ရှင်သန်ခဲ့သည်။ သူ့ရုပ်သွင် သူ့ဂုဏ်အင်က မြင်ရသူတို့ကို သတိတရ ဖြစ်စေခဲ့သည်။ အဓိပတိကို ခပ်ဝေးဝေးက ကြည့်နေသည်။ ပြောစရာများလွန်းလို့ လည်ပင်းရှည်နေပြီ။ ဝိဇ္ဇာခန်းမကြီးသည် စာပေအနုပညာသံစဉ်တို့ဖြင့် ထုံမွှမ်းထားသည်။ သူ့ရင်ခွင်မှာ မွေ့ပျော်သူများစွာ ရှိခဲ့သည်။ စာပေသံတို့က သူ့သွေးထဲမှာ စီးမျောနေမည်။

အဆိုပါ ဝိဇ္ဇာခန်းမ၏ မျက်စောင်းထိုးရှိ "ဘွဲ့နှင်းသဘင် ကြီးက ငါ့ရင်ခွင်ကိုလာခဲ့ကြ၊ မင်းတို့ကို မျှော်နေမယ်" ဟု ခေါ်နေဟန်။ မြင်ရသူ ဘဝင်ခိုက်လောက်အောင် သူ့ရုပ်သွင် က ရင့်ကျက်လှသည်။ အနုပညာလက်ရာများသည် အသက်ဝင်လှ၏။ ခြင်္သေ့ရုပ်တုက ပညာရပ်ကို လာမထိနဲ့ မီးပွင့်သွားမယ်။ ဒေါင်းပျိုမေ၏ ကနေ ဟန်။ နဂါးနှစ်ကောင်က မျက်နှာချင်းဆိုင် ရင်ချင်းအပ်လျက် "နတ္ထိ ဝိဇ္ဇာ၊ သမံ မိတ္တံ" အား ပွေ့ပိုက်ထားသည်။ တောနေ သတ္တဝါတို့ အရှင်ခြင်္သေ့များ၏ သွင်ပြင်။ ရေတို့သခင် နဂါးမင်း၏ ပုံရိပ်။ ငှက်တို့သရဖူ ဒေါင်းပျိုမေ၏ သင်္ကေတတို့သည် အသက်ဝင်ပေ၏။ လက်ရာလည်း မြောက်လှသည်။ အဓိပတိလမ်းမပေါ်လျှောက်လာသူတို့၏ အာရုံကို ဖမ်းစားနိုင်ခဲ့သည်။ ဘွဲ့နှင်းထဲကို အရောက်ပို့နိုင်ခဲ့သည်။ ဘွဲ့နှင်းနှင့် အဓိပတိ အပြန်အလှန် သစ္စာရှိခဲ့ကြသည်။ တာဝန်ကျေခဲ့ကြသည်ဟု ဆိုနိုင်ပါသည်။

ရန်ကုန် တက္ကသိုလ်ထဲ ဝင်လိုက်သည်နှင့် ငယ်မူငယ်သွေးများ ကြွလာ၏။ ရှေးခေါင်းဆောင်များကို ပြေးမြင်မိ၏။ အဓိပတိ၏ လက်ဝဲလက်ယာရှိ အဆောက်အအုံတို့သည် သူ့ဝိသေသနှင့်သူ၊ သူ့ဂုဏ်ရည်နှင့်သူ၊ သူ့နှလုံးသားနှင့်သူ ထိုက်တန်လှပါသည်။ သူတို့ကိုကြည့်ပြီး စိတ်ထဲတွင် ပျော်ရွှင်ခြင်းက တစ်မျိုး၊ အားကျခြင်းက တစ်ဖုံ၊ သိမ်ငယ်ခြင်းက တစ်လှည့်ဖြင့် အတွေးစုံ ခံစားမိသည်။ ပျော်ရွှင်ရခြင်းမှာ နိုင်ငံနှင့် လူမျိုးအတွက် ဤမျှ သမိုင်းတန်ဖိုးကြီးမားပါ ပကောလား။ "ငါလည်း ထမ်းဆောင်ခွင့် ရပါလား"ဟု တွေးပြီး ပျော်မိသည်။ အားကျရခြင်းသည် ဤတက္ကသိုလ်က ခေါင်းဆောင်ကောင်းများ မွေးဖွားပေးခဲ့သည်။ *စာမျက်နှာ ၈ သို့*



ရန်ကုန်တက္ကသိုလ်အတွင်းရှိ အင်းဝဆောင်ကို တွေ့ရစဉ်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)



ဝိဇ္ဇာခန်းမအဝင်လမ်းဟောင်းကို တွေ့ရစဉ်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

# အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီအောက်ရှိ အထောက်အကူပြုလုပ်ငန်း(၃)ဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၅**

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအောက်ရှိ အထောက်အကူပြု လုပ်ငန်းအဖွဲ့များဖြစ်သော MSME အေဂျင်စီ၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့နှင့် လုပ်ငန်းသုံးသပ်မှုနှင့် ညှိနှိုင်းအကောင်အထည်ဖော်ရေးအဖွဲ့တို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် နေပြည်တော်ရှိ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန SME Center (ရန်ကုန်) တို့တွင် Video Conferencing ဖြင့် ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးသို့ MSME အေဂျင်စီဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ MSME အေဂျင်စီတွဲဖက်ဥက္ကဋ္ဌ ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မင်းရဲပိုင်ဟိန်း၊ လုပ်ငန်းသုံးသပ်မှုနှင့် ညှိနှိုင်းအကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဦးခင်မောင်ကျော် (ဒုတိယဝန်ကြီး (ငြိမ်း))၊ ဒုတိယဥက္ကဋ္ဌ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦး၊ အဖွဲ့(၃)ဖွဲ့၏ အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် MSME အေဂျင်စီဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ကိုဗစ်-၁၉ ၏ သက်ရောက်မှုများကို စီးပွားရေးလုပ်ငန်းများ ထိခိုက်မှုနည်းရန်၊ ခံနိုင်ရည်ရှိရန်၊ ပြောင်းလဲလာသည့် အခြေအနေများနှင့်အတူ လိုက်ပါပြောင်းလဲနိုင်ရန်နှင့် MSME လုပ်ငန်းများ ရပ်တည်နိုင်မည့် နည်းလမ်းများကို နည်းလမ်းအမျိုးမျိုးဖြင့် ပံ့ပိုးပေးနိုင်ရေး၊ MSME လုပ်ငန်းများ ရှင်သန်ရပ်တည်နိုင်ရန်အတွက် အဓိကဆောင်ရွက်ပေးရမည့် လုပ်ငန်းစဉ်များထဲမှ e-commerce နှင့် Digital နည်းပညာကို လွယ်ကူအဆင်ပြေစွာ သုံးစွဲလာနိုင်စေရေးနှင့် Digital Empowerment ဖြစ်ပေါ်လာရေး၊ MSME မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်အား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဒေသဆိုင်ရာ အေဂျင်စီများမှ ထုတ်ပေးနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်နိုင်ရေး ကိစ္စရပ်များနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် National MSME Master Plan၊ Regional MSME Action Plan များနှင့် Strategy များအား ချိတ်ဆက်ဆောင်ရွက်ရေးတို့ကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ကိုဗစ်-၁၉ ကြောင့် MSME လုပ်ငန်းများ၏ ထိခိုက်မှုလျော့နည်းသက်သာစေရေးအတွက် ကိုဗစ်-၁၉ ရန်ပုံငွေထောက်ပံ့ပေးနေမှုများနှင့် ဆက်လက်ရပ်တည်နိုင်ရေး ပံ့ပိုးပေးရမည့် အစီအစဉ်များ၊ MSME လုပ်ငန်းများအတွက် JICA Two Step Loan (Phase III) ထုတ်ချေးပေးနိုင်ရေး ဆောင်ရွက်နေမှုအခြေအနေများ၊ MSME ရန်ပုံငွေတစ်ရပ် ထူထောင်နိုင်ရေးနှင့် ဘဏ္ဍာရေးစည်းမျဉ်း ရေးဆွဲနေမှုအခြေအနေများ၊ MSME လုပ်ငန်းများ၏ Financial Literacy Awareness မြှင့်တင်ဆောင်ရွက်ပေးနေမှု အခြေအနေများနှင့် Credit Guarantee Corporation (CGC) ထူထောင်ရေး ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် MSME အေဂျင်စီ တွဲဖက်ဥက္ကဋ္ဌ ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မင်းရဲပိုင်ဟိန်းက ကိုဗစ်-၁၉ ၏ အကျိုးသက်ရောက်မှုကြောင့် MSME လုပ်ငန်းများ ထိခိုက်ခံစားရမှု အနည်းဆုံးဖြစ်စေရေး၊ ကိုဗစ်အလွန်ကာလမှာ MSME လုပ်ငန်းများ အမြန်ဆုံးပြန်လည်ရပ်တည်နိုင်ရေးအတွက် ကူညီပံ့ပိုးရေး၊ MSME လုပ်ငန်းများအတွက် Certification System များ ဖွံ့ဖြိုးတိုးတက်လာရေး၊ MSME များ၏ Digitalization အသွင်ကူးပြောင်းမှုအားကောင်းလာရေး၊ New Normal အခြေအနေတွင် MSME Agency ၏ စွမ်းဆောင်ရည်ကဏ္ဍကို Normal ထက် ပိုမိုမြှင့်တင်နိုင်ရေး၊ MSME Agency အနေဖြင့် Institutionalization ပြုလုပ်ရာတွင် Hard Infrastru-cture နှင့် Soft Infrastructure များ ဖွံ့ဖြိုးလာစေရေးအတွက် စနစ်တကျဆောင်ရွက်သွားနိုင်ရေးနှင့် National MSME Master Plan နှင့် ချိတ်ဆက်ဆောင်ရွက်ရေး စသည့် ကိစ္စရပ်များအား ရှင်းလင်းပြောကြားသည်။


ထို့နောက် လုပ်ငန်းသုံးသပ်မှုနှင့် ညှိနှိုင်းအကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနာယက ဦးခင်မောင်ကျော်၊ MSME အေဂျင်စီ ဒုတိယဥက္ကဋ္ဌ၊ UMFCCI ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းတို့က ရှင်းလင်းဆွေးနွေးခဲ့ပြီး အဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေးတင်ပြကြသည်။ အဆိုပါအစည်းအဝေးသို့ MSME အေဂျင်စီ၊ ရန်ပုံငွေ စီမံခန့်ခွဲမှုအဖွဲ့နှင့် လုပ်ငန်းသုံးသပ်မှုနှင့် ညှိနှိုင်းအကောင်အထည်ဖော်ရေးအဖွဲ့တို့မှ အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ စုစုပေါင်း ၄၀ ခန့် တက်ရောက်ခဲ့ကြပြီး MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများအလိုက် ဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မလေးရှားနိုင်ငံ ထိန်းသိမ်းရေးစခန်းများတွင် ထိန်းသိမ်းခံထားရသော မြန်မာနိုင်ငံသားများအား ပြန်လည်စိစစ်လက်ခံခဲ့

**နေပြည်တော် နိုဝင်ဘာ ၅**

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ ကန့်သတ်ချက်များနှင့် နိုင်ငံတကာ ခရီးသည်တင်လေယာဉ်များ ယာယီရပ်ဆိုင်းထားမှုကြောင့် မလေးရှားနိုင်ငံတွင် အကြောင်းအမျိုးမျိုးဖြင့် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများ (ထိန်းသိမ်းခံ မြန်မာနိုင်ငံသားများ၊ အလုပ်လက်မဲ့ဖြစ်နေသည့် တရားဝင် မြန်မာအလုပ်သမားများ၊ အထောက်အထားမဲ့/ တရားမဝင် မြန်မာနိုင်ငံသားများ၊ မြန်မာသင်္ဘောသားများ)ကို မြန်မာနိုင်ငံသို့ ပြန်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ကွာလာလမ်ပူမြို့ရှိ မြန်မာသံရုံးတို့နှင့် ပူးပေါင်းညှိနှိုင်းလျက် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာတွင် မလေးရှားနိုင်ငံ၌ အကြောင်းအမျိုးမျိုးဖြင့် ပြစ်ဒဏ်ကျခံပြီးနောက် ထိန်းသိမ်းခံထားရသော မြန်မာနိုင်ငံသား ၆၈၄ ဦးအား မလေးရှားနိုင်ငံအစိုးရ အစီအစဉ်ဖြင့် ယနေ့တွင် Malaysia Airlines စင်းလုံးငှားအထူးလေယာဉ်သုံးစင်း ပျံသန်းပြေးဆွဲလျက် ပြန်လည်ပို့ဆောင်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ခဲ့ရာ မွန်းလွဲ ၃ နာရီခွဲတွင် ၁၂၈ ဦး၊ ညနေ ၅ နာရီတွင် ၂၇၇ ဦးနှင့် ညနေ ၆ နာရီတွင် ၂၇၉ ဦးတို့သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့ပြီး သက်ဆိုင်ရာတာဝန်ရှိသူများက လွှဲပြောင်းလက်ခံခဲ့သည်။

အဆိုပါ ထိန်းသိမ်းခံမြန်မာနိုင်ငံသားများအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် သက်ဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ နိုင်ငံသားမှန်ကန်မှုစိစစ်၍ မြန်မာသံရုံး၊ ကွာလာလမ်ပူမြို့မှ မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity- C of I) ထုတ်ပေးခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် Corona-virus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ မလေးရှားနိုင်ငံရှိသက်ဆိုင်ရာဝန်ကြီးဌာနများ၊ ကွာလာလမ်ပူမြို့ရှိ မြန်မာသံရုံး၊ မြန်မာနိုင်ငံရှိ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့တို့နှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ၎င်းတို့အတွက် လိုအပ်သည့် အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများအား ပံ့ပိုးရရှိရေးအတွက် ကွာလာလမ်ပူမြို့ရှိ မြန်မာသံရုံးအနေဖြင့် မလေးရှားနိုင်ငံရှိ မြန်မာလူမှုအဖွဲ့အစည်းများ၊ မြန်မာပရဟိတအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခဲ့သည်။

ဖော်ပြပါ ထိန်းသိမ်းခံ မြန်မာနိုင်ငံသားများ လိုက်ပါစီးနင်းလာသည့် စင်းလုံးငှားအထူးလေယာဉ် ဆိုက်ရောက်ပျံသန်းရေးဆိုင်ရာ ကိစ္စရပ်များအား ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက လည်းကောင်း၊ ၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာကိစ္စရပ်များအား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက လည်းကောင်း၊ ကျန်းမာရေးစိစစ်ရေးနှင့် သီးသန့်စီစဉ်ပေးသည့် နေရာများ၌ အသွားအလာကန့်သတ်မှု ခုနစ်ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့က လည်းကောင်း သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် အသီးသီးတာဝန်ယူဆောင်ရွက်ပေးခဲ့ကြသည်။

သို့ဖြစ်ရာ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ကွာလာလမ်ပူမြို့ရှိ မြန်မာသံရုံးနှင့် ညှိနှိုင်းပေါင်းစပ်လျက် မလေးရှားနိုင်ငံတွင် အကြောင်းအမျိုးမျိုးဖြင့် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၄၈၉၁ ဦးအား ကယ်ဆယ်ရေး/အထူးလေယာဉ်များ (၂၉)ကြိမ်တိုင်တိုင် ပျံသန်းပြေးဆွဲလျက် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့ပြီးဖြစ်ရာ ၎င်းတို့အနက် ထိန်းသိမ်းခံ မြန်မာနိုင်ငံသား ၁၄၇၂ ဦး ပါဝင်ကြောင်း သိရသည်။ **သတင်းစဉ်**

*စာမျက်နှာ ၇ မှ*

သူတို့ကြောင့် လွတ်လပ်တာပါလား။ ငါလည်း ပါဝင်ခွင့်ရချင်လိုက်ပါဘိ”ဟု တွေးမိသည်။ သိမ်ငယ်ခြင်းသည် ရှေးက ကျောင်းသား ကျောင်းသူများ အသက်သွေးပေးခဲ့ကြသည်။ ငါတို့က အချောင်လိုက်သလို တွေးမိပြန်သည်။ မိမိကိုယ်လည်း အားမရ၊ တက္ကသိုလ်ကြီးကိုလည်း အားနာမိပြန်သည်။

ဤမျှ အမျိုးသားရေး လက္ခဏာရပ်အတွက် သမိုင်းတန်ဖိုးကြီးလှသည်။ ဖြူစင်သည့်နှလုံးသားတို့ ပေါင်းစုရာ တက္ကသိုလ်ကြီးလည်း နှစ်တစ်ရာတိုင်ခဲ့ပြီ။ ခေတ်အဆက်ဆက် လောကဓံလည်းခံခဲ့ရ၏။ အသိပညာရှင်၊ အတတ်ပညာရှင်များစွာကိုလည်း ရှင်သန်စေခဲ့သည်။ တက္ကသိုလ်မောင်မောင်ကြီးက ရွှေတိဂုံကို နိုင်ငံတော့်မျက်နှာဟု ဆိုသည်။ ကျွန်တော်ကလည်း ရန်ကုန်တက္ကသိုလ်သည် နိုင်ငံတော့်သိက္ခာဟု ဆိုချင်ပါသည်။ မိုးခေါင်ရေရှားသည့်နေရာက မိုးရေတန်ဖိုးကို သိ၏။ မီးမရှိသည့် ကျွန်တော့်ရွာ၊ ကျွန်တော့်ဘဝက မီးတန်ဖိုးကို လေးစား၏။ မငြိမ်းချမ်းသည့်အရပ်ကို နေဖူးမှ ငြိမ်းချမ်းခြင်း၏ တန်ဖိုးအား နားလည်မည်။ ထိုတန်ဖိုးများသည် တစ်ဦးတစ်ယောက်၊ တစ်နယ် တစ်ဒေသအတွက်သာ ဖြစ်သည်။ ရန်ကုန်တက္ကသိုလ်ကြီးက မြန်မာတစ်မျိုးသားလုံး၏ အဖိုးတန်ရတနာဖြစ်သည်။ ၁၉၂၀ မှ ၂၀၂၀ တိုင်ခဲ့ပြီ။ ၂၀၂၀ မှနောင်နှစ်များစွာအထိ တန်ဖိုးရှိရှိ၊ ဂုဏ်ရည်မြင့်မြင့် တည်တံ့နေဦးမည်။ ထိုသို့ ဂုဏ်ရှိန်ကြီးမားသော အရိပ်အောက်မှာ သဲတစ်ပွင့်မျှ ပါဝင်ခွင့်ရခဲ့ပါ၏။ ဆက်လက်ပြီး အုတ်ချပ်တစ်နေရာစာလောက် ပါဝင်ချင်ပါသေးသည်။ တန်ဖိုးသိ၍ တန်ဖိုးရှိချင်သည်ဟုသာ ဆိုလိုက်ချင်ပါတော့သည်။ ။

● *ကျော့ဖုံးမှ*

ကူးစက်ခံရမှုမရှိအောင် မဲရုံတစ်ရုံကို လူနာတင်ယာဉ်တစ်စီး၊ ကျန်းမာရေးဝန်ထမ်းတစ်ဦး၊ ပညာရေးက တစ်ဦးနဲ့ လုပ်အားပေးကတော့ သုံးဦးလောက် အလှည့်ကျ ထားပေးသွားမှာပါ။ ကျန်းမာရေးဝန်ထမ်းက ပါးစပ်၊ နှာခေါင်းစည်းဝေမယ်၊ ကိုယ်အပူချိန်တိုင်းမယ်၊ လုပ်အားပေးသမားက လက်သန့်စင်ဆေးရည် ဖျန်းပေးမယ်၊ အဲဒါတွေ လုပ်ပေးပြီးတော့မှ မဲရုံထဲ ဝင်ခွင့်ပြုပေးသွားမှာပါ” ဟု ကမာရွတ်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်စိုးက ပြောသည်။

ထို့ပြင် မဲဆန္ဒရှင်များအား သက်သေခံကတ်ပြားများ ထုတ်ပေးထားမည်ဖြစ်ပြီး မဲရုံသို့ လာရောက်မဲပေးရာတွင် အဆိုပါကတ်ပြားနှင့်အတူ နိုင်ငံသားစိစစ်ရေး ကတ်ပြားကိုပါ ပူးတွဲယူဆောင်လာရမည်ဖြစ်ကြောင်း သိရသည်။ ယင်းသို့ဆောင်ရွက်ခြင်းမှာ ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်မှုကို ကာကွယ်ရန်နှင့် မဲရုံတွင် မဲဆန္ဒရှင်များ အချိန်ကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

မြို့နယ်အတွင်း ဖွင့်လှစ်မည့် မဲရုံပေါင်း ၃၇ ရုံတွင် မဲရုံမှူးနှင့် ဒုတိယမဲရုံမှူး ၇၄ ဦးတို့ကို တာဝန်ချထားပေးမည်ဖြစ်ကြောင်း သိရသည်။

ကမာရွတ်မြို့နယ်အတွင်း မဲဆန္ဒရှင် ၇၀၉၉၉ ဦးရှိပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ပြည်သူ့ပါတီ၊ ပြည်ထောင်စု ကောင်းကျိုးဆောင်ပါတီ၊ ပြည်သူ့ရှေ့ဆောင်ပါတီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ စသော ပါတီပေါင်းငါးခုမှ လွှတ်တော် အသီးသီးအတွက် ကိုယ်စားလှယ်များ ဝင်ရောက်ရွေးချယ်ခံမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ကရင်နှင့် ရခိုင်တိုင်းရင်းသား ကိုယ်စားလှယ်များ ဝင်ရောက်ရွေးချယ်ခံမည်ဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် ရန်ကုန်ခုတင် ၅၀၀ အထူးကုဆေးရုံကြီးသို့ Powered Air-purifying Respirator များ ပေးအပ်လှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၅**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် ရန်ကုန် ခုတင် ၅၀၀ အထူးကုဆေးရုံကြီးသို့ အလှူရှင် အမေရိကန်နိုင်ငံ Seattle မြို့နေ Hissho Sushi ၏ တည်ထောင်သူ Mr. Philip Maung မှ Powered Air-purifying Respirator (PAPR)များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ ညနေ ၃နာရီခွဲက ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်း အမှတ်(၅)ရှိ ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာ ဇော်သန်းထွန်းက အမှာစကားပြောကြားပြီး အလှူရှင်ကိုယ်စား Sea Lion Group မှ အမှုဆောင်အရာရှိချုပ် ဒေါက်တာ ဝင်းဇော်အောင်က လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ပြောကြားသည်။

ထို့နောက် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအရေးပေါ်ဌာန မှ ပါမောက္ခဌာနမှူး ဒေါက်တာ မော်မော်ဦးနှင့် ရန်ကုန်ခုတင် ၅၀၀ အထူးကုဆေးရုံကြီးမှ ရင်ခေါင်းခွဲစိတ်ဌာန ပါမောက္ခဌာနမှူး ဒေါက်တာ ထက်မြက် တို့ထံ အလှူရှင်ကိုယ်စား Sea Lion Group မှ အမှုဆောင်အရာရှိချုပ် ဒေါက်တာ ဝင်းဇော်အောင်က Powered Air-purifying Respirator များ ပေးအပ်လှူဒါန်းပြီး ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာ ဇော်သန်းထွန်းက ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ယနေ့ လှူဒါန်းပွဲတွင် ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် ရန်ကုန် ခုတင် ၅၀၀ အထူးကုဆေးရုံကြီးသို့ အလှူရှင် အမေရိကန်နိုင်ငံ Seattle မြို့နေ Hissho Sushi ၏ တည်ထောင်သူ Mr. Philip Maung မှ ငွေကျပ် သိန်း ၃၅၀ နှင့်ညီမျှသော Powered Air-purifying Respirator အစုံ ၅၀ ကို လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။




သတင်း-မင်းသစ်(MNA)၊ ဓာတ်ပုံ-ရဲထွဋ်

# ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူထားသည့် ကိုဗစ် - ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အထောက်အကူပစ္စည်းများ ဆက်လက်ရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၅**

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်များ၊ မဲရုံတာဝန်ကျဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ဖြန့်ဝေပေးမည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူထားသောပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တို့သို့ ယနေ့တွင် အထူးလေယာဉ်များဖြင့် ဆက်လက်ရောက်ရှိသည်။

ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အထူးလေယာဉ်ခြောက်ခေါက်၊ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ငါးခေါက် ရောက်ရှိသည်။

ယနေ့ ရောက်ရှိသောပစ္စည်းများမှာ KN95 Mask များ၊ Protective Face Mask များ၊ Boots များနှင့် PPE Medical Protective clothing များ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူထားသည့် ကိုဗစ် - ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အထောက်အကူပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိစဉ်။




ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူထားသည့် ကိုဗစ် - ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အထောက်အကူပစ္စည်းများ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိစဉ်။

## ပင်လယ်ရေအောက် ဖိုင်ဘာကေဘယ်သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ရေကြောင်းသတိပေးချက်ထုတ်ပြန်

**နေပြည်တော် နိုဝင်ဘာ ၅**

ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင် (အထူး)နှင့် အပြည်ပြည်ဆိုင်ရာ ပင်မဝင်ပေါက် ထွက်ပေါက်လုပ်ငန်း လုပ်ကိုင်ခွင့်ရရှိထားသည့် Campana Mythic Co.,Ltd. သည် မြန်မာ-စင်ကာပူ အပြည်ပြည်ဆိုင်ရာ ပင်လယ်ရေအောက် ဖိုင်ဘာကေဘယ်သွယ်တန်းခြင်းလုပ်ငန်းကို MV.Majestic Seven (Call Sign: XYGK), Asean Protector (Call Sign: 9VYR5) Royal Nadi သင်္ဘော သုံးစင်းတို့ဖြင့် Position A တွင် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၃၁ မိနစ် ၁၁၉ စက္ကန့် ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၀ မိနစ် ၀၀၅ စက္ကန့်၊ Position B တွင် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၃၁ မိနစ် ၄၆၅ စက္ကန့်၊ အရှေ့ လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၂ မိနစ် ၁၉၂ စက္ကန့်၊ Position C တွင် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၂၈ မိနစ် ၂၄၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၂ မိနစ် ၃၃၇ စက္ကန့်၊ Position D တွင် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၂၉ မိနစ် ၃၃၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၄ မိနစ် ၂၄၀ စက္ကန့်၊ Position E တွင် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၂၅ မိနစ် ၇၁၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၃ မိနစ် ၂၂၉ စက္ကန့်၊ Position F တွင် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၂၅ မိနစ် ၈၅၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၅ မိနစ် ၄၂၃ စက္ကန့်၊ Position G တွင် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၂၁ မိနစ် ၇၂၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၂ မိနစ် ၄၃၅ စက္ကန့်၊ Position H တွင် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၂၂ မိနစ် ၃၀၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၄ မိနစ် ၅၇၅ စက္ကန့်၊ Position I တွင် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၁၉ မိနစ် ၉၆၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၈ မိနစ် ၃၄၀ စက္ကန့်၊ Position J တွင် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၂၂ မိနစ် ၀၆၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၈ မိနစ် ၆၀၉ စက္ကန့်၊ Position K တွင် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၁၆ မိနစ် ၇၁၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၃၇ မိနစ် ၃၃၀ စက္ကန့်၊ Position L တွင် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၁၆ မိနစ် ၈၉၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၃၉ မိနစ် ၅၈၅ စက္ကန့်၊ Position M တွင် မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၂ မိနစ် ၁၂၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၃၆ မိနစ် ၅၇၈ စက္ကန့်၊ Position N တွင် မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၁ မိနစ် ၆၈၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၃၈ မိနစ် ၇၂၆ စက္ကန့်တွင် ၂၀.၁၁.၂၀၂၀ မှ ၂၉.၁၂.၂၀၂၀ အထိလည်းကောင်း၊ RV.Garda (Call Sign: YCYR2),C.S NIWA (Call Sign: A6E 2964) သင်္ဘောနှစ်စင်းဖြင့် Position M တွင် မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၂ မိနစ် ၁၂၈ စက္ကန့် ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၃၆ မိနစ် ၅၇၈ စက္ကန့်၊ Position N တွင် မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၁ မိနစ် ၆၈၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၃၈ မိနစ် ၇၂၆ စက္ကန့်၊ Position O တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၁၄ မိနစ် ၇၃၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၁ မိနစ် ၄၄၆ စက္ကန့်၊ Position P တွင် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၁၄ မိနစ် ၂၀၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၃ မိနစ် ၆၀၁ စက္ကန့်၊ Position Q တွင် မြောက်လတ္တီတွဒ် ၉ ဒီဂရီ ၃၈ မိနစ် ၈၂၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၀၃ မိနစ် ၆၀၁ စက္ကန့်၊ Position R တွင် မြောက်လတ္တီတွဒ် ၉ ဒီဂရီ ၃၈ မိနစ် ၉၄၈ စက္ကန့်၊ အရှေ့ လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၂ မိနစ် ၈၉၇ စက္ကန့်တွင် (၂၄.၁၁.၂၀၂၀) မှ ၂၈.၂.၂၀၂၁ အထိ လုပ်ငန်းများ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ၂၀.၁၁.၂၀၂၀ မှ ၂၈.၂.၂၀၂၁ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာမှ ၄ ကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရန်အတွက် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

**သတင်းစဉ်**

## မော်လမြိုင်ကျွန်းမြို့နယ် စိုက်ပျိုးမွေးမြူရေး သမဝါယမအသင်းသားများ စုဆောင်းငွေအပေါ်အတိုးများထုတ်ပေး

**မော်လမြိုင်ကျွန်း နိုဝင်ဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် သမဝါယမဦးစီးဌာနက ကြီးကြပ်၍ ကျေးလက်စိုက်ပျိုးရေး၊ မွေးမြူရေး အထွေထွေသမဝါယမအသင်းများ၏ အသင်းစုဆောင်းငွေအပေါ်အတိုးများ ထုတ်ပေးပွဲကို နိုဝင်ဘာ ၅ ရက် နံနက် ၁၁ နာရီက မော်လမြိုင်ကျွန်းမြို့နယ် မြတ်သာရွာဝကျေးရွာ ဘုန်းကြီးကျောင်း၌ ကျင်းပသည်။

ယင်းကျေးရွာ မြတ်စိန်တိုးသမဝါယမအသင်းသားများ၏ အသင်းသား စုဆောင်းငွေအပေါ် အတိုးထုတ်ပေးပွဲတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အိအိမွန်နှင့် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးကျော်ကျော်တို့က အသင်းသားများ သက်သာချောင်ချိမှုရရှိစေရေးအတွက် အသင်းသား စုဆောင်းငွေအပေါ် အတိုးများထုတ်ပေးရခြင်းနှင့် သမဝါယမချေးငွေနှင့်ပတ်သက်သည့် ကိစ္စများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြတ်စိန်တိုး သမဝါယမအသင်းသား ၁၂၀ ၏ အသင်းသား စုဆောင်းငွေအပေါ်အတိုး ငွေကျပ် ၁၈၀၅၂၅၀ အား မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌက မြတ်စိန်တိုး သမဝါယမအသင်းဥက္ကဋ္ဌ ဦးချစ်ဦးထံပေးအပ်ပြီး အသင်းသားများထံ အတိုးများ ဆက်လက်ထုတ်ပေးကြသည်။ အဆိုပါ မြို့နယ်တစ်မြို့နယ်လုံးရှိ ကျေးလက်စိုက်ပျိုးရေး၊ မွေးမြူရေး အထွေထွေသမဝါယမအသင်းများ၏ အသင်းသားစုဆောင်းငွေအပေါ် အတိုးများကို ကျေးရွာအလိုက် စနစ်တကျထုတ်ပေးခဲ့ကြပြီးဖြစ်ကြောင်း သိရသည်။

**မော်ကျွန်းမြင့်အောင်**

# ပုဂ္ဂလိကဆေးခန်းတွေ၊ ပုဂ္ဂလိကဆေးရုံတွေ ပိုပြီး ကိုဗစ်ရောဂါထိန်းချုပ်ရေးထဲမှာပါနိုင်အောင်လို့ အစီအစဉ်တွေလုပ်နေ



ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနက ကိုဗစ်ဒုတိယလှိုင်း နည်းနည်းကြာလာတာနဲ့အမျှ ဒီဟာကို ဘယ်လိုရင်ဆိုင်ရမယ်၊ ဘယ်လိုကျော်လွှားရမယ်၊ ဆက်ပြီးတော့တွေ့တဲ့ ကိုဗစ်ရောဂါရှိနေတဲ့ ပြည်သူတွေကို ဘယ်လို စောင့်ရှောက်ရမယ်၊ ကုသရမယ်ဆိုတာ ပိုပိုပြီးတော့နားလည်လာပါတယ်။ ပိုပိုပြီး နားလည်တာနဲ့အမျှ ပိုပြီးထိထိရောက်ရောက် ကိုင်တွယ်နိုင်ပါတယ်။ ဒီအချိန်မှာဆိုရင် ပုဂ္ဂလိကဆေးခန်းတွေ၊ ပုဂ္ဂလိကဆေးရုံတွေ ပိုမိုပြီးတော့ ကိုဗစ်ရောဂါ ထိန်းချုပ်ရေးထဲမှာ ပါနိုင်အောင်လို့လည်း ကျွန်မတို့ အစီအစဉ်တွေ လုပ်နေပါတယ်။ ပြည်သူတွေအနေနဲ့လည်း ကိုယ့်ဘာသာကိုယ် ရွေးချယ်ပိုင်ခွင့် ရှိအောင်လို့ပါ။ ပုဂ္ဂလိကဆေးခန်းတွေကို သွားချင်တယ်၊ ပုဂ္ဂလိကဆေးရုံတွေကို တက်ချင်တယ်ဆိုရင် ကိုဗစ်ကြောင့်ပဲဖြစ်ဖြစ်၊ ရှိပြီးသား အခံရောဂါတွေ၊ တခြားရောဂါတွေကြောင့်ပဲဖြစ်ဖြစ် တက်နိုင်အောင်လို့၊ ကိုယ့်ရဲ့ ဆုံးဖြတ်ချက်အရ ရွေးချယ်နိုင်အောင်လို့ပါ။ ဒီလိုရွေးချယ်တဲ့နေရာမှာလည်း ရွေးချယ်ပြီးတော့သွားတဲ့ ပြည်သူတွေအတွက်ရော၊ ဆေးရုံအတွက်ရော၊ အများပြည်သူအတွက်ရော လုံလုံခြုံခြုံဖြစ်အောင်လို့ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနက စည်းမျဉ်းစည်းကမ်းတွေ ချပြီးတော့ ပုဂ္ဂလိကဆေးခန်းတွေ၊ ဆေးရုံတွေနဲ့ ညှိနှိုင်းပြီး လုပ်ဆောင်နေပါတယ်။ ဒီဟာက ပြည်သူတွေအနေနဲ့ ရွေးချယ်ချင်သလို ရွေးချယ်နိုင်တဲ့အပြင် နိုင်ငံတော်ရဲ့ ဆေးရုံတွေအပေါ်မှာ ဝန်ထုပ်ဝန်ပိုး နည်းနည်းလျော့သွားနိုင်တယ်။ အဲဒါကလည်း ကိုဗစ်ကို ရင်ဆိုင်တဲ့နေရာမှာ အထောက်အကူဖြစ်မယ်လို့ ကျွန်မတို့ ယုံကြည်ပါတယ်။

**(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသား အဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၂၆–၁၀–၂၀၂၀ ရက်နေ့တွင် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့် စပ်လျဉ်း၍ ပြည်သူများသို့အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှကောက်နုတ်ချက် )**

*※ ကျော့ဖုံးမှ*

မြန်မာနိုင်ငံတွင် COVID-19 လူနာဖြစ်ပွား၊ သေဆုံးမှုအခြေအနေ

(၅-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၃,၈၆၀) ဦး | (၇၅၀,၉၅၀) ဦး |
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၉၉၅) ဦး | (၅၇,၉၃၅) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၁,၄၀၀) ဦး | (၄၂,၁၇၈) ဦး |
| သေဆုံးလူနာ | (၂၂) ဦး | (၁,၃၅၂) ဦး |

- ယနေ့ သေဆုံးသူ (၂၂) ဦးအနက် ရောဂါအခံရှိသူ (၁၆) ဦးပါဝင်ပါသည်။
  - တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID–19 ရောဂါ ကုသရေးဌာနများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၁,၄၀၀) ဦးတွင်–

o ပြည်သူ့ဆေးရုံများ – (၆၉၆) ဦး
o COVID–19 ရောဂါ ကုသရေးဌာနများ (ရန်ကုန်မြို့) – (၇၀၄) ဦး ပါဝင်ပါသည်။

- ရန်ကုန်တိုင်းဒေသကြီးအတွင်း အသွားအလာကန့်သတ်ထားရှိရာ နေရာများမှ ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက် Negative အဖြေထွက်ရှိခဲ့ပြီး နေအိမ်များတွင် အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း (၁,၆၆၉) ဦးတွင်–

o Hotel Quarantine – (၁၉၂) ဦး
o Facility Quarantine – (၂၁၁) ဦး
o Community Based Facility Quarantine – (၁,၁၇၅) ဦး
o Anosmia Center – (၉၁) ဦး

ပါဝင်ပြီး ၎င်းတို့အား နေအိမ်များတွင် အသွားအလာဆက်လက်ကန့်သတ်ထားရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ချင်းရွှေဟော်နယ်စပ်ဂိတ်မှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား ကိုဗစ်-၁၉ရောဂါပိုး ရှိ မရှိစစ်ဆေး၍ သက်ဆိုင်ရာဒေသများသို့ လွှဲပြောင်းပို့ဆောင်

**ချင်းရွှေဟော် နိုဝင်ဘာ ၅**

တရုတ်နိုင်ငံမှ ပြန်လာသည့် ချင်းရွှေဟော်နယ်စပ်ဂိတ်မှ ဝင်ရောက်လာသော မြန်မာနိုင်ငံသားနေရပ်ပြန်ပြည်သူ ၂၂ ဦးအား ချင်းရွှေဟော်မြို့ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီမှ ခေတ္တအသွားအလာ ကန့်သတ်ထားရှိပြီး ချင်းရွှေဟော်မြို့ ပြည်သူ့ဆေးရုံ၌ ကိုဗစ်–၁၉ရောဂါပိုးရှိ မရှိ Rapid Test Kit စနစ်ဖြင့် စစ်ဆေးဆောင်ရွက်ခဲ့ရာ နေရပ်ပြန်ပြည်သူ အားလုံးတို့မှာ ရောဂါပိုးမတွေ့ရှိ၍ ယမန်နေ့ ညနေ ၅ နာရီက ၎င်းတို့၏ သက်ဆိုင်ရာဒေသများသို့ ပြန်လည်ရောက်ရှိနိုင်ရေးအတွက် မော်တော်ယာဉ်များဖြင့် စနစ်တကျ စီစဉ်၍ လားရှိုးမြို့သို့ လွှဲပြောင်းပို့ဆောင်ပေးခဲ့သည်။

အဆိုပါ လွှဲပြောင်းပို့ဆောင်ပေးခဲ့သည့် နေရပ်ပြန်ပြည်သူ ၂၂ ဦးမှာ အမျိုးသား ၁၀ ဦးနှင့် အမျိုးသမီး ၁၂ ဦး တို့ ဖြစ်ကြပြီး ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ နှစ်ဦး၊ ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်မှ ခုနစ်ဦး၊ ရှမ်းပြည်နယ် လားရှိုးမြို့နယ်မှ လေးဦး၊ ကွတ်ခိုင်မြို့နယ်မှ နှစ်ဦး၊ ပန်ဆိုင်းမြို့နယ်မှ သုံးဦး၊ သိန္နီမြို့နယ်မှတစ်ဦးနှင့် မိုင်းနောင်မြို့နယ်မှ သုံးဦးတို့ဖြစ်ကြောင်း သိရသည်။

ဇင်ဇင်(ပြန်/ဆက်)

## ၅-၁၁-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၈၀၂၃၇၄ | ၆၂၉၃၁၃၂ | ၂၃၉၈၄၂ |
| ၂။ | အိန္ဒိယ | ၈၃၆၄၀၈၆ | ၇၇၁၁၈၀၉ | ၁၂၄၃၁၅ |
| ၃။ | ဘရာဇီး | ၅၅၉၀၉၄၁ | ၅၀၆၄၃၄၄ | ၁၆၁၁၇၀ |
| ၄။ | ရုရှား | ၁၇၁၂၈၅၈ | ၁၂၇၉၁၆၉ | ၂၉၅၀၉ |
| ၅။ | ပြင်သစ် | ၁၅၄၃၃၂၁ | ၁၂၂၆၆၂ | ၃၈၆၇၄ |
| ၆။ | စပိန် | ၁၃၅၆၇၉၈ | စိစစ်ဆဲ | ၃၈၁၁၈ |
| ၇။ | အာဂျင်တီးနား | ၁၂၀၅၉၂၈ | ၁၀၁၇၆၄၇ | ၃၂၅၂၀ |
| ၈။ | ကိုလံဘီယာ | ၁၁၀၈၀၈၄ | ၁၀၀၂၂၀၂ | ၃၂၀၁၃ |
| ၉။ | ဗြိတိန် | ၁၀၉၉၀၅၉ | စိစစ်ဆဲ | ၄၇၇၄၂ |
| ၁၀။ | မက္ကဆီကို | ၉၄၃၆၃၀ | ၆၉၇၄၀၂ | ၉၃၂၂၈ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၅- ၁၁ - ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၅၇၉၆ | ၃၅၇၁၄၂ | ၁၄၃၄၈ |
| ဖိလစ်ပိုင် | ၃၈၉၇၂၅ | ၃၄၉၅၄၃ | ၇၄၀၉ |
| စင်ကာပူ | ၅၈၀၄၃ | ၅၇၉၃၈ | ၂၈ |
| မြန်မာ | ၅၇၉၃၅ | ၄၂၁၇၈ | ၁၃၅၂ |
| မလေးရှား | ၃၆၄၃၄ | ၂၅၆၅၄ | ၂၇၇ |
| ထိုင်း | ၃၈၁၀ | ၃၆၂၃ | ၅၉ |
| ဗီယက်နမ် | ၁၂၀၇ | ၁၀၆၉ | ၃၅ |
| ကမ္ဘောဒီးယား | ၂၉၂ | ၂၈၃ | ၀ |
| ဘရူနိုင်း | ၁၄၈ | ၁၄၄ | ၃ |
| လာအို | ၂၄ | ၂၃ | ၀ |

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၅-၁၁-၂၀၂၀) ရက်နေ့၊ ညနေ (၅:၀၀)နာရီ

၁။ (၄-၁၁-၂၀၂၀)ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ (၁,၁၃၆) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြု လူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | လှိုင် | ၉၇ |
| | | တောင်ဥက္ကလာပ | ၆၃ |
| | | လှိုင်သာယာ | ၆၁ |
| | | ကမာရွတ် | ၆၀ |
| | | ရွှေပြည်သာ | ၆၀ |
| | | သဃ်န်းကျွန်း | ၅၂ |
| | | မြောက်ဥက္ကလာပ | ၄၆ |
| | | တာမွေ | ၄၃ |
| | | မင်္ဂလာဒုံ | ၄၂ |
| | | မရမ်းကုန်း* | ၃၄ |
| | | မှော်ဘီ | ၂၉ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၂၇ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း)* | ၂၇ |
| | | ရန်ကင်း | ၂၄ |
| | | အင်းစိန်* | ၂၄ |
| | | သန်လျင် | ၂၀ |
| | | ဒေါပုံ | ၁၉ |
| | | သာကေတ | ၁၆ |
| | | ဗဟန်း | ၁၄ |
| | | ဗိုလ်တထောင် | ၁၄ |
| | | စမ်းချောင်း | ၁၂ |
| | | ဒလ | ၁၂ |
| | | ကြည့်မြင်တိုင် | ၁၂ |
| | | ဒဂုံဆိပ်ကမ်း | ၁၀ |
| | | အလုံ | ၉ |
| | | ကျောက်တန်း | ၉ |
| | | မင်္ဂလာတောင်ညွန့် | ၇ |
| | | ပုဇွန်တောင် | ၇ |
| | | လသာ | ၇ |
| | | ကော့မှူး | ၆ |
| | | ကျောက်တံတား | ၆ |
| | | တိုက်ကြီး | ၅ |
| | | လမ်းမတော် | ၅ |
| | | ဒဂုံ | ၅ |
| | | သုံးခွ | ၄ |
| | | လှည်းကူး | ၄ |
| | | ပန်းဘဲတန်း | ၃ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၂ |
| | | ထန်းတပင် | ၁ |
| | | ကွမ်းခြံကုန်း | ၁ |
| | | ဆိပ်ကြီးခနောင်တို | ၁ |
| | | တွံ့တေး | ၁ |
| | | စုစုပေါင်း | ၉၀၁ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | ပြည်ကြီးတံခွန် | ၁၉ |
| | | မဟာအောင်မြေ | ၁၈ |
| | | ချမ်းမြသာစည် | ၆ |
| | | တောင်သာ | ၆ |
| | | အောင်မြေသာဇံ | ၆ |
| | | ချမ်းအေးသာစံ | ၄ |
| | | ပုသိမ်ကြီး | ၄ |
| | | အမရပူရ | ၂ |
| | | ကျောက်ပန်းတောင်း | ၁ |
| | | မလှိုင် | ၁ |
| | | ပျော်ဘွယ် | ၁ |
| | | ပြင်ဦးလွင် | ၁ |
| | | တံတားဦး | ၁ |
| | | စုစုပေါင်း | ၇၀ |
| ၃။ | ရခိုင်ပြည်နယ် | မောင်တော | ၇ |
| | | စစ်တွေ | ၂ |
| | | တောင်ကုတ် | ၂ |
| | | ပုဏ္ဏားကျွန်း | ၂ |
| | | စုစုပေါင်း | ၁၃ |
| ၄။ | ပဲခူးတိုင်းဒေသကြီး | ပဲခူး | ၁၂ |
| | | ကျောက်တံခါး | ၁၀ |
| | | တောင်ငူ | ၈ |
| | | ဝေါ | ၈ |
| | | အုတ်ဖို | ၄ |
| | | ဖြူး | ၃ |
| | | လက်ပံတန်း | ၃ |
| | | ပန်းတောင်း | ၃ |
| | | သာယာဝတီ | ၃ |
| | | မင်းလှ | ၂ |
| | | ညောင်လေးပင် | ၂ |
| | | ဒိုက်ဦး | ၁ |
| | | ကြို့ပင်ကောက် | ၁ |
| | | ကဝ | ၁ |
| | | ရေတာရှည် | ၁ |
| | | ဇီးကုန်း | ၁ |
| | | စုစုပေါင်း | ၆၃ |
| ၅။ | ဧရာဝတီတိုင်းဒေသကြီး | ကျိုက်လတ် | ၈ |
| | | ကြံခင်း | ၄ |
| | | မော်လမြိုင်ကျွန်း | ၂ |
| | | ဖျာပုံ | ၂ |
| | | ရေကြည် | ၂ |
| | | ကျုံပျော် | ၁ |
| | | လပွတ္တာ | ၁ |
| | | မအူပင် | ၁ |
| | | ဘိုကလေး | ၁ |
| | | ညောင်တုန်း | ၁ |
| | | စုစုပေါင်း | ၂၃ |
| ၆။ | မွန်ပြည်နယ် | သထုံ | ၆ |
| | | ရေး | ၄ |
| | | မော်လမြိုင် | ၃ |
| | | သံဖြူဇရပ် | ၂ |
| | | မုဒုံ | ၁ |
| | | ချောင်းဆုံ | ၁ |
| | | ကျိုက်ထို | ၁ |
| | | စုစုပေါင်း | ၁၈ |
| ၇။ | မကွေးတိုင်းဒေသကြီး | မကွေး | ၄ |
| | | စလင်း | ၂ |
| | | အောင်လံ | ၂ |
| | | ရေနံချောင်း | ၁ |
| | | ဂန့်ဂေါ | ၁ |
| | | မြိုင် | ၁ |
| | | မြို့သစ် | ၁ |
| | | စုစုပေါင်း | ၁၂ |
| ၈။ | နေပြည်တော် | ပျဉ်းမနား | ၁ |
| | | ဇမ္ဗူသီရိ | ၁ |
| | | စုစုပေါင်း | ၂ |
| ၉။ | စစ်ကိုင်းတိုင်းဒေသကြီး | စစ်ကိုင်း | ၁၀ |
| | | ကလေး | ၄ |
| | | မုံရွာ | ၂ |
| | | တန့်ဆည် | ၁ |
| | | ကောလင်း | ၁ |
| | | စုစုပေါင်း | ၁၈ |
| ၁၀။ | တနင်္သာရီတိုင်းဒေသကြီး | မြိတ် | ၃ |
| | | စုစုပေါင်း | ၃ |
| ၁၁။ | ကရင်ပြည်နယ် | မြဝတီ | ၁ |
| | | ဘားအံ | ၁ |
| | | စုစုပေါင်း | ၂ |
| ၁၂။ | ချင်းပြည်နယ် | ဖလမ်း | ၁ |
| | | ထန်တလန် | ၁ |
| | | စုစုပေါင်း | ၂ |
| ၁၃။ | ကချင်ပြည်နယ် | မြစ်ကြီးနား | ၁ |
| | | စုစုပေါင်း | ၁ |
| ၁၄။ | ရှမ်းပြည်နယ် | ရွှာင် | ၆ |
| | | ကျောက်မဲ | ၁ |
| | | လွိုင်လင် | ၁ |
| | | စုစုပေါင်း | ၈ |
| | (၄-၁၁-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | (၁,၁၃၆) ဦး |

* ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်မှ နှစ်ဦး၊ အင်းစိန်မြို့နယ်မှ တစ်ဦး၊ မရမ်းကုန်းမြို့နယ်မှ တစ်ဦးတို့သည် ပြည်ပမှပြန်လည်ရောက်ရှိလာပြီး အသွားအလာကန့်သတ်ထားရှိသူများ ဖြစ်ပါသည်။

မှတ်ချက်။ (၄-၁၁-၂၀၂၀) ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ ၁၁၃၆ ဦးတွင် အနံ့မရရှိသူ ၁၆၀ ပါရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# ပြည်ပနိုင်ငံများရောက် မြန်မာသင်္ဘောသားများအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် နိုဝင်ဘာ ၅**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် အီဂျစ်နိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသား ၁၄၀ ကို ကိုင်ရိုမြို့ရှိ မြန်မာသံရုံးနှင့် မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်သည့် မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။



ထို့ပြင် ကိုရီးယားသမ္မတနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသား ၁၃၆ ဦးကို ဆိုးလ်မြို့ရှိ မြန်မာသံရုံးနှင့် မြန်မာသင်္ဘောသားအလှည့်ကျ ဝန်ထမ်းပြောင်းလဲခြင်း အကူအညီပေးရေး ကော်မတီတို့မှ ပူးပေါင်းစီစဉ်သည့် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း (MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ/သတ်မှတ်ဟိုတယ်များ၌ အသွားအလာ ကန့်သတ်မှုခုနစ်ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးကြသည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်ကာလအတွင်း ယာဉ်လိုင်စင်နှင့် ယာဉ်မောင်းလိုင်စင် သက်တမ်းကျော်လွန်ခြင်းများကို ဖြေလျှော့ပေးမည်

**ရန်ကုန် နိုဝင်ဘာ ၅**

ကိုဗစ် - ၁၉ ရောဂါဖြစ်ပွားနေသည့်ကာလအတွင်း ကညနမှလုပ်ငန်းများရပ်နားထားမှုကြောင့် ယာဉ်လိုင်စင်နှင့် ယာဉ်မောင်းလိုင်စင်သက်တမ်း ကျော်လွန်ခြင်းများကို စိစစ်ဖြေလျှော့မှုများ ပြုလုပ်ပေးမည်ဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

ကနဦးမှတ်ပုံတင်ခြင်း၊ ရက်လွန်ဒဏ်ကြေး၊ သက်တမ်းတိုးမော်တော်ယာဉ်နှင့်ယာဉ်မောင်းလိုင်စင်ကိစ္စရပ်များကို လုပ်ငန်းရပ်နားထားသည့်ကာလများတွင် ဖြေလျှော့မှုများ ပြုလုပ်မည်ဖြစ်သည်။ ယာဉ်လိုင်စင်များ၊ ယာဉ်မောင်းလိုင်စင်သက်တမ်းကျော်လွန်မှုများကို ဖြေလျှော့ပေးမည်ဖြစ်သည်။ မော်တော်ယာဉ်များအနေဖြင့် သက်တမ်းတိုးမဆောင်ရွက်နိုင်မှုကြောင့် ယာဉ်ထိန်းရဲတပ်ဖွဲ့များနှင့် ညှိနှိုင်းချိတ်ဆက်ဆောင်ရွက်မှုများ ပြုလုပ်ထားကြောင်း သိရသည်။ ကညနရုံးများကို ကိုဗစ် - ၁၉ ရောဂါ ထိန်းချုပ်နိုင်သည့်အချိန်မှသာ ပြန်လည်ဖွင့်လှစ်မည်ဖြစ်ပြီး အများပြည်သူကို ကြိုတင်အသိပေးကြေညာမည်ဖြစ်ကြောင်း သိရသည်။

**အောင်သူရ**

# COVID-19 Call Center ကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထား

**နေပြည်တော် နိုဝင်ဘာ ၅**

COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်အတွက် COVID – 19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေး အော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID–19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နံနက် ၈ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်ခဲ့ပြီး ယခုအခါ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်းဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

**သတင်းစဉ်**

# ယူကရိန်း၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုနှုန်းတိုးနေသော်လည်း တစ်နိုင်ငံလုံး ကန့်သတ်ပိတ်ဆို့မှု ပြုလုပ်ရန်မရှိ

ကီယက်ဗ် နိုဝင်ဘာ ၅

**ယူကရိန်းနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု ဆက်လက်မြင့်တက်နေဆဲဖြစ်သော်လည်း အစိုးရအနေဖြင့် တစ်နိုင်ငံလုံး အဝင်အထွက်ကန့်သတ်ပိတ်ဆို့မှု ပြုလုပ်ရန် အစီအစဉ် မရှိကြောင်း ယူကရိန်းဝန်ကြီးချုပ် ဒီနီစ် ရှမ်ဟယ်လ်က ပြောကြားသည်။**

ယူကရိန်းနိုင်ငံအတွင်း ကပ်ရောဂါကြောင့် နောက်ထပ်ထိခိုက်မှုဖြစ်လာနိုင်သည့် အခြေအနေများအတွက် ပိုမိုတင်းကျပ်သည့် စည်းကမ်းများ ချမှတ်ဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောသည်။ အစိုးရအနေဖြင့် ကိုဗစ်-၁၉ ရောဂါ လူနာများကို ကုသရန်အတွက် လိုအပ်သော ခုတင်များ တိုးချဲ့ရန် ပြီးခဲ့သည့် ရက်သတ္တပတ်က အမေရိကန်ဒေါ်လာ ၂၁ သန်းဖိုးအထိ ရန်ပုံငွေ ခွဲဝေသတ်မှတ်ခဲ့ပြီး လူနာခုတင်များတွင် အောက်ဆီဂျင် အထောက်အကူပြုကိရိယာများကိုပါ တပ်ဆင်ခဲ့ကြောင်း ပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါ အမြန်စစ်ဆေးသည့် ကိရိယာနှစ်သန်း ဝယ်ယူနိုင်ရန်အတွက်လည်း အမေရိကန်ဒေါ်လာ ၃၅ သန်းဖိုးခန့် ထည့်သွင်းသုံးစွဲမည်ဖြစ်ကြောင်း ယူကရိန်းဝန်ကြီးချုပ်က ပြောကြားသည်။ ယူကရိန်းနိုင်ငံတွင် နိုဝင်ဘာ ၄ ရက်က ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအရေအတွက် စုစုပေါင်း ၄၂၀၆၁၇ ဦးရှိပြီး သေဆုံးသူအရေအတွက် ၇၇၃၁ ဦး ရှိကြောင်း သိရသည်။ ရောဂါပျောက်ကင်းသွားသည့် လူနာအရေအတွက်မှာ ၁၇၆၄၀၄ ဦး ဖြစ်ကြောင်း ယူကရိန်းကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။

**ဆင်ဟွာ**



ယူကရိန်းနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမှ ကာကွယ်ရန် နှာခေါင်းစည်းများ ဝေငှပေးနေသည့် ကျန်းမာရေးဝန်ထမ်းတစ်ဦးကို တွေ့ရစဉ်။

# ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သဘောတူညီမှုမှ အမေရိကန် နုတ်ထွက်

**ဝါရှင်တန် နိုဝင်ဘာ ၅**

အမေရိကန်ပြည်ထောင်စုသည် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပါရီသဘောတူညီမှုမှ နိုဝင်ဘာ ၄ ရက်တွင် တရားဝင်နုတ်ထွက်သွားပြီဖြစ်သည်။

### နာမည်ဆိုးတပ်

အဆိုပါ သဘောတူညီမှုသည် လက်တွေ့တွင် မျှတမှုမရှိဘဲ အမေရိကန်၏ ထုတ်လုပ်ရေးလုပ်ငန်းကို ကန့်သတ်ထားသည်ဟု အမေရိကန်သမ္မတ ထရမ့်က နာမည်ဆိုးတပ်ခဲ့သည်။ လွန်ခဲ့သည့်နှစ် နိုဝင်ဘာ ၄ ရက်ကတည်းက ထရမ့်အစိုးရအဖွဲ့သည် ကမ္ဘာကြီးပူနွေးလာမှုကို ဖြေရှင်းရန် ပြုလုပ်ခဲ့သည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပါရီသဘောတူညီမှုမှ တရားဝင်နုတ်ထွက်တော့မည်ဟု ကုလသမဂ္ဂကို အသိပေးခဲ့ပြီးဖြစ်သည်။ အမှန်တကယ် တရားဝင်နုတ်ထွက်မှုမှာမူ တစ်နှစ်အကြာတွင် ပြုလုပ်နိုင်ခဲ့သည်။




ရာသီဥတုပြောင်းလဲမှုညီလာခံကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာ၂ ရက်က ကျင်းပစဉ်။

### ကြေညာချက် ထုတ်ပြန်

ကုလသမဂ္ဂမှ မူဘောင်ချမှတ်ထားသည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညီလာခံမှ ဗြိတိန်၊ ပြင်သစ်တို့အပါအဝင် အခြားသော နိုင်ငံများနှင့် ပူးပေါင်းကာ အမေရိကန်၏ နုတ်ထွက်မှုအပေါ် ဝမ်းနည်းမိကြောင်း ကြေညာချက် ထုတ်ပြန်ခဲ့သည်။ အဆိုပါ သဘောတူညီမှုမှ နုတ်ထွက်မှုနှင့် စပ်လျဉ်းပြီး အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူက အင်န်အိတ်ချ်ကေသို့ ပြောကြားခဲ့သည်။ စီးပွားရေးတိုးတက်ကြီးပွားမှု ပြုလုပ်နေစဉ်နှင့် စွမ်းအင်ကဏ္ဍ လုံခြုံစိတ်ချရရေးအတွက် ပြုလုပ်နေစဉ် သဘာဝပတ်ဝန်းကျင် ကာကွယ်ရေးကိုလည်း အမေရိကန်အစိုးရက ထောက်ပံ့ပေးလျက်ရှိသည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

### ပြန်လည်ပါဝင်လာမည်ဟု ဘိုင်ဒင်ပြော

အမေရိကန်သမ္မတ ရွေးကောက်ပွဲ နောက်ဆုံးရလဒ်ကို စောင့်ဆိုင်းနေသည့် သမ္မတလောင်း ဂျိုးဘိုင်ဒင်ကလည်း နိုဝင်ဘာ ၃ ရက်က ၎င်းသာ ရွေးကောက်ခံရပါက ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပါရီသဘောတူညီမှုတွင် ပြန်လည်ပါဝင်လာမည်ဟု ပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စုသည် ရက်ပေါင်း ၃၀ ကြာပြီးနောက် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရုံးသို့ စာရေးသားပေးပို့လာပါက ပါရီသဘောတူညီမှုသို့ ပြန်လည်ပါဝင်လာနိုင်ကြောင်း ကျွမ်းကျင်သူများက ပြောသည်။

**အင်န်အိတ်ချ်ကေ**

# ပြင်သစ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်သူ ၄၀၅၅၈ ဦး ထပ်မံတွေ့ရှိ

**ပါရီ နိုဝင်ဘာ ၅**

ပြင်သစ်နိုင်ငံတွင် နိုဝင်ဘာ ၄ ရက်က ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၄၀၅၅၈ ဦးထပ်မံတွေ့ရှိခဲ့ကြောင်း သိရသည်။ နိုဝင်ဘာ ၃ ရက်က ရောဂါကူးစက်ခံရသူ ၃၆၃၃၀ တွေ့ရှိခဲ့ပြီးနောက် ရောဂါပိုးတွေ့ရှိသူ ပိုများလာခြင်းဖြစ်ကြောင်း ကျန်းမာရေးအာဏာပိုင်များက ဖော်ပြသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ စတင်ကူးစက်ဖြစ်ပွားခဲ့ချိန်မှ စတင်ကာ လက်ရှိအချိန်အထိ ရောဂါကူးစက်ခံရသူအရေအတွက် စုစုပေါင်း ၁၅၄၃၃၂ ဦး ရှိသွားပြီဖြစ်သည်။ ပြီးခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၈၅ ဦး ထပ်တိုးလာခဲ့ရာ စုစုပေါင်း သေဆုံးသူအရေအတွက် ၃၈၆၇၄ ဦး ရှိသွားပြီဖြစ်ကြောင်း သိရသည်။

အစိုးရ၏ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုဆိုင်ရာ သတင်းဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည့် ကိန်းဂဏန်းများအရ ဆေးရုံသို့ တက်ရောက်ရသည့် လူနာအရေအတွက်မှာလည်း ၁၂၆၉ ဦးမှ ၂၇၀၀၀ ကျော်အထိ ဖြစ်လာခဲ့ကြောင်း သိရသည်။ ရောဂါကူးစက်ခံရပြီးနောက် ပြန်လည်သက်သာလာသည့် လူနာအရေအတွက် ၄၀၈၉ ဦး ရှိကြောင်း သိရသည်။

ဆေးရုံတက်ရောက်ရသည့် လူနာအရေအတွက်နှင့် ရောဂါဖြစ်ပွားမှုနှင့် ဆက်နွှယ်သည့် သေဆုံးသူအရေအတွက်မှာ လာမည့် ရက်သတ္တပတ်အတွင်း ထပ်တိုးလာဖွယ်ရှိကြောင်း ပြည်သူ့ကျန်းမာရေးအေဂျင်စီက သတိပေးခဲ့သည်။

**ဆင်ဟွာ**

# အပူပိုင်းမုန်တိုင်း အီတာ ဝင်ရောက်မှုကြောင့် ဟွန်ဒူးရပ်စ်၌ နိုင်ငံတော်အရေးပေါ်အခြေအနေ ကြေညာ

**တီဂူစီဂယ်လ်ပါ နိုဝင်ဘာ ၅**

ဟွန်ဒူးရပ်စ်နိုင်ငံအရှေ့ပိုင်းရှိ နီကာရာဂွါနယ်စပ်သို့ အပူပိုင်းမုန်တိုင်း အီတာ ဝင်ရောက်လာမှုကြောင့် နိုဝင်ဘာ ၄ ရက်တွင် နိုင်ငံတော်အရေးပေါ်အခြေအနေ ကြေညာထားကြောင်း သိရသည်။

နိုင်ငံ့နယ်နိမိတ် တစ်လျှောက် အနီရောင် သတိပေးနှိုးဆော်ချက် ထုတ်ပြန်ရန် ဆုံးဖြတ်လိုက်ကြောင်း ဟွန်ဒူးရပ်စ်သမ္မတ ဂျူအန်အော်လန်ဒိုဟာနန်ဒက်ဇ်က ပြည်သူများသို့ ပြောကြားသည့် မိန့်ခွန်းတွင် ပြောသည်။ အပူပိုင်းမုန်တိုင်း အီတာကြောင့် အသက် ၁၂ နှစ်အရွယ်ကလေးငယ်တစ်ဦး သေဆုံးခဲ့ပြီး အိမ်ထောင်စုပေါင်း ၇၅၀ ကျော် နေအိမ်များမှ ထွက်ပြေးတိမ်းရှောင်ခဲ့ရကြောင်း သိရသည်။



ဟွန်ဒူးရပ်စ်၌ မုန်တိုင်း အီတာဝင်ရောက်မှုကြောင့် လေပြင်းများ တိုက်ခတ်မှုကို တွေ့ရစဉ်။

မုန်တိုင်းအီတာကြောင့် မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် ရေကြီးမှုများဖြစ်ပေါ်ခဲ့ရာ တံတားငါးစင်းအထိ ပျက်စီးခဲ့ပြီး လူထုဆက်သွယ်ရေးလမ်းကြောင်း ၄၁ ခုအထိ ပျက်စီးခဲ့ကာ တီဂူစီဂယ်လ်ပါရှိ တွန်ကိုတင် နိုင်ငံတကာလေဆိပ်ကို ပိတ်ထားရမည့်အခြေအနေ ရောက်ရှိစေခဲ့သည်။

ထို့ပြင် မုန်တိုင်းကြောင့် ဒေသခံပြည်သူ ၁၀၀၀၀၀ တို့မှာ လျှပ်စစ်ဓာတ်အားပြတ်တောက်မှု ဖြစ်ပွားလျက်ရှိကြောင်း ဟွန်ဒူးရပ်စ် စွမ်းအင်ကုမ္ပဏီက ပြောကြားခဲ့သည်။ မုန်တိုင်းအရှိန်ကြောင့် နိုဝင်ဘာ ၅ ရက်တွင် စူလာတောင်ကြားဒေသ မြောက်ပိုင်း၌ မိုးများနိုင်ကြောင်း ခန့်မှန်းထားသည်။

**ဆင်ဟွာ**

# အစိုးရနှင့် ဆွေးနွေးညှိနှိုင်းမှု ပြုလုပ်ရန် ထိုင်းဆန္ဒပြသူများ ငြင်းဆို

**ဘန်ကောက် နိုဝင်ဘာ ၅**

ထိုင်းနိုင်ငံရှိ အစိုးရဆန့်ကျင်ဆန္ဒပြသူများက အစိုးရနှင့် ပြန်လည်သင့်မြတ်ရေးကော်မတီတွင် ပူးပေါင်းပါဝင်ရန် ငြင်းဆိုလိုက်ကြောင်း သိရသည်။ လူငယ်များ ဦးဆောင်၍ ပြုလုပ်နေသော ဘန်ကောက်မြို့ ဆန္ဒပြပွဲများကို လျော့ကျသွားစေရေးအတွက် ကော်မတီတစ်ခု ထူထောင်ရန် အောက်တိုဘာ ၂၇ ရက်က ထိုင်းပါလီမန်တွင် အဆိုတင်သွင်းခဲ့သည်။ နိုဝင်ဘာ ၄ ရက်က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ဆန္ဒပြသူများအုပ်စုက ကြေညာချက် ထုတ်ပြန်ခဲ့သည်။

အဆိုပါကော်မတီမှာ ဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာအတွက် အချိန်ရစေရေး နိုင်ငံရေးအရ အချိန်ဆွဲပေးမည့် အဖွဲ့အစည်းမျှသာဖြစ်သည်ဟု ဆန္ဒပြသူများက ပြောသည်။ ဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာ အာဏာရနေသေးသရွေ့ ဆွေးနွေးညှိနှိုင်းအဖြေရှာမှုများ မရှိသေးဟု ဆန္ဒပြသူများဘက်မှ ကြေညာချက် ထုတ်ပြန်ခဲ့သည်။

ယင်းကော်မတီအတွက် ပါဝင်မည့်အဖွဲ့ဝင်များကို ဆက်လက်ရွေးချယ်ဆဲဖြစ်သည်ဟု မီဒီယာများတွင် ဖော်ပြကြသည်။ သို့သော်လည်း လူငယ်များကမူ ဆန္ဒပြပွဲများကို ဆက်လက်လုပ်ဆောင်မည့် သဘောရှိသည်။

ဆန္ဒပြသူများ၏ တောင်းဆိုချက်များတွင် လက်ရှိဝန်ကြီးချုပ် ရာထူးမှ နုတ်ထွက်ပေးရေးနှင့် ဘုရင်စနစ်တွင် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် ပါဝင်သည်။

**အင်န်အိတ်ချ်ကေ**

# အမေရိကန်သမ္မတရွေးကောက်ပွဲတွင် မဲအားလုံးရေတွက်ရန် ဆန္ဒပြသူများတောင်းဆို



ဆန္ဒပြသူများကိုတွေ့ရစဉ်။

**ဝါရှင်တန် နိုဝင်ဘာ ၅**
အမေရိကန်သမ္မတရွေးကောက်ပွဲတွင် မဲအားလုံးကို ရေတွက်ရန် အမေရိကန်ပြည်ထောင်စုတစ်ဝန်း ဆန္ဒပြမှုများ ဖြစ်ပွားခဲ့ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် နိုဝင်ဘာ ၅ ရက်က ဖော်ပြလိုက်သည်။

စည်းကမ်းနှင့်မညီ၊ နည်းလမ်းမကျဟုဆိုကာ တချို့ပြည်နယ်များတွင် မဲများဆက်လက်ရေတွက်နေခြင်းကို ရပ်တန့်ရန် အမေရိကန်သမ္မတဒေါ်နယ်ထရမ့် ရွေးကောက်ပွဲစီစဉ်သူများက တရားရုံးသို့ တောင်းဆိုလျက်ရှိသည်။ စာတိုက်မဲများသည် မဲလိမ်လည်မှုကိုဖြစ်စေနိုင်ကြောင်း ထရမ့်က ပြောကြားလျက်ရှိသည်။

နိုဝင်ဘာ ၄ ရက်က လူထောင်ပေါင်းများစွာသည် နယူးယောက်စီးတီးတွင် စုဝေးခဲ့ပြီး လမ်းများတစ်လျှောက် ချီတက်ဆန္ဒပြခဲ့သည်။ ချီတက်ဆန္ဒပြစဉ် "မဲတစ်ခုချင်းစီကိုရေတွက်"ဟုအဓိပ္ပာယ်ရသည့် လက်ကိုင်ပိုစတာများကို ဝှေ့ယမ်းခဲ့သည်။

အသက်အရွယ်မရွေး လူအားလုံး အဆိုပါဆန္ဒပြပွဲကို ပါဝင်ခဲ့ပြီး ဒီမိုကရေစီကိုကာကွယ်ကြနှင့် မဲအားလုံးရေတွက်ပြီးချိန်အထိစောင့်ဟု ဆိုသည့်စာသားများကို ဟစ်ကြွေးဆန္ဒပြခဲ့ကြသည်။

ရွေးကောက်ပွဲပြီးနောက် မလိုလားအပ်သည့် လှုပ်ရှားမှုများဖြစ်ပေါ်လာမည်ကိုစိုးရိမ်သောကြောင့် နယူးယောက်မြို့တွင် လုံခြုံရေးများကိုတင်းကျပ်ထားကြောင်း သိရသည်။ ထရမ့်ထောက်ခံသူများနှင့် ဆန္ဒပြသူများအကြား ပဋိပက္ခများဖြစ်ပွားမည်စိုးသောကြောင့် နိုဝင်ဘာ ၄ ရက်ကလည်း ရဲများကို လုံခြုံရေးချထားသည်။

ဆန္ဒပြသူတစ်ဦးက ထရမ့်ဟာ ရွေးကောက်ပွဲအမှန်တရားကို ခိုးယူနေတယ်။ ဒါကို ကျွန်တော်တို့လက်မခံဘူးဆိုတာ ပြောဖို့ လမ်းများပေါ်မှာ ဆက်ပြီးဆန္ဒပြသွားမယ်ဟု ပြောသည်။ **အင်န်အိတ်ချ်ကေ**

# နိုင်ငံကိုယ်စားပြု ကိုယ်စားလှယ်ခန့်အပ်ရန် ပျက်ကွက်ခဲ့မှုဖြင့် ဖေ့စ်ဘွတ်၊ တွစ်တာနှင့် တခြားလူမှုမီဒီယာသုံးခုကို တူရကီ ဒဏ်ရိုက်

**အင်ကာရာ နိုဝင်ဘာ ၅**
တူရကီသည် နိုဝင်ဘာ ၄ ရက်က ဖေ့စ်ဘွတ်၊ တွစ်တာနှင့် တခြား လူမှုမီဒီယာကုမ္ပဏီသုံးခုကို လွန်ခဲ့သောလမှ စတင်အာဏာသက်ဝင်ခဲ့သည့် အငြင်းပွားဖွယ်ဥပဒေအရ နိုင်ငံကိုယ်စားပြု ကိုယ်စားလှယ်ခန့်အပ်ရန် ပျက်ကွက်ခဲ့မှုဖြင့် ဒဏ်ရိုက်လိုက်သည်။

**ဒဏ်တပ်ခြင်းခံရမည်**

ဇူလိုင်လက အတည်ပြုခဲ့သော ဥပဒေအရ အငြင်းပွားဖွယ် အကြောင်းအရာများကို ဖယ်ရှားရန် တရားရုံး၏ အမိန့်များကို အကောင်အထည်ဖော်နိုင်ရန်အတွက် တူရကီတွင် ကိုယ်စားလှယ် တစ်သန်းကျော်ရှိသည့် လူမှုကွန်ရက်များအားလုံး ကိုယ်စားလှယ်များ ခန့်အပ်ရန် လိုအပ်သည်။ သို့မဟုတ်ပါက ကြီးလေးသော ဒဏ်တပ်ခြင်းခံရမည် ဖြစ်သည်။

အဆိုပါဥပဒေကို လိုက်နာရန် ပျက်ကွက်မှုဖြင့် တူရကီသည်



ဖေ့စ်ဘွတ်၊ အင်စတာဂရမ်၊ ယူကျူ့နှင့်အခြား အက်ပလီကေးရှင်းများကို တွေ့ရစဉ်။

ဖေ့စ်ဘွတ်၊ အင်စတာဂရမ်၊ တွစ်တာ၊ ပယ်ရီစကုပ်၊ ယူကျူ့နှင့် Tik Tok တို့ကို တူရကီလိုင်ရာ ငွေ ၁၀ သန်း (အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ သန်း၊ ယူရိုတစ်သန်း) ဒဏ်ရိုက်လိုက်ကြောင်း သယ်ယူပို့ဆောင်ရေးနှင့် အခြေခံအဆောက်အအုံဆိုင်ရာ ဒုတိယဝန်ကြီး အိုမာဖာတီဆေရမ်က တွစ်တာတွင် ဖော်ပြလိုက်သည်။

အဆိုပါလူမှုမီဒီယာများအနေဖြင့် ဒီဇင်ဘာလမတိုင်မီ ပြည်တွင်းရုံးများ ဖွင့်လှစ်ရန် ပျက်ကွက်ပါက နောက်ထပ် လိုင်ရာ သန်း ၃၀ ဒဏ်ရိုက် ခံရမည်ဖြစ်ကြောင်း သိရသည်။

**အပိတ်ခံရမည့် အကျိုးဆက်ဖြစ်ပေါ်စေ**

ဇန်နဝါရီလအစောပိုင်းမတိုင်မီ လိုက်နာရန် ပျက်ကွက်မှုများသည် ကြော်ငြာချက်များကို တားမြစ်ထားသည့် သို့မဟုတ် အပိတ်ခံရမည့် အကျိုးဆက်ဖြစ်ပေါ်စေမည်ဖြစ်သည်။

အပိတ်ခံရပြီးနောက် လူမှုမီဒီယာကုမ္ပဏီများအနေဖြင့် တူရကီဥပဒေကို သုံးလကြာ လျစ်လျူရှုမည်ဆိုပါက ဆက်သွယ်ရေးကွန်ရက် သုံးစွဲနှုန်းကို လျှော့ချရန် တွေ့ကြုံရမည်ဖြစ်ပြီး ငါးကြိမ်မြောက်နှင့် နောက်ဆုံးအဆင့်တွင် ၉၀ ရာခိုင်နှုန်းအထိ တွေ့ကြုံရမည်ဖြစ်သည်။

ဒစ်ဂျစ်တယ် အခွင့်အရေးကျွမ်းကျင်သူ ရာမန်အက်ဒီနစ်ကမည်သည့် လူမှုမီဒီယာမဆို ဆက်သွယ်ရေးကွန်ရက် သုံးစွဲနှုန်း လျှော့ချမှုကို ဧပြီလတွင် စတင်မည်ဖြစ်ကြောင်း သိရသည်။

ယခုအချိန်အထိ ရုရှားလူမှုမီဒီယာကုမ္ပဏီဖြစ်သည့် ဗီကေသည် တူရကီ ကိုယ်စားလှယ်တစ်ဦးကို ခန့်အပ်ခဲ့ကြောင်း အက်ဒီနစ်က နိုဝင်ဘာ ၃ ရက်တွင် တွစ်တာ၌ ဖော်ပြခဲ့သည်။ **အေအက်ဖ်ပီ**

# အာရှ-ပစိဖိတ် နိုင်ငံများတွင် ကိုဗစ်-၁၉ ကူးစက်မှုများ ဆက်လက်ဖြစ်ပွားလျက်ရှိ

**ဟောင်ကောင် နိုဝင်ဘာ ၅**
အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ အတည်ပြုကူးစက်လူနာအရေအတွက် ၈၃၆၄၀၈၆ ဦး ရှိလာချိန်တွင် အင်ဒိုနီးရှားတွင်လည်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၄၀၆၅ ဦးရှိလာခဲ့ရာ ကိုဗစ်-၁၉ ရောဂါကူးစက်မှုများသည် အာရှ-ပစိဖိတ်နိုင်ငံများတွင် ဆက်လက်ဖြစ်ပွားလျက်ရှိသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၅၀၂၁၀ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံး အချက်အလက်များအရ သိရသည်။ အလားတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူပေါင်းမှာလည်း ၁၂၄၃၁၅ ဦးရှိလာပြီဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံတွင်လည်း တစ်နေ့အတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ၄၀၆၅ ဦးမြင့်တက်လာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူဦးရေသည် ၄၂၅၇၉၆ ဦး ရှိလာခဲ့ပြီး သေဆုံးသူဦးရေသည်လည်း ၁၄၃၄၈ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ဖော်ပြသည်။

ဖိလစ်ပိုင်နိုင်ငံတွင်လည်း ကိုဗစ်-၁၉ ထပ်မံဖြစ်ပွားသူ ၁၅၉၄ ဦးနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ဖြစ်ပွားသူ စုစုပေါင်း ၃၈၉၇၂၅ ဦး ရှိလာသည်။ မလေးရှားနိုင်ငံတွင်လည်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၀၀၉ ဦးရှိလာမှုနှင့်အတူ နိုင်ငံတစ်ဝန်း စုစုပေါင်းကိုဗစ်-၁၉ ဖြစ်ပွားသူဦးရေသည် ၃၆၄၃၄ ဦး ရှိလာကြောင်း နိုင်ငံ၏ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။

တိုကျိုတွင်လည်း တစ်နေ့အတွင်း ကိုဗစ်-၁၉ ကူးစက်မှုအသစ် ၂၆၉ ခု ရှိကြောင်းဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ခံရသူ ၃၁၈၉၃ ဦး ရှိလာခဲ့သည်။ တောင်ကိုရီးယားနိုင်ငံတွင်လည်း နောက်ထပ် ကိုဗစ်-၁၉ ဖြစ်ပွားသူ ၁၂၅ ဦးရှိကြောင်း နိုဝင်ဘာ ၄ ရက်ကဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ခံရသူ ၂၇၀၅၀ ရှိလာခဲ့ပြီး သေဆုံးသူ စုစုပေါင်း ၄၇၅ ဦးရှိလာခဲ့သည်။

**ဆင်ဟွာ**

# ကိုဗစ်- ၁၉ ကူးစက်မှု တိုးတက်လာသောကြောင့် ညမထွက်ရအမိန့် အီတလီထုတ်ပြန်

**ရောမ နိုဝင်ဘာ ၅**
နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ တိုးတက်လာသည့်အတွက် အီတလီဝန်ကြီးချုပ် ဂူဆက်ပီကွန်တီက တစ်နိုင်ငံလုံးတွင် ည ၁၀နာရီမှ နံနက် ၅ နာရီအထိ ညမထွက်ရအမိန့်ထုတ်ပြန်ရန် အမိန့်ကြေညာချက်တစ်ခုကို လက်မှတ်ရေးထိုးလိုက်သည်။

ဒေသစံတော်ချိန် နိုဝင်ဘာ ၄ ရက် ည ၁၂ နာရီဝန်းကျင်က လက်မှတ်ရေးထိုးလိုက်သော အဆိုပါ ညမထွက်ရအမိန့်သည် နိုဝင်ဘာ ၅ ရက်မှ စတင်အာဏာသက်ရောက်မည်ဖြစ်ပြီး ဒီဇင်ဘာ ၃ ရက်အထိ ကြာမြင့်မည်ဖြစ်သည်။

အီတလီနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ခံရသူ ၂၈၂၄၄ ဦး ခုန်တက်လာပြီး သေဆုံးသူ ၃၅၃ ဦးရှိလာပြီးနောက် ယခုလို ညမထွက်ရအမိန့်ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၄၁၈၀၄၂ ဦးရှိပြီး ၎င်းတို့အနက် ၃၉၄၈၀၃ ဦး အိမ်တွင်အသွားအလာကန့်သတ်စောင့်ကြည့်မှု ခံယူလျက်ရှိပြီး ၂၁၁၁၄ ဦးဆေးရုံတွင် ကုသမှုခံယူလျက်ရှိကာ ၂၂၂၅ ဦးမှာ အထူးကြပ်မတ်ကုသဆောင်တွင် ဆေးကုမှုခံယူလျက်ရှိသည်။

အမိန့်ထုတ်ပြန်ချက်တွင် တစ်နိုင်ငံလုံးအနေဖြင့် အထက်တန်းကျောင်းများကို အွန်လိုင်းသင်ကြားရေး ပြန်လည်ပြုလုပ်ရန်လည်း ပါဝင်သည်။ မူလတန်းကျောင်းများနှင့် အလယ်တန်းကျောင်းများကို ဆက်လက်ဖွင့်ခွင့်ပေးထားပြီး တက္ကသိုလ်ပရဝဏ်အတွင်း ကျောင်းသားများခြင်းကို ရှောင်ရှားရန်အတွက် တက္ကသိုလ်များအနေဖြင့် ကျောင်းသားရာခိုင်နှုန်း မည်မျှ အွန်လိုင်းသင်ကြားခြင်းဖြင့် သင်ကြားရမည်နည်းဆိုသည်ကို စဉ်းစားဆုံးဖြတ်နေကြောင်း သိရသည်။

နိုင်ငံတစ်ဝန်း ဈေးဝယ်ကုန်တိုက်များကို စနေ၊ တနင်္ဂနွေရက်များနှင့် အားလပ်ရက်များတွင် ပိတ်ရမည်ဖြစ်ပြီး ဘားများနှင့် စားသောက်ဆိုင်များကို နံနက် ၅ နာရီမှ ညနေ ၆ နာရီအထိသာ ဆက်လက်ဖွင့်ခွင့်ပြုမည်ဖြစ်ပြီး အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ၅၀ ရာခိုင်နှုန်းသာ ဝန်ဆောင်မှုပြုထားကြောင်း သိရသည်။

ထို့အတူ ပြတိုက်များ၊ ပြခန်းများ၊ ပြဇာတ်ရုံများ၊ ကပွဲခန်းမများ၊ ရုပ်ရှင်ရုံများ၊ လောင်းကစားခန်းမများကိုလည်း ပိတ်ထားရမည်ဖြစ်ပြီး လူထုစုဝေးခြင်းများ၊ အောင်မြင်မှုအထိမ်းအမှတ်ပွဲများကျင်းပခြင်းများ၊ ပျော်ပွဲရွှင်ပွဲများ၊ ပွဲတော်များ၊ အခမ်းအနားအစီအစဉ်များပြုလုပ်ခြင်းကိုလည်း တားမြစ်ထားသည်။


အီတလီနိုင်ငံ ရောမမြို့ရှိ ကလော့စီယမ်အဆောက်အအုံကို လာရောက်လေ့လာနေသော ခရီးသွားအနည်းငယ်ကို နိုဝင်ဘာ ၄ ရက်က တွေ့ရစဉ်။

ကမ္ဘာကြီးအနေဖြင့် ကိုဗစ်-၁၉ ရောဂါကို ထိန်းချုပ်ရန် ကြိုးစားနေချိန်တွင် အီတလီ၊ ပြင်သစ်၊ တရုတ်၊ ရုရှား၊ အင်္ဂလန်နှင့် အမေရိကန်နိုင်ငံတို့သည် ကာကွယ်ဆေးရရှိရန် အကြိတ်အနယ်ကြိုးစားလျက်ရှိသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဝက်ဘ်ဆိုက်အရ နိုဝင်ဘာ ၃ ရက်အထိ ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ဆေးထုတ်လုပ်နေသော အဖွဲ့ပေါင်း ၂၀၂ ဖွဲ့ရှိပြီး ၎င်းတို့အနက် ၄၇ ဖွဲ့မှာ နောက်ဆုံးစမ်းသပ်မှုအဆင့်သို့ ရောက်နေပြီဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

# ကိုဗစ် -၁၉ ကာလအတွင်း ဆန်းသစ်မှုတွေနဲ့ ခရီးသည်တွေကို ဆွဲဆောင်လာကြတဲ့ လေကြောင်းလိုင်းများ

ခြူးစန္ဒီနွေး

**ထိုင်းအဲဝေး လေကြောင်းလိုင်းကတော့ ခရီးသွားလာမှုနှုန်း အဆမတန်လျော့ကျနေပြီး ခရီးသွားလုပ်ငန်း အကျဘက်ကို ဦးတည်နေတဲ့ ယခုလိုအချိန်အခါမျိုးမှာ အမြဲလိုလို ဆန်းသစ်မှုတွေကို လုပ်ဆောင်လေ့ရှိပါတယ်။**

**ရေပန်းစားလာ**

ယခုလနှောင်းပိုင်းမှာတော့ ထိုင်းနိုင်ငံမှာရှိတဲ့ အထင်ကရ ၉၉ နေရာပေါ်ကနေ ဖြတ်ပြီး ပျံသန်းမယ့် ခရီးစဉ် စတင်သွားဖို့ စီစဉ်ထားပါတယ်။ အခုအချိန်မှာ ခေတ်စားနေတဲ့ ဘယ်အရပ် ဘယ်ဒေသကိုမှာမှ ရပ်နားခြင်းမရှိဘဲ မူလထွက်ခွာရာလေဆိပ်မှာပဲ ပြန်လည်ဆင်းသက်တဲ့ ခရီးစဉ်ပုံစံမျိုးကို လုပ်ဆောင်တာပဲဖြစ်ပါတယ်။ ကိုဗစ် -၁၉ ရောဂါ ကူးစက်မှုကို ကြောက်ရွံ့တဲ့အတွက် နိုင်ငံအတော်များများမှာ အပြည်ပြည်ဆိုင်ရာ ခရီးသည်တင်လေယာဉ်တွေ ဆင်းသက်မှုကို ပိတ်ပင်ထားတဲ့အချိန်၊ ခရီးသွားလာမှုနှုန်း လျော့ကျနေတဲ့အချိန်မှာ ဘယ်ကိုမှမသွားဘဲ လေယာဉ်ပျံသန်းမှု သက်သက်သာပြုလုပ်တဲ့ ခရီးစဉ်တွေဟာ လေကြောင်းလိုင်းတွေကြားမှာ ရေပန်းစားလာပါတယ်။

**ရှုခင်းကြည့်ခရီးစဉ်**

တရုတ်(တိုင်ပေ)က ခရီးသွားတွေကလည်း ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်းမှာ ဘယ်နေရာကိုမှ ပျံသန်းပြေးဆွဲမှုမလုပ်တဲ့ လေယာဉ်ခရီးစဉ်မှာ ပါဝင်ခဲ့ကြပါတယ်။ လိုက်ပါလာကြတဲ့ ခရီးသည်တွေဟာ ရှုခင်းကြည့်ရှုရပြီးနောက် လေဆိပ်မှာပဲ ပြန်လည်ဆင်းသက်ခဲ့ပါတယ်။ ဘယ်လမ်းကြောင်းကိုမှ ဦးတည်ခြင်းမရှိဘဲ လေယာဉ်ပြေးဆွဲမှုခရီးစဉ်တွေဟာ လတ်တလောမှာ အခက်အခဲကြုံနေရတဲ့ လေကြောင်းလိုင်းတွေအတွက် ခရီးသည်ကို ဆွဲဆောင်ဖို့ သက်သက်ပါပဲ။ ကိုဗစ်-၁၉ ရောဂါကို ထိန်းချုပ်နိုင်ရေး ကြိုးပမ်းဆဲကာလဖြစ်တာကြောင့် လေယာဉ်အများစုဟာ ပြေးဆွဲခြင်း မပြုရဘဲ မြေပြင်ပေါ်မှာ ရပ်နားနေရတာ ကာလအတန်ကြာရှိလာပါပြီ။

**စိတ်ထွက်ပေါက်ရစေ**

နောက်ပြီး ခရီးသွားလာခဲ့ရင် အသွားအလာကန့်သတ်စောင့်ကြည့်ခံရမှာတွေနဲ့ နယ်စပ်တွေ ပိတ်ထားတာကြောင့် ခရီးသွားလာမှုနှုန်းဟာလည်း အဆမတန်ကို ကျဆင်းနေခဲ့ပါတယ်။ အဲဒီလိုအချိန်မျိုးမှာ ပျံသန်းရုံသက်သက် ခရီးစဉ်တွေကြောင့် ခရီးသည်တွေကို စိတ်ထွက်ပေါက်ရစေတယ်လို့ ကျွမ်းကျင်သူတွေက ပြောပါတယ်။ စင်ကာပူလေကြောင်းလိုင်းကလည်း ချန်ဂီလေဆိပ်မှာပဲ အဆင်း အတက်ပြုလုပ်တဲ့ ခရီးစဉ်ကို အောက်တိုဘာလမှာ စတင်ခဲ့ပါတယ်။ ကမ္ဘာ့လေကြောင်းလိုင်းတွေထဲမှာ တစ်ခုအပါအဝင်ဖြစ်တဲ့ စင်ကာပူလေကြောင်းလိုင်းဟာ ကိုဗစ်-၁၉ ရောဂါကြောင့် ပြည်တွင်းခရီးစဉ်တွေကို ရပ်ဆိုင်းလိုက်ရတဲ့ အချိန်ကစလို့ အကျိုးအမြတ်တွေ ဆိုးဆိုးရွားရွား ထိခိုက်ခဲ့ရပါတယ်။ စင်ကာပူနိုင်ငံက လူပေါင်း ၅ ဒသမ ၇သန်းဟာ မတ်လအတွင်းကစလို့ နယ်စပ်တံခါးတွေ ပိတ်လိုက်ပြီးတဲ့နောက် ခရီးသွားလာဖို့ မလွယ်ကူတော့ပါဘူး။

**ခေတ်စားတဲ့လမ်းကြောင်းတစ်ခုဖြစ်လာ**

ဩဂုတ်လနှောင်းပိုင်းတုန်းကလည်း ဂျပန်နိုင်ငံ



အသက်ကယ်အင်္ကျီများဖြင့် ဖန်တီးချုပ်လုပ်ထားသည့် လက်ကိုင်အိတ်များကို ကြော်ငြာနေစဉ်။

**“ထိုင်းနိုင်ငံ ဒေသ ၃၁ ခုပေါ်ကနေ ပျံသန်းကာ ဗုဒ္ဓဘုရားကျောင်းတွေကို အပေါ်ကနေ ဖူးမြော်ခွင့်ရမှာပါ။ အဲဒီနောက်မှာတော့ ဘန်ကောက်ကိုပဲ ပြန်လာမှာ ဖြစ်ပါတယ်။ လေယာဉ်ပေါ်လိုက်ပါလာမယ့် ခရီးသည်တွေကို ဘုရားစာ စာအုပ်ဝေခြင်း၊ အထူးအစားအသောက်နဲ့ ညှော်ခံတာမျိုး ပြုလုပ်မှာဖြစ်ပြီး လက်မှတ်ရောင်းချငွေကတော့ ထိုင်းဘတ် ၅၉၉၉ ကနေ ၉၉၉၉ ဘတ်အထိ ကျသင့်မှာပဲ ဖြစ်ပါတယ်။ ထိုင်းအဲဝေးဟာ ကိုဗစ်-၁၉ ကာလအတွင်းမှာ ခရီးသည်အရေအတွက် ကျဆင်းနေပေမယ့် ဆန်းသစ်တဲ့ လုပ်ဆောင်မှုတွေကနေ ဝင်ငွေရရှိလာအောင် ကြိုးစားလုပ်ဆောင်ခဲ့ပါတယ်”**

နိပွန်အဲဝေး လေကြောင်းလိုင်းဟာလည်း မိနစ်ကိုးဆယ်ကြာ ပျံသန်းမှု ပြုလုပ်ခဲ့ပါသေးတယ်။ လိုက်ပါကြတဲ့ ခရီးသည်တွေကို လေဆိပ်နဲ့လေယာဉ်ပေါ်မှာ ဟာဝိုင်အီ အပန်းဖြေစခန်းစတိုင်မျိုးခံစားရအောင် ဖန်တီးပေးထားပါတယ်။ ဘယ်နေရာကိုမှ ဦးတည်ပျံသန်းခြင်းမျိုး မဟုတ်ဘဲ ရှုခင်းကြည့်ရုံသက်သက်နဲ့ ခရီးသည်တွေ စိတ်ထွက်ပေါက်ရစေဖို့ လေယာဉ်ပျံသန်းခြင်းတွေဟာ လေကြောင်းလိုင်းတွေကြားမှာ ခေတ်စားတဲ့ လမ်းကြောင်းတစ်ခု ဖြစ်ခဲ့ပါတယ်။

**နည်းလမ်းအမျိုးမျိုးဖြင့် ကြံဆ**

ထိုင်းအဲဝေးလေကြောင်းလိုင်းကတော့ အရင်ကတည်းက ကျဆင်းနေတဲ့ ဝင်ငွေတွေတိုးတက်လာဖို့အတွက် နည်းလမ်းအမျိုးမျိုး ကြံဆခဲ့ပါတယ်။ လေယာဉ်ပေါ်မှာ ကော်ဖီဆိုင်ဖွင့်တာ၊ အသက်ကယ်အင်္ကျီတွေကနေ အိတ်ချုပ်ပြီး ရောင်းချတာမျိုး ဒီလိုလုပ်ငန်းတွေ လုပ်ကိုင်ပြီး ဝင်ငွေဖန်တီးဖို့ ကြိုးပမ်းနေပါတယ်။ ကိုဗစ်-၁၉ ကာလမှာ ထိုင်းအဲဝေးမှာ အကြွေးတွေ နှစ်သထက်နစ်လာပါတယ်။ နောက်ပြီးတော့ အခြားသော လေကြောင်းလိုင်းတွေ ပြုလုပ်သလို ပျံသန်းရုံသက်သက် ခရီးစဉ်ပါလုပ်ဆောင်ဖို့ စီစဉ်လာပါတော့တယ်။

**ထိုင်းအဲဝေး၏ ခရီးစဉ်**

အဲဒီခရီးစဉ်မှာတော့ ဘယ်နေရာမှာမှ လေယာဉ်ဆင်းသက်ခြင်းမပြုဘဲ ထိုင်းနိုင်ငံ ဒေသ ၃၁ ခုပေါ်ကနေ ပျံသန်းကာ ဗုဒ္ဓဘုရားကျောင်းတွေကို အပေါ်ကနေ ဖူးမြော်ခွင့်ရမှာပါ။ အဲဒီနောက်မှာတော့ ဘန်ကောက်ကိုပဲ ပြန်လာမှာဖြစ်ပါတယ်။ လေယာဉ်ပေါ်လိုက်ပါလာမယ့် ခရီးသည်တွေကို ဘုရားစာ စာအုပ်ဝေခြင်း၊ အထူးအစားအသောက်နဲ့ ညှော်ခံတာမျိုး ပြုလုပ်မှာဖြစ်ပြီး လက်မှတ်ရောင်းချငွေကတော့ ထိုင်းဘတ် ၅၉၉၉ ကနေ ၉၉၉၉ ဘတ်အထိ ကျသင့်မှာပဲ ဖြစ်ပါတယ်။ ထိုင်းအဲဝေးဟာ ကိုဗစ်-၁၉ ကာလအတွင်းမှာ ခရီးသည်အရေအတွက် ကျဆင်းနေပေမယ့် ဆန်းသစ်တဲ့ လုပ်ဆောင်မှုတွေကနေ ဝင်ငွေရရှိလာအောင် ကြိုးစားလုပ်ဆောင်ခဲ့ပါတယ်။

**လက်ကိုင်အိတ်နှင့်သရေစာ ရောင်းချခြင်း**

အသက်ကယ်အင်္ကျီတွေကို အသုံးပြုပြီး လက်ကိုင်အိတ် ချုပ်လုပ်ရောင်းချခြင်းဖြင့် နောက်ထပ်ဝင်ငွေ ဖန်တီးနိုင်အောင် ကြိုးပမ်းခဲ့ပါသေးတယ်။ ထိုင်းအဲဝေးက ထုတ်တဲ့ လက်ကိုင်အိတ်တွေဟာ အကန့်အသတ်နဲ့ ထုတ်လုပ်တာဖြစ်ပြီး လတ်တလောမှာ လူကြိုက်များ ရောင်းထွက်တဲ့ပစ္စည်းဖြစ်နေပါတယ်။ ကုလသမဂ္ဂရဲ့ ရည်မှန်းချက်ဖြစ်တဲ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်နဲ့ ကိုက်ညီနေတယ်လို့လည်း ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောပါတယ်။ နောက်ပြီး ဆီကြော်မုန့် သရေစာရောင်းချခြင်းဖြင့်လည်း ဝင်ငွေတိုးလာအောင် လုပ်ဆောင်ခဲ့ပါတယ်။ အဲဒီ သရေစာမုန့်ကို ဘန်ကောက်မြို့ အနီးတစ်ဝိုက်မှာ လူကြိုက်များတဲ့ သရေစာအဖြစ် ရောင်းချနေရပါတယ်။

**လေယာဉ်ပေါ်မှညစာ**

အဲဒီမုန့်အတွက်တော့ ဘတ် ၅၀ ကျသင့်ပါတယ်။ သရေစာမုန့်ပဲဆိုပြီး အထင်သေးလို့မရပါဘူး။ တစ်လတာအတွက် ရောင်းချရငွေဟာ ဘတ် ၁၀ သန်းအထိ ရရှိပါတယ်။ ဒါကြောင့်လည်း အဲဒီလုပ်ငန်းသက်သက် ထူထောင်ဖို့တောင် အစီအစဉ်ရှိတယ်လို့ သိရပါတယ်။ ပြီးခဲ့တဲ့လအတွင်းကပဲ စင်ကာပူလေကြောင်းလိုင်းဟာ လေဆိပ်မှာ ရပ်နားထားရတဲ့လေယာဉ်ပေါ်မှာ ညစာရောင်းချမှု ပြုလုပ်ခဲ့ပါတယ်။ လေယာဉ်ပေါ်မှာ ညစာစားခြင်းဖြင့် အမေရိကန်ဒေါ်လာ ၄၉၆ ဒေါ်လာကျသင့်ပေမယ့် ပထမဆုံးနှစ်ရက်တာအတွက် လက်မှတ်ရောင်းချရငွေဟာ တစ်နာရီခွဲဆိုတဲ့ အချိန်ခဏလေးအတွင်းမှာပဲ ရောင်းကုန်သွားတယ်လို့ သိရပါတယ်။

**လူအများကို ဆွဲဆောင်နိုင်**

စက်တင်ဘာလအတွင်းမှာပဲ ထိုင်းအဲဝေးဟာ အဲဘတ်စ်နဲ့ ဘိုးအင်းလေယာဉ်တို့ပေါ်မှာ တကယ်လေယာဉ် စီးရတဲ့ပုံစံမျိုးပြုလုပ်ထားတဲ့ စားသောက်ဆိုင်ဖွင့်ပြီး ဝင်ငွေရရှိဖို့ လုပ်ဆောင်ခဲ့ပါတယ်။ ကမ္ဘာ့အရပ်ရပ်က လေကြောင်းလိုင်းတွေ ကိုဗစ်-၁၉ ရောဂါကြောင့် အခက်ကြုံနေချိန်၊ ခရီးသည်တွေကို ဆွဲဆောင်နိုင်ဖို့ ကြိုးပမ်းနေကြတဲ့အချိန် ထိုင်းအဲဝေးရဲ့ ဆန်းသစ်တဲ့ ဖန်တီးမှုတွေကတော့ လူအများကို ဆွဲဆောင်နိုင်ခဲ့ပါတယ်။ ။

ကိုးကား – ဘီဘီစီ၊ စီအင်န်ဘီစီ

---

# နိုင်ငံတကာသတင်းတိုထွာ

## ကိုဗစ်–၁၉ ကြောင့် လက်တင်အမေရိက၏ ဒုတိယအကြီးဆုံးနိုင်ငံ မက္ကဆီကိုနိုင်ငံ၏ စီးပွားရေးကျဆင်းမှုဖြစ်

**မက္ကဆီကို စီးတီး နိုဝင်ဘာ ၅**

မက္ကဆီကိုနိုင်ငံတွင် နိုဝင်ဘာ ၄ ရက်က ကိုဗစ်–၁၉ ရောဂါ ထပ်မံဖြစ်ပွားသူ ၅၂၂၅ ဦးရှိကြောင်းနှင့် သေဆုံးသူ ၆၃၅ ဦး ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြလိုက်သည်။

မက္ကဆီကိုနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါ ကူးစက်သူ စုစုပေါင်း ၉၄၃၆၃၀ ရှိလာပြီး သေဆုံးသူ ၉၃၂၂၈ ဦး ရှိလာကြောင်း အဆိုပါဝန်ကြီးဌာနက ဆက်လက်ဖော်ပြထားသည်။

ကိုဗစ်–၁၉ ရောဂါကြောင့် လက်တင်အမေရိကတွင် ဘရာဇီးနိုင်ငံပြီးနောက် ဒုတိယအကြီးဆုံး စီးပွားရေးတည်ရှိရာ မက္ကဆီကိုနိုင်ငံသည် ၂၀၂၀ ပြည့်နှစ်အတွက် စီးပွားရေး ၉ ရာခိုင်နှုန်းကျဆင်းမှုနှင့် ရင်ဆိုင်နေရကြောင်း နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့က ပြောကြားလိုက်သည်။

ဆင်ဟွာ

## လာအိုနိုင်ငံတွင် အောက်တိုဘာလအတွင်း ယာဉ်မတော်တဆမှုကြောင့် ၇၉ ဦးသေဆုံး

**ဗီယန်ကျင်း နိုဝင်ဘာ ၅**

လာအိုနိုင်ငံတွင် အောက်တိုဘာလအတွင်း ယာဉ်မတော်တဆမှု ၆၀၄ မှုရှိခဲ့ပြီး စုစုပေါင်း ၇၉ ဦးသေဆုံးခဲ့ကြောင်း ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်ချက်တွင် ဖော်ပြလိုက်သည်။

ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနအောက်ရှိ ယာဉ်ထိန်းရဲတပ်ဖွဲ့ဌာနက လာအိုနိုင်ငံတစ်ဝန်း အောက်တိုဘာလတွင် ယာဉ်မတော်တဆမှုပေါင်း ၆၀၄ မှု ဖြစ်ပွားခဲ့ကြောင်းနှင့် စက်တင်ဘာလစာရင်းထက် ၁၀၇ မှုပိုများခဲ့ကြောင်း ဖော်ပြသည်။ အောက်တိုဘာလအတွင်း ယာဉ်မတော်တဆမှုများကြောင့် လူပေါင်း ၇၉ ဦးသေဆုံးခဲ့ပြီး ၈၆၄ ဦး ဒဏ်ရာရရှိခဲ့ကာ မော်တော်ယာဉ်ပေါင်း ၁၀၇၄ စီး ပျက်စီးခဲ့သည်။

နိုင်ငံတစ်ဝန်း ယာဉ်မတော်တဆမှုများသည် လူများကို သေစေခြင်းသို့မဟုတ် ကိုယ်လက်ခန္ဓာ ထိခိုက်အနာတရဖြစ်စေသည်။ နိုင်ငံအတွင်း ယာဉ်မတော်တဆမှု အများဆုံးဖြစ်သော ပြည်နယ်မှာ ဆာဗန်နာခက်ပြည်နယ် ဖြစ်သည်။ အရက်သောက်ပြီး ယာဉ်မောင်းခြင်းနှင့် သတ်မှတ်အမြန်နှုန်းထက် ပိုမောင်းခြင်းတို့ကြောင့် ယာဉ်မတော်တဆမှုများ ဖြစ်ပွားလေ့ရှိကြောင်း သိရသည်။ ယာဉ်ထိန်းရဲများသည် ယာဉ်မတော်တဆမှု အန္တရာယ်ကင်းဝေးစေရေးအတွက် ကျောင်းများတွင် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ဟောပြောပို့ချသည့် လှုပ်ရှားမှုများကို ဆောင်ရွက်လျက်ရှိသည်။

ဆင်ဟွာ

## အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

- မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးခွင့်ရရှိနိုင်မည်။
- ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် အိမ်ထောင်စုတစ်ခုလျှင် အနည်းဆုံးတစ်ဦး မပျက်မကွက် လာရောက်ကြည့်ရှုစစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန်။
- မဲပေးခွင့်မဆုံးရှုံးစေရန် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ကြရန်။

ရွေးကောက်ပွဲ ကျင်းပရန်

၂ ရက်

သာ

လိုတော့သည်။

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၃၉ ( ဆ ) အရ ရွေးကောက်ပွဲတွင် ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးပြီးသူများမှအပ ဆန္ဒမဲပေးမည့်သူများသည် မဲရုံကို ကိုယ်တိုင်လာရောက်၍ ဆန္ဒမဲပေးရမည်။ ကိုယ်စားလှယ်စေလွှတ်၍ ဆန္ဒမဲပေးခြင်း မပြုရ။

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ ( ဆ ) အရ ရွေးကောက်ပွဲတစ်ခုခုတွင် မိမိဆန္ဒမဲပေးပိုင်ခွင့်ရှိသော လွှတ်တော်မဲဆန္ဒနယ်အတွက် တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲပေးခြင်း မပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၈ ( ဃ ) အရ ဆန္ဒမဲပေးခြင်း ပျက်ပြားစေရန်ဖြစ်စေ၊ ရွေးကောက်ပွဲပျက်ပြားစေရန်ဖြစ်စေ စည်းဝေးဟောပြောခြင်း၊ လှုံ့ဆော်ခြင်း၊ ရေးသားခြင်း၊ ဖြန့်ချိခြင်း၊ ပိုစတာများ အသုံးပြုခြင်း သို့မဟုတ် အခြားနည်းဖြင့် အားထုတ်ကြိုးပမ်းခြင်းမပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံ ရနိုင်သည်။

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ (ဓ) အရ သူတစ်ပါးအယောင်ဆောင်၍ ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို လာရောက်တောင်းဆိုခြင်း သို့မဟုတ် ဆန္ဒမဲပေးခြင်း မပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ ( စ ) အရ ရွေးကောက်ပွဲတစ်ခုခုတွင် လွှတ်တော်မဲဆန္ဒနယ်တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များအတွက် ဆန္ဒမဲပေးခြင်းမပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။

mVoter 2020

“ရွေးချယ်မှန်ကန် မဲပေးဖို့ mVoter ကိုသုံးကြစို့”

## မဲပေးဖို့ကောင်း

* အုတ်တစ်ချပ် သဲတစ်ပွင့်
ချင့်ချင့်ချိန် တွေးစေချင်၊
ညီညွတ်ရေး ဖော်သရုပ်
ရွေးထုတ်နိုင်းယှဉ်။
မဲတစ်ပြားကိုလ
အသည်းကြား ကမ္ဘည်းတင်
ထည့်ဖို့ပြင် မဲရုံသွား။
အတွေးမှန်လို့ အရွေးမှန်
စည်းလုံးသံ ချိုချိုတေး
သီကြွေးစို့လား။

* ကိုယ်လုပ်မှ ကိုယ်စားရ
ပြောဆိုကြ ဟုတ်သလို၊
ခုချိန်ခါ သဲ့သဲ့ကြား
နားဝင်မချို။
ခေါင်းဆောင်မှု ကောင်းဖို့ဆို
လက်ကမ်းကြို ကိုယ်ပိုင်တွေး။
သည်ပြည်ထောင်
စည်ဝေအောင် စုကာပေါင်း
ခေါင်းဆောင်ကိုရွေး။

* ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုး
ချစ်ပန်းကြိုး ပန်စေချင်
ကိုယ့်တာဝန် ကိုယ်ကျေကြေး
ခွင့်ရေးပုံဆင်။
ခိုကတ်စိတ် ဖယ်ရှောင်ကြဉ်
မြန်တစ်ခွင် သာစေကြောင်း၊
နိုင်ငံသားကောင်းပီပီ
အသိကိုယ်စီ ရင်မှာထွေး
မဲပေးဖို့ကောင်း။ ။

ဖိုလေးလုံးသောင်းကိုကို

# ကိုဗစ် – ၁၉ အကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်

## ထက်လျှံ၊ ဓာတ်ပုံ - ဇော်မင်းလတ်

**မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ နိုဝင်ဘာ ၅ ရက် ညနေ ၆ နာရီခွဲတွင် ထုတ်လွှင့်ပြသခဲ့သည့် ကိုဗစ် – ၁၉ အကြောင်း သိကောင်းစရာ အမေး / အဖြေ အစီအစဉ်ကို ပြည်သူများသိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။**

**အစီအစဉ်မှူး** ။ ။ ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားမှုရဲ့ ဒုတိယလှိုင်းမှာရောဂါအတည်ပြုလူနာအများဆုံးတွေ့ရှိရတဲ့ ရန်ကုန်တိုင်းဒေသကြီးမှာ ကိုဗစ် – ၁၉ ကို အတိုင်းအတာတစ်ခုအထိ စတင်ထိန်းချုပ်လာနိုင်နေပြီလို့ သိရပါတယ်။

ဒါပေမယ့် သတိလက်လွှတ်နဲ့ အမှုမဲ့အမှတ်မဲ့ နေထိုင်နေကြတဲ့ မိဘပြည်သူတွေကိုလည်း တွေ့ရှိနေရသေးတဲ့အတွက် မိမိကြောင့် မိမိနဲ့ ပတ်ဝန်းကျင်ကို ရောဂါကူးစက်မှုကနေ ကာကွယ်နိုင်ဖို့ အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ချမှတ်ထားတဲ့ ကိုဗစ် – ၁၉ ကာကွယ်ရေးလမ်းညွှန်ချက်တွေကို လိုက်နာနေထိုင်ကြဖို့ တိုက်တွန်းပါတယ်။

အခုဆိုရင် မြန်မာနိုင်ငံရဲ့ ၂၀၂၀ ပြည့်နှစ် ပါတီစုံ အထွေထွေရွေးကောက်ပွဲကြီးကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ ကိုဗစ် – ၁၉ ဆိုင်ရာ ကာကွယ်ရေးလမ်းညွှန်ချက်တွေ၊ ထုတ်ပြန်ချက်တွေနဲ့အညီ ကျန်းမာရေးအရ ဘေးအန္တရာယ်အနည်းဆုံးနဲ့ လုံခြုံစိတ်ချစွာ မဲပေးနိုင်ဖို့အတွက် ဆောင်ရွက်ထားရှိတာတွေကို ပါမောက္ခကြီးတွေ၊ သမားတော်ကြီးတွေက ပြည်သူတွေထံမှ ရွေးကောက်ပွဲအတွင်း ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်ချက်တွေနဲ့ပတ်သက်ပြီး သိရှိလိုတဲ့အတွက် မေးမြန်းလာတဲ့ မေးခွန်းတွေကို ထည့်သွင်းပြီး ဖြေကြားဆွေးနွေးပေးသွားမှာ ဖြစ်ပါတယ်။

ဒီနေ့ရဲ့ မေးခွန်း မေးမြန်း / ဖြေကြားဆွေးနွေးမှုမှာ **ဆရာကြီး ပါမောက္ခဒေါက်တာထင်အောင်စော [ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း (ဗဟို)၊ နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုးအကြံပြု အားဖြည့်ဆောင်ရွက်ရေးအဖွဲ့ဝင်]၊ ဆရာမကြီး ဒေါက်တာဒေါ်သီတာလှ [ဒုတိယညွှန်ကြားရေးမှူးချုပ် (ကုသရေး)၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန]၊ ဆရာမကြီး ဒေါက်တာတိုးသီရိအောင် [ညွှန်ကြားရေးမှူး (ဗဟိုကူးစက်ရောဂါနှိမ်နင်းရေးဌာနခွဲ)၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန]** တို့နဲ့အတူ ဦးဆောင်ဆွေးနွေးသူအဖြစ် **ဆရာကြီး ဒေါက်တာသန်းနိုင်စိုး [ညွှန်ကြားရေးမှူး (ကျန်းမာရေးအသိပညာမြှင့်တင်ရေး)၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန]** က ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။



ပါမောက္ခဒေါက်တာထင်အောင်စော၊ ဒေါက်တာသီတာလှ၊ ဒေါက်တာတိုးသီရိအောင်နှင့် ဒေါက်တာသန်းနိုင်စိုးတို့ ပါဝင်ဖြေကြားဆွေးနွေးကြစဉ်။

- ❐ Positive ဖြစ်ပြီးသားသူတွေက ကောင်းသွားပြီ၊ သက်သာသွားပြီ၊ ဆေးရုံက ဆင်းခွင့်ရပြီ၊ Quarantine လည်း ၇ ရက်ပြည့်သွားပြီ အဲဒီမှာ သူတို့တွေသည် ထပ်ကူးနိုင်သေးလား၊ လုပ်ငန်းခွင်ဝင်နိုင်ပြီလား
- ❐ Mask တွေ အကြာကြီးတပ်ထားရင် နှလုံးရောဂါ၊ အဆုတ် တွေကို ထိခိုက်နိုင်သလား

အခုလက်ရှိမှာ ဆိုရင်လည်း မြန်မာနိုင်ငံရဲ့ ရွေးကောက်ပွဲကြီးကလည်း မကြာခင်အချိန်အတွင်းမှာ ကျင်းပပြုလုပ်ဖို့အတွက် နီးကပ်နေပြီဆိုတော့ ရွေးကောက်ပွဲမှာလည်း ကျန်းမာရေးနဲ့အညီ လုံခြုံစိတ်ချစွာနဲ့ မဲပေးနိုင်ဖို့အတွက် ကိုဗစ် – ၁၉ ကာကွယ်ရေးနဲ့ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်ထားရှိမှု အနေအထားတွေကိုလည်း ဆွေးနွေးပေးနိုင်ဖို့အတွက် ဒီနေ့မှာ ဆရာကြီး ဒေါက်တာသန်းနိုင်စိုးကနေ ဦးဆောင်ဆွေးနွေးပေးဖို့အတွက် ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာသန်းနိုင်စိုး** ။ ။ ကျွန်တော်တို့ အနေနဲ့ ပြည်သူတွေ မေးမြန်းထားတဲ့ မေးခွန်းတွေထဲက ရွေးကောက်ပွဲနဲ့ပတ်သက်တဲ့ မေးခွန်းတွေကော၊ တခြားမေးခွန်းတွေပါ တွဲဖက်ဖြေကြားပေးမှာ ဖြစ်ပါတယ်။ ပထမဦးဆုံးအနေနဲ့ ဆရာကြီး ပါမောက္ခဒေါက်တာ ထင်အောင်စောကို ဖိတ်ခေါ်ပါတယ်။

**ပါမောက္ခဒေါက်တာထင်အောင်စော** ။ ။ ဆေးကုသမှုဆိုင်ရာကိစ္စတွေနဲ့ ပတ်သက်လို့ မေးတဲ့မေးခွန်းတွေထဲက ပထမဦးဆုံး ကျွန်တော် ဖြေကြားလိုတဲ့အုပ်စုက သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ နှလုံးရောဂါနဲ့ ရောဂါအခံရှိသူတွေဟာ ကိုဗစ်ရောဂါဖြစ်လို့ရှိရင် ပိုဆိုးတတ်တယ်လို့ သိတဲ့အခါကျတော့ စိုးရိမ်ပြီးမေးကြတဲ့ မေးခွန်းတွေ ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ဖြေကြားပေးရမယ်ဆိုရင် ဆေးရုံမှာတာဝန်ကျသူဖြစ်စေ၊ မဲသွားပေးသူဖြစ်စေ ဒါမှမဟုတ် အိမ်မှာ နေသည်ဖြစ်စေ ရောဂါအခံရှိတဲ့သူတွေ လိုက်နာသင့်တာတွေက ဘာတွေပါသလဲဆိုရင် မိမိရဲ့ ရောဂါအခံကို အကောင်းဆုံးဖြစ်အောင် ထိန်းသိမ်းကုသထားဖို့က အဓိက အရေးကြီးပါတယ်။ ဒီနေရာမှာ သောက်သုံးရမယ့် ဆေးဝါးတွေကို ပုံမှန်ဆေးမှန်မှန် သောက်သုံးခြင်းကလည်း အရေးကြီးပါတယ်။ နောက်ပြီး ကိုယ့်ရဲ့ရောဂါ ပုံမှန် ရှိ / မရှိ ကိုလည်း စစ်ဆေးနေဖို့က အရေးကြီးပါတယ်။

အဲဒီတော့ မြန်မာနိုင်ငံ သွေးတိုးရောဂါပညာရှင်အဖွဲ့က ပညာရှင်တွေ၊ ဆီးချိုရောဂါပညာရှင်တွေနဲ့ ကျွန်တော် ဆွေးနွေးတဲ့အခါ သွေးပေါင်ချိန်ကို အိမ်မှာ မှန်မှန်ချိန်ပေးခြင်းသည် အရေးကြီးပါတယ်။ Home-based Blood Pressure Monitoring ဒါကို လုပ်ပေးဖို့ လိုအပ်တယ်။ ဆီးချိုရောဂါဆိုရင်လည်း ဆီးချိုကို ပုံမှန်စစ်ဆေးပေးနေဖို့ လိုအပ်တယ်ဆိုပြီး သူတို့က ဆိုထားကြပါတယ်။ ဒါတွေကို ပုံမှန်ဖြစ်အောင် ဖော်ထုတ်ထားနိုင်မယ်ဆိုရင် အကောင်းဆုံးအခြေအနေနဲ့ အန္တရာယ်အနည်းဆုံးအခြေအနေအဖြစ် သူတို့အနေနဲ့ သတ်မှတ်ထားပါတယ်။

ဒီနေရာမှာ သွေးချိုဆိုရင်လည်း မနက်စောစော သွေးချိုဟာ ၉၀ နဲ့ ၁၀၀ အကြားရှိသင့်တယ်။ သွေးပေါင်ချိန်ဆိုရင် ၁၁၀ / ၈၀ Normal ဒီလိုမျိုးရအောင် ထိန်းထားနိုင်တဲ့သူဆိုရင် မစိုးရိမ်ရဘူး။ မိမိရဲ့ ရောဂါအခြေအနေက ထိန်းမထားနိုင်ဘူးဆိုရင် ပုံမှန်ပြနေကျ ဆရာဝန်တွေနဲ့ ဆွေးနွေးတိုင်ပင်သင့်တယ်။ တကယ်လို့ ကိုယ်တိုင်မတွေ့နိုင်ဘူးဆိုရင်လည်း တယ်လီဖုန်းနဲ့ အွန်လိုင်းကနေ ဆွေးနွေးတိုင်ပင်နိုင်တဲ့အခြေအနေတွေ ဖန်တီးပေးထားပါတယ်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ Call Center တွေဖြစ်တဲ့ 2019 ကိုလည်းကောင်း၊ မြန်မာနိုင်ငံဆရာဝန်အသင်းရဲ့ Facebook Page မှာရေးထားတဲ့ တယ်လီဖုန်းနံပါတ်တွေကနေတစ်ဆင့် သော်လည်းကောင်း၊ ဒါမှမဟုတ် မြန်မာနိုင်ငံသွေးတိုးရောဂါပညာရှင်အဖွဲ့ကနေ Facebook Page မှာ တင်ထားတဲ့ ကျန်းမာရေးဆိုင်ရာ အသိပညာပေးတာတွေကို လိုက်နာခြင်းအားဖြင့် မိမိရဲ့ရောဂါကို ထိန်းသိမ်းထားနိုင်တယ်ဆိုရင် ဒီလိုမျိုး စိုးရိမ်စရာမရှိဘူးလို့ ဆရာတွေအားလုံးရဲ့ မှတ်ချက်နဲ့ ကျွန်တော်ပြောကြားလိုပါတယ်။

နောက်ထပ် မေးခွန်းတစ်ခုက သွေးရည်ကြည်သွင်းတာနဲ့ပတ်သက်တဲ့ မေးခွန်းဖြစ်ပါတယ်။ မေးခွန်းရှင်က ဆရာကြီး ပါမောက္ခဒေါက်တာဦးရဲမြကို တိုက်ရိုက်မေးထားတဲ့ မေးခွန်းဖြစ်ပါတယ်။ သို့သော် ကျွန်တော်ကပဲ ဆရာကြီး ဦးရဲမြကိုယ်စား ဖြေကြားပေးမှာဖြစ်ပါတယ်။ ဆရာကြီး ဦးရဲမြကို တယ်လီဖုန်းနဲ့ ခွင့်တောင်းပြီး ဖြေကြားခြင်း ဖြစ်ပါတယ်။

မေးခွန်းရှင်က သွေးရည်ကြည် သွင်းတဲ့အခါမှာ သွေးအုပ်စုတူမှသာလျှင် သွင်းလို့ရတာလား၊ သွေးအုပ်စုမတူရင်လည်း သွင်းလို့ရလားဆိုပြီး မေးထားပါတယ်။ သီအိုရီအရ ပြောမယ်ဆိုရင် သွေးအုပ်စုမတူရင်လည်း သွင်းလို့ ရပါတယ်။ သို့သော်လည်း မြန်မာနိုင်ငံမှာ အန္တရာယ်အနည်းဆုံးဖြစ်အောင်လို့ သွေးအုပ်စုတူတဲ့သူ အချင်းချင်းရဲ့ သွေးရည်ကြည်ကိုသာလျှင် သွင်းပေးနေတယ်လို့ သိရပါတယ်။

မေးခွန်းရှင်က တစ်ခါထပ်ပြီး သူ့ရဲ့ သွေးအုပ်စုက ရှားပါးတဲ့ သွေးအုပ်စုအမျိုးအစားဆိုရင် အခက်အခဲရှိမလားလို့ မေးထားပါတယ်။ မစိုးရိမ်ပါနဲ့ ဒီလိုမျိုး သွေးအုပ်စု မတူသော်လည်း စောစော က သွေးအုပ်စုတွေ လုံလောက်အောင် စုဆောင်းထားတယ်လို့ ဆိုပါတယ်။ ဒါကြောင့် သွေးရည်ကြည်တွေကို လုံလောက်အောင် စုဆောင်းထားတဲ့အတွက် ရှားပါးတဲ့ သွေးအုပ်စုအမျိုးအစားတွေကို ရရှိအောင် လုပ်ပေးနိုင်တယ်လို့ ဆိုတာပါ။ ဒီနေရာမှာ သွေးရည်ကြည် လှူဒါန်းလိုသူများရှိရင်လည်း သတင်းစာထဲမှာ သွေးရည်ကြည်လှူလို့ရအောင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက စီစဉ်ဖော်ပြပေးထားပါတယ်။ ဖုန်းနံပါတ် ၀၉ – ၅၁၃၀၄၁၈ အပါအဝင် ဖုန်းဆက်လို့ရတဲ့ နေရာတွေ အများကြီးရှိပါတယ်။ အဲဒီနေရာကနေ ဆက်သွယ်ပြီး လှူဒါန်းချင်ရင် လှူဒါန်းလို့ရပါတယ်။

နောက်တစ်ဆက်တည်း ပြောလိုတာက အခြားသော ရောဂါအခံရှိတဲ့သူတွေအနေနဲ့ ဆေးကုသမှု ခံယူနိုင်အောင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ ဆေးကုသမှုဌာနတွေအားလုံးမှာ စီမံပေးထားပါတယ်။ ဒါကြောင့် ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါနဲ့ "ကိုဗစ်" ဖြစ်လာရင် ဆေးကုသမှုတွေကို လုံလောက်အောင် စီမံပေးထားပြီးဖြစ်ကြောင်း ပြောချင်ပါတယ်။

နောက်ထပ် မေးခွန်းတစ်ခုက Positive ဖြစ်ပြီးသားသူတွေက ကောင်းသွားပြီ၊ သက်သာသွားပြီ၊ ဆေးရုံက ဆင်းခွင့်ရပြီ၊ Quarantine လည်း ၇ ရက်ပြည့်သွားပြီ အဲဒီမှာ သူတို့တွေသည် ထပ်ကူးနိုင်သေးလား၊ လုပ်ငန်းခွင်ဝင်နိုင်ပြီလား ဆိုပြီး မေးခွန်းမေးလာပါတယ်။ အဖြေက သူတို့တွေသည် သတ်မှတ်ရက် ပြည့်ပြီးသွားပြီ အိမ်မှာလည်း ၇ ရက်နေပြီးသွားပြီဆိုရင် သူတို့တွေကနေ တစ်ဆင့်မကူးနိုင်တော့ပါဘူး။ ဒီလူများသည် လုပ်ငန်းခွင်ထဲ ပြန်ဝင်လို့ရပါပြီ။ မဲရုံကိုလည်း မဲသွားပေးလို့ ရနေတဲ့အဆင့် ရောက်နေပါပြီ။ သို့သော်လည်း ပြည်သူများသည် မျက်နှာဖုံးနဲ့ နှာခေါင်းစည်း တပ်ရမယ်၊ ခပ်ခွာခွာနေရမယ်၊ လက်ဆေးရမယ်ဆိုတဲ့ အများပြည်သူကျင့်သုံးတဲ့ ရောဂါကာကွယ်ရေးနည်းစနစ်တွေကို ဆက်လက်ကျင့်သုံးရဦးမှာ ဖြစ်ပါတယ်။

အဲဒီမှာ တစ်ဆက်တည်း မေးထားတဲ့မေးခွန်းက Mask တွေ အကြာကြီးတပ်ထားရင် နှလုံးရောဂါ၊ အဆုတ်တွေကို ထိခိုက်နိုင်သလားလို့ မေးထားတဲ့ မေးခွန်းရှိပါတယ်။ ဒါတွေနဲ့ပတ်သက်လို့ သုတေသနတွေ ပြုလုပ်ပြီးဖြစ်ပါတယ်။ နှလုံးတို့၊ အဆုတ်တို့ကို ထိခိုက်တတ်ခြင်း မရှိပါဘူးလို့ ကျွန်တော်အနေနဲ့ ဒီနေရာကနေ အများပြည်သူသိရှိအောင်လို့ ဖြေကြားခွင့်ပြုပါ။

နောက်ဆုံးမေးခွန်းတစ်ခုက ရောဂါလက္ခဏာ သိပ်မရှိတဲ့သူတွေ၊ Positive ဖြစ်တယ် ရောဂါနည်းနည်းပဲ ဖြစ်တဲ့သူတွေဟာ အဆုတ်ပျက်စီးပြီး ကျန်နိုင်ခဲ့သလားဆိုပြီး မေးခွန်းမေးထားပါတယ်။ အဖြေက ရောဂါလက္ခဏာ နည်းနည်းပဲရှိတဲ့သူ၊ လုံးဝမရှိတဲ့သူသည် အဆုတ်မှာ ပျက်စီးပြီး မကျန်နိုင်ပါဘူး။ စိုးရိမ်သောက မဖြစ်ပါနဲ့လို့ ကျွန်တော့်အနေနဲ့ ဒီနေရာကနေ ပြောကြားလိုပါတယ်။ ဒီလိုမျိုးမေးခွန်းတွေ ဖြေကြားခွင့်ရတဲ့အတွက်ကြောင့်မို့ အများကြီးကျေးဇူးတင်ပါတယ်ခင်ဗျာ။

**ဒေါက်တာသန်းနိုင်စိုး** ။ ။ အခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ဆရာကြီးခင်ဗျာ။ ဆက်လက်ပြီး ဒုတိယညွှန်ကြားရေးမှူးချုပ် (ကုသရေး) အစ်မ ဒေါက်တာသီတာလှကို မေးခွန်းတွေ ဖြေကြားပေးဖို့အတွက် ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာဒေါ်သီတာလှ** ။ ။ လောလောဆယ်အနေနဲ့လည်း မကြာခင်မှာ ကျင်းပတော့မယ့် အထွေထွေရွေးကောက်ပွဲကြီးမှာ ရွေးကောက်ပွဲဆိုင်ရာ ကျန်းမာရေးအထောက်အကူပြု ကော်မတီဗဟိုအဆင့်မှာ ကျွန်မက အဖွဲ့ဝင်အဖြစ် ပါဝင်ပါတယ်။ ကျွန်မအနေနဲ့ မေးခွန်းတွေထဲမှာ ပါဝင်တဲ့ မေးခွန်းတစ်ခုဖြစ်တဲ့ မဲပေးမယ့်အချိန် ဆေးရုံမှာ တက်ရောက်ပြီး ကုသမှုခံယူနေရတဲ့ လူနာတွေအတွက် ဘယ်လိုစီစဉ်ဆောင်ရွက်ထားတယ်ဆိုတဲ့ကိစ္စနဲ့ ပတ်သက်ပြီး ပြည်သူတွေသိရှိအောင် အနည်းငယ်ရှင်းလင်းတင်ပြလိုပါတယ်။

အဓိက ဆေးရုံဆိုတဲ့နေရာမှာ ပြည်သူ့ဆေးရုံတွေ ရှိသလို၊ ပုဂ္ဂလိကဆေးရုံတွေလည်း ရှိပါတယ်။ ပြည်သူ့ဆေးရုံတွေမှာ တက်ရောက်ကုသမှုခံယူနေတဲ့ လူနာတွေကလည်း ကိုဗစ် – ၁၉ ဓာတ်ခွဲအတည်ပြုလူနာတွေ ရှိသလို၊ "ကိုဗစ်" မဟုတ်သော တခြားရောဂါတွေနဲ့ ဆေးရုံတက်ရောက်ပြီး ကုသမှုခံယူနေရတဲ့ လူနာတွေလည်း ရှိပါတယ်။ မီးဖွားလူနာတွေ အပါအဝင် ဖြစ်ပါတယ်။ ဒါကြောင့် ဒီလိုလူနာတွေအတွက် ယခင်ထဲက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ ဥပဒေ၊ နည်းဥပဒေတွေ၊ လုပ်ငန်းလမ်းညွှန်တွေမှာလည်း ပါပြီးသား ဖြစ်ပါတယ်။

ဒီလိုဆေးရုံတက်ရောက်နေတဲ့ လူနာတွေအတွက် ကြိုတင်မဲပေးတဲ့ စာရင်းထဲမှာ ပါဝင်ပြီးသား ဖြစ်ပါတယ်။ ဒါကြောင့် ကြိုတင်မဲပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ လုပ်ငန်းစဉ်များအတိုင်း ကျွန်မတို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အဲဒီအတွက်လည်း ယခုကာလက ကိုဗစ် – ၁၉ ဖြစ်နေတဲ့ကာလမှာ ရွေးကောက်ပွဲနဲ့ တိုက်ဆိုင်နေတဲ့အတွက်ကြောင့် ကိုဗစ် – ၁၉ အတည်ပြုလူနာတွေ၊ အထူးသဖြင့် ရန်ကုန်တိုင်းဒေသကြီးမှာ အများဆုံးဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီးမှာ အားလုံးသိကြတဲ့အတိုင်း ဝေဘာဂီဆေးရုံ၊ တောင်ဥက္ကလာပဆေးရုံကြီး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတို့မှာ ကိုဗစ်လူနာတွေကို လက်ခံကုသပေးနေပြီဖြစ်ပါတယ်။

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

ယာယီဆေးရုံသဘောမျိုး ဖွင့်ထားရတဲ့ ကုသရေးဌာနက ၁၅ ခုရှိပါတယ်။ ဒီနေရာတွေမှာ တက် ရောက်ပြီး ကုသမှု ခံယူနေတဲ့ လူနာတွေ ကြိုတင်မဲပေးနိုင်ဖို့အတွက် အထူး အလေးထားပြီး ပြင်ဆင်ဆောင်ရွက်ခဲ့ပါတယ်။

ဒီလို ပြင်ဆင်ဆောင်ရွက်တဲ့နေရာမှာလည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်၊ ယခု ဖွဲ့စည်းထားတဲ့ ရွေးကောက်ပွဲဆိုင်ရာ ကျန်းမာရေးအထောက်အကူပြု ကော်မတီတို့နဲ့ ပူးပေါင်းပြီး ဆောင်ရွက်နေပါတယ်။ ရွေးကောက်ပွဲဆိုင်ရာ ကျန်းမာရေး အထောက်အကူပြု ကော်မတီကို အဆင့် လေးဆင့်နဲ့ ဖွဲ့စည်းထားပါတယ်။ ဗဟိုအဆင့်၊ တိုင်းဒေသကြီး / ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်ဆိုပြီး ဖွဲ့ထားပါတယ်။ ဒီကော်မတီတွေရယ်၊ နောက် ဆေးရုံတွေက ဆေးရုံအုပ်ကြီးတွေရယ်၊ နောက်တစ်ခုက ရွေးကောက်ပွဲကော်မရှင်ရယ် ရှိပါတယ်။ ရွေးကောက်ပွဲကော်မရှင်ကလည်း အဆင့်ဆင့်ရှိပါတယ်။ ရပ်ကွက် / ကျေးရွာအဆင့်၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် စသည်ဖြင့် ရှိပါတယ်။ ဒီလို သုံးဦး၊ သုံးဖလှယ် ပူးပေါင်းပြီး ကြိုတင်မဲအတွက် ဆောင်ရွက်တဲ့နေရာမှာ ကိုယ့်ရဲ့ ဆေးရုံသော်လည်းကောင်း၊ ကုသရေးဌာနသော် လည်းကောင်း ကိုဗစ်ရောဂါဖြစ်စေ၊ တခြားရောဂါဖြစ်စေ တက်ရောက်ကုသမှု ခံယူနေတဲ့ လူနာတွေအနေနဲ့ ကြိုတင်မဲပေးနိုင်ဖို့ ထုတ်ပြန်ထားတဲ့ လုပ်ထုံးလုပ်နည်းတွေ၊ လုပ်ငန်းလမ်းညွှန်တွေအတိုင်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မိဘပြည်သူတွေကို အသိပေးပြောကြားလိုပါတယ်။ ဒီလို ဆောင်ရွက်တဲ့နေရာမှာ ပေါင်းစပ်ညှိနှိုင်းမှုသည် အလွန်အရေးကြီးပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတစ်ခုတည်း လုပ်လို့မရတဲ့အတွက်ကြောင့်မို့ ဒါလေးကို ပေါင်းစပ်ညှိနှိုင်းပြီးတော့ ကြိုတင်မဲပေးလိုသော လူနာတွေ အဓိက လုံခြုံစိတ်ချစွာပေးနိုင်ဖို့အတွက် ဒါတွေကို ကျွန်မတို့ အကောင်အထည်ဖော် ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

ဒီလို ကြိုတင်မဲပေးတဲ့နေရာမှာလည်း အဓိက ခွတ်ခွဲအတည်ပြုလူနာတွေက ပိုပြီးအရေးကြီးပါတယ်။ ကိုဗစ် – ၁၉ လူနာတွေထံကနေ ဆန္ဒမဲ သွားပြီးကောက်ယူမယ့်သူတွေကို ကျန်းမာရေးဝန်ထမ်းတွေက ကူညီပေးမှာ ဖြစ်ပါတယ်။ လူနာဆီကနေ ရောဂါပိုးကို တာဝန်ထမ်းဆောင်တဲ့ ရွေးကောက်ပွဲဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲက ဝန်ထမ်းတွေရော၊ ကျန်းမာရေးဝန်ထမ်းတွေပါ ကူးစက်မှုမခံရအောင်လို့ လုပ်ထုံး၊ လုပ်နည်းတွေ၊ လုပ်ငန်းလမ်းညွှန်တွေကို သေသေချာချာ ရေးဆွဲထားပြီး ကြိုတင်မဲပေးမှုစနစ်ကို စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးပြောကြားလိုပါတယ်။

ဥပမာ – အတည်ပြုလူနာတွေ ဆေးရုံတွေပေါ်မှာ မဲပေးရာတွင် လိုက်နာရမည့်လုပ်ငန်းစဉ် ၈ ချက်ကို ရေးဆွဲထားပါတယ်။ နံပါတ် (၁)က ကိုဗစ် – ၁၉ အတည်ပြုလူနာတွေက အထူးသီးသန့်ခန်းတွေ၊ အထူးကြပ်မတ်ကုသဆောင်တွေမှာ နေရတဲ့အတွက်ကြောင့် ဒီလူတွေသည် လူနာဖြစ်နေပေမယ့် နိုင်ငံသားတစ်ယောက်ရဲ့မဲပေးခွင့်မဆုံးရှုံးရအောင် ကြိုတင်စီစဉ်ဆောင်ရွက်ထားခြင်း ဖြစ်ပါတယ်။ အဲဒီနေရာတွေကို ကျန်းမာရေးဝန်ထမ်းတွေက ကာကွယ်ရေးဝတ်စုံအပြည့်အစုံ စနစ်တကျဝတ်ဆင်သွားရောက်ပြီး ဆန္ဒမဲကိုရယူမှာ ဖြစ်ပါတယ်။ ဒါက လမ်းမလျှောက်နိုင်တဲ့ လူနာတွေအတွက်ပါ။ တကယ်လို့ ဒီလိုလူနာက လူနာလည်းဖြစ်တယ်။ လမ်းလည်း လျှောက်နိုင်တယ်ဆိုရင် အထူးသဖြင့် ကုသရေးစင်တာတွေက လူနာတွေဆိုရင် မဲပေးမယ့်နေရာကို စနစ်တကျ သတ်မှတ်ထားတဲ့နေရာမှာ လာရောက်မဲပေးရမှာဖြစ်ပါတယ်။

အဲဒီလိုမဲပေးတဲ့အခါမှာ မဲဆန္ဒရယူမယ့် ဝန်ထမ်းဘက်ကလည်း အကာအကွယ်တွေ လုပ်ထားရမှာဖြစ်သလို မဲပေးမယ့် လူနာကလည်း သေချာသတ်မှတ်ထားတဲ့ KN95 Mask တွေ ဝတ်မယ်။ Gloves တွေ ဝတ်မယ်။ အဲဒီလိုဝတ်ပြီးမှ အဓိက ကတော့ မဲစာရွက်ကို မထိတွေ့ဘဲ မဲပေးနိုင်တဲ့ စနစ်ကို ကျွန်မတို့ ကျင့်သုံးမှာဖြစ်ပါတယ်။ လူတစ်ယောက်က မဲပေးတဲ့အခါ သူ့မှာရှိတဲ့ Privacy၊ သူ့မှာရှိတဲ့ လုံခြုံမှုပေါ့။ လုံခြုံမှုဆိုတာ ရောဂါကိုလည်း လုံခြုံရမယ်။ သူဘာကို မဲပေးတယ်ဆိုတာ အများမသိအောင် ဒီလိုမျိုး Privacy ရရှိရေးကိုလည်း ဦးစားပေးပြီး စီစဉ်သွားမှာဖြစ်ကြောင်း အသိပေးတင်ပြလိုပါတယ်။ ဒါက ပြည်သူ့ဆေးရုံနဲ့ စင်တာပါ။

နောက်တစ်ခု ကျွန်မပြောချင်တာက ပုဂ္ဂလိကဆေးရုံတွေပါ။ ပုဂ္ဂလိကဆေးရုံတွေမှာလည်း တက်ရောက်ကုသနေတဲ့ လူနာတွေရှိပါတယ်။ လောလောဆယ် ဒီနေ့အထိ ကတော့ ပုဂ္ဂလိကဆေးရုံတွေမှာ တက်ရောက်ကုသနေတာက Non Covid လူနာတွေ ဖြစ်ပါတယ်။ ကိုဗစ် – ၁၉ ရောဂါကို ကုသခွင့်မပြုသေးပါဘူး။ ဒါပေမယ့်လည်း ဝန်ကြီးဌာနက ဆုံးဖြတ်လိုက်ပြီဖြစ်ပါတယ်။ မကြာမီ အချိန်အတွင်းမှာ ပုဂ္ဂလိကဆေးရုံတွေမှာ ကိုဗစ်လူနာတွေကို ရောဂါ ရှိ/ မရှိ စစ်ဆေးခွင့်နဲ့ ကုသခွင့်တွေပေးဖို့အတွက် မူအရတော့ ခွင့်ပြုထားပါပြီ။ အသေးစိတ်လုပ်ငန်းတွေကို ဆက်လက်ပြီးတော့ စီစဉ်ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

**“ အဓိက ကတော့ မဲစာရွက်ကို မထိတွေ့ဘဲ မဲပေးနိုင်တဲ့စနစ်ကို ကျွန်မတို့ ကျင့်သုံးမှာဖြစ်ပါတယ်။ လူတစ်ယောက်က မဲပေးတဲ့အခါ သူ့မှာရှိတဲ့ Privacy၊ သူ့မှာရှိတဲ့ လုံခြုံမှုပေါ့။ လုံခြုံမှုဆိုတာ ရောဂါကိုလည်း လုံခြုံရမယ်။ သူဘာကို မဲပေးတယ်ဆိုတာ အများမသိအောင် ဒီလိုမျိုး Privacy ရရှိရေးကိုလည်း ဦးစားပေးပြီး စီစဉ်သွားမှာ ဖြစ်ကြောင်း အသိပေးတင်ပြလိုပါတယ်”**

ဒါကြောင့် ဒီကိစ္စကိုလည်း တစ်ပါတည်း မိဘပြည်သူတွေကို အသိပေးရင်းနဲ့ ပုဂ္ဂလိကဆေးရုံမှာ တက်ရောက်နေတဲ့ Non Covid လူနာတွေအတွက်က ဒီဘက်ပြည်သူ့ဆေးရုံတွေမှာ လုပ်နေတဲ့လုပ်ငန်းစဉ်အတိုင်း ကြိုတင်မဲစနစ်နဲ့ စီစဉ်ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း မိဘပြည်သူတွေကို အသိပေးလိုပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဒေါက်တာသန်းနိုင်စိုး** ။ ။ ဆက်လက်ပြီးတော့ ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာတိုးသီရိအောင်ကို မေးခွန်းများဖြေကြားပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာတိုးသီရိအောင်** ။ ။ ကျွန်မ ဆွေးနွေးမယ့် အကြောင်းအရာကတော့ **ပြည်သူအများ စိတ်ဝင်စားနေတဲ့၊ မေးခွန်းတွေ မေးမြန်းမှုတွေရှိတဲ့ ကွာရန်တင်းစင်တာတွေမှာ ကြိုတင်မဲပေးရာမှာ ကိုဗစ် – ၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ထားရှိမှုအခြေအနေကို မေးမြန်းထားတဲ့မေးခွန်းတွေကို ခြုံငုံပြီး** ပြန်လည်ဆွေးနွေးဖြေကြားသွားမှာ ဖြစ်ပါတယ်။

၂၀၂၀ အထွေထွေရွေးကောက်ပွဲကျင်းပရာမှာ ကိုဗစ် – ၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများနဲ့အညီ ဆောင်ရွက်နိုင်ဖို့ကို ဆွေးနွေးသွားခဲ့ပြီး ဖြစ်ပါတယ်။ ဒီအထဲမှာ ကွာရန်တင်းစင်တာတွေကို အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေတဲ့ ပြည်သူလူထုသည် ကြိုတင်မဲပေးခွင့်ရဖို့၊ မဆုံးရှုံးဖို့၊ မဲပေးခြင်းလုပ်ငန်းစဉ်ကနေ ကိုဗစ် – ၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုမရှိစေဖို့ ကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ထားရှိဖို့အတွက် စံလုပ်ငန်းလမ်းညွှန်ချက်ကို ချမှတ်ပြီး ဖြစ်ပါတယ်။

ချမှတ်ထားတဲ့ လုပ်ငန်းလမ်းညွှန်ချက်ကိုလည်း တိုင်းဒေသကြီး / ပြည်နယ်၊ မြို့နယ်အဆင့်ဆင့်ကို သင်တန်းတွေ ပို့ချပေးပြီးဖြစ်ပါတယ်။ ပထမအနေနဲ့ ကွာရန်တင်းစင်တာမှာ တာဝန်ယူထားတဲ့၊ တာဝန်ရှိတဲ့သူတွေကနေ စီစဉ်ဆောင်ရွက်ပေးရမယ့်လုပ်ငန်းတွေ ဖြစ်ပါတယ်။

နောက်တစ်ခုက ကွာရန်တင်းစင်တာမှာ တာဝန်ထမ်းဆောင်မယ့် ကြိုတင်မဲကောက်ယူရာမှာ ပါဝင်တာဝန်ထမ်းဆောင်ကြမယ့် ဝန်ထမ်းတွေအားလုံး ပူးပေါင်းဆောင်ရွက်ပေးရမယ့် လုပ်ငန်းတွေ ဖြစ်ပါတယ်။ နောက်တစ်ခုက ကြိုတင်မဲပေးမယ့် မဲဆန္ဒရှင်တွေက ပူးပေါင်းဆောင်ရွက်ပေးရမယ့် လုပ်ငန်းစဉ်တွေဆိုပြီး လုပ်ငန်းစဉ်သုံးပိုင်း ခွဲကြည့်လို့ရပါတယ်။

ဒီအထဲမှာ ပထမဆုံးက ကွာရန်တင်းစင်တာတွေမှာ တာဝန်ရှိတဲ့သူတွေအနေနဲ့ ကြိုတင်မဲပေးဖို့အတွက် နေရာလေးပါ။ ဒီနေရာလေးက လေဝင်လေထွက်ကောင်းမွန်ပြီး ကျယ်ကျယ်ဝန်းဝန်းရှိမယ်။ မဲပေးမယ့်သူတွေ တစ်ယောက်နဲ့ တစ်ယောက် ခြောက်ပေခြားတန်းစီ စောင့်နိုင်မယ့်နေရာ ဖြစ်ရမယ်။ ကြိုတင်မဲကောက်ယူမယ့် သူတွေကလည်း ခြောက်ပေအကွာအဝေးနဲ့ နေနိုင်မယ့်အနေအထားရှိရမယ့် နေရာကို စီစဉ်ပေးထားဖို့ လိုပါတယ်။ ဒီလို စီစဉ်ပေးထားဖို့လည်း လမ်းညွှန်ချက်တွေ ချမှတ်ထားပြီး ဖြစ်ပါတယ်။

နောက်တစ်ချက်က ဒီကွာရန်တင်းစင်တာတွေကို ကြိုတင်မဲကောက်ယူခြင်း မစတင်စဉ်မှာပဲ မဲပေးတဲ့နေရာတွေကို ပိုးသန့်စင်ခြင်းလုပ်ငန်းတွေ လုပ်ပေးထားဖို့ လမ်းညွှန်ထားပါတယ်။ မဲပေးပြီးသွားရင်လည်း ဒီနေရာကို ပိုးသန့်စင်ခြင်းလုပ်ငန်း ဆောင်ရွက်ပေးဖို့ လိုပါတယ်။

ကွာရန်တင်းစင်တာမှာရှိတဲ့ ပြည်သူတွေ မဲလာရောက်ပေးတဲ့အချိန်မှာ အချင်းချင်းကူးစက် ရောဂါဖြစ်ပွားမှုမရှိအောင်၊ နောက် ပါဝင်တာဝန်ထမ်းဆောင်တဲ့သူတွေကလည်း ကိုဗစ် – ၁၉ ရောဂါ ကူးစက်မှုမဖြစ်အောင် စသည်ဖြင့် အားလုံးက လုံလုံခြုံခြုံဘေးကင်းဖို့အတွက် လိုအပ်တဲ့ ရောဂါ ကာကွယ်ရေးဝတ်စုံတွေ ဝတ်ဆင်ဖို့အတွက် ကြီးကြပ်ဆောင်ရွက်ပေးသွားဖို့ တာဝန်ရှိသူတွေက ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

မဲပေးမယ့်နေရာကို သူတို့လာမယ့်အချိန်မှာ အဝင်အထွက်မှာ လက်သန့်စင်ဖို့၊ လက်ဆေးဖို့အတွက် ဘေစင်၊ ဆပ်ပြာ ဒါမှမဟုတ်ရင်လည်း ရေမလိုလက်သန့်စင်ဆေးရည် Hand Gel တွေကို အဝင်အထွက်မှာ ထားရှိပေးသွားဖို့ ဖြစ်ပါတယ်။ ပြီးရင် မဲရုံထဲမှာ မဲပေးတဲ့လုပ်ငန်းစဉ် ဆောင်ရွက်ရာမှာလည်း အမှိုက်ထွက်ရှိလာခဲ့ရင် စွန့်ပစ်ဖို့အတွက် စနစ်တကျခြေနင်းပါတဲ့ အမှိုက်ပုံးကို ထားရှိပေးဖို့ ကျွန်မတို့ စီစဉ်ဆောင်ရွက်ထားပါတယ်။

မဲကောက်ယူတဲ့ လုပ်ငန်းစဉ်မှာလည်း စောင့်တဲ့အချိန်မှာ တစ်ယောက်နဲ့ တစ်ယောက် ထိတွေ့မှုမရှိအောင် စောင့်ဆိုင်းနိုင်ဖို့ စီစဉ်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ကျန်းမာရေးဝန်ထမ်းတွေ ဝတ်ဆင်မယ့် ဝတ်စုံတွေကို အောက်ခြေအထိ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဒီဝတ်စုံတွေသည် လိုအပ်တဲ့၊ ဝတ်ဆင်မယ့်သူတွေဆီ ရောက် / မရောက်ကိုလည်း ကွာရန်တင်းစင်တာ ကြီးကြပ်တာဝန်ယူတဲ့သူတွေက ဆောင်ရွက်ပေးသွားဖို့ ဖြစ်ပါတယ်။

နောက်တစ်ပိုင်းက ကွာရန်တင်းစင်တာမှာ ကြိုတင်မဲကောက်ယူတဲ့နေရာမှာ ပါဝင်ဆောင်ရွက်မယ့် ဝန်ထမ်းတွေ ဖြစ်ပါတယ်။ ကြိုတင်မဲကောက်ယူရာမှာ ပါဝင်ဆောင်ရွက်မယ့် ဝန်ထမ်းတွေက သူတို့အနေနဲ့ လိုအပ်တဲ့ရောဂါကာကွယ်ရေးဝတ်စုံတွေကို အပြည့်အစုံ ဝတ်ဆင်ဖို့လိုပါတယ်။

ဒီလိုဝတ်ဆင်ရာမှာ Surgical Grown Cap နဲ့ KN95 Mask ကို ဝတ်ဆင်ရမှာ ဖြစ်ပါတယ်။ Face Shield ဝတ်ဆင်ရမှာ ဖြစ်ပါတယ်။ Gloves ကိုဝတ်ဆင်ဖို့ ဖြစ်ပါတယ်။ တစ်ဖက်ကလည်း သူတို့တွေမှာ သူတို့ကိုယ်တိုင်ပဲဖြစ်ဖြစ်၊ သူတို့မိသားစုတွေမှာပဲဖြစ်ဖြစ် ဖျားနာတာတွေ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ လက္ခဏာတွေရှိတယ်ဆိုရင် ကြိုတင်မဲကောက်ယူတဲ့ လုပ်ငန်းစဉ်မှာ ပါဝင်ဆောင်ရွက်ခြင်းမပြုဘဲ ခွင့်တိုင်ပြီး လိုအပ်တဲ့ကျန်းမာရေးစောင့်ရှောက်မှုကိုခံယူဖို့ အဆင့်ဆင့်ညွှန်ကြားထားရှိပြီး ဖြစ်ပါတယ်။

နောက်တစ်ခုက ကွာရန်တင်းစင်တာထဲကနေ ဆန္ဒမဲပေးမယ့်သူတွေကို ပုံမှန်လည်း ကျွန်မတို့ ကွာရန်တင်းစင်တာမှာ ရောဂါစောင့်ကြပ်ကြည့်ရှုတဲ့ လုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပြီး ကြိုတင်ဆန္ဒမဲကောက်ယူတဲ့အချိန်မှာလည်း ထပ်မံပြီး အဖျားတိုင်းဖို့ကိုလည်း လုပ်ငန်းစဉ်တစ်ရပ်အနေနဲ့ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

ဒီလိုအဖျားတိုင်းတဲ့အချိန်မှာလည်း ဆောင်ရွက်မယ့်သူတွေသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ ကိုယ်အပူချိန်တိုင်းတာခြင်း လုပ်ငန်းလမ်းညွှန်နဲ့အညီ အဖျားတိုင်းကြဖို့ ဖြစ်ပါတယ်။ ပါဝင်ဆောင်ရွက်တဲ့သူတွေ အားလုံးကလည်း မဲပေးခြင်းလုပ်ငန်းစဉ်မှာ လုံခြုံစိတ်ချရဖို့အတွက်၊ ကိုဗစ် – ၁၉ ရောဂါကူးစက်မှုကင်းဝေးစေဖို့အတွက်ကို အားလုံးပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြရမှာ ဖြစ်ပါတယ်။

ပြီးရင် မဲဆန္ဒရှင်တွေ ဆောင်ရွက်ရမယ့် လုပ်ငန်းရှိပါတယ်။ မဲဆန္ဒရှင်တွေကလည်း မဲကောက်ယူတဲ့သူတွေ ဝတ်ဆင်သလိုမျိုး ရောဂါကာကွယ်ရေး ဝတ်စုံဝတ်ဆင်ရပါမယ်။ သူတို့အတွက်က KN95 Mask နဲ့ Face Shield ဝတ်ဆင်ရမှာ ဖြစ်ပါတယ်။ ဒီလို ကာကွယ်ရေးပစ္စည်းကို သေချာဝတ်ဆင်ပြီးတော့မှ မဲပေးတဲ့နေရာကို လာရောက်ဖို့ ဖြစ်ပါတယ်။ လာရောက်ချိန်မှာလည်း အသင့်ထားရှိပေးထားမယ့် လက်သန့်စင်ဆေးရည်ကို အသုံးပြုပြီး လက်သန့်စင်ဖို့ဖြစ်ပါတယ်။ ပြီးရင် မဲပေးဖို့စောင့်ဆိုင်းတဲ့အချိန်မှာလည်း တစ်ဦးနဲ့တစ်ဦး နီးနီးကပ်ကပ်မနေဘဲ ခပ်ခွာခွာနေပြီး စောင့်ဆိုင်းပေးဖို့ ဖြစ်ပါတယ်။ အနည်းဆုံး ခြောက်ပေ အကွာအဝေးမှာ တစ်ယောက်နဲ့ တစ်ယောက် နေထိုင်ဖို့ ဖြစ်ပါတယ်။

မဲပေးမယ့်လုပ်ငန်းစဉ်ကတော့ မဲဆန္ဒပြုမယ့်သူက မဲကောက်ယူမယ့် ကျန်းမာရေးဝန်ထမ်းကို ဆန္ဒမဲပေးချင်တဲ့ သူ့ဆန္ဒကိုပြောပြီးတော့ ဆန္ဒမဲကို ကျန်းမာရေးဝန်ထမ်းက ကိုယ်စားဆန္ဒမဲပေးမှာ ဖြစ်ပါတယ်။ ဒါကြောင့် မဲလက်မှတ်က မဲဆန္ဒရှင်နဲ့ တိုက်ရိုက်ထိတွေ့မှု မရှိပါဘူး။ ဒါပေမယ့် အဲဒီလို ကောက်ယူရာမှာ တစ်ဦးနဲ့တစ်ဦး မနီးကပ်ဖို့တော့ လိုက်နာဆောင်ရွက်ဖို့ လိုပါတယ်။

အဲဒီလို ဆန္ဒမဲပေးရာမှာ ဘေးလူတွေလည်း မသိရအောင်၊ လုံခြုံမှုရှိအောင်ပေးနိုင်မယ့် နေရာတွေဖြစ်ဖို့ကိုလည်း စီစဉ်ထားဖို့အရေးကြီးပါတယ်။ ဒါကိုလည်း ကျွန်မတို့ အဆင့်ဆင့်ညွှန်ကြားဆောင်ရွက်သွားမှာ ဖြစ်ပါ တယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဒေါက်တာသန်းနိုင်စိုး** ။ ။ အခုလို ပြည့်ပြည့်စုံစုံ ဖြေကြား ပေးသွားတဲ့ ဆရာမ ဒေါ်တိုးသီရိအောင်ကို အထူးကျေးဇူးတင်ရှိပါတယ်။ ကျန်ရှိတဲ့မေးခွန်းတွေကို ကျွန်တော့်အနေနဲ့ ခြုံငုံပြီး ဖြေကြားပေးပါမယ်။

အခုလက်ရှိအခြေအနေကို ပြန်လည်ပြီးသုံးသပ်ကြည့်တဲ့အခါ ဒီနှစ်ကတော့ ကိုဗစ် – ၁၉ ဖြစ်တဲ့ ကာလနဲ့ ပါတီစုံအထွေထွေရွေးကောက်ပွဲကြီး ကျင်းပမယ့်အချိန်ကာလနဲ့ တိုက်ဆိုင်တယ်။ အဲဒီလိုပဲ ကျွန်တော်တို့လို တိုက်ဆိုင်တဲ့ နိုင်ငံတော်တော်များများလည်း ရှိပါတယ်။ ဒီနိုင်ငံတကာရွေးကောက်ပွဲအတွေ့အကြုံတွေနဲ့ ပတ်သက်ပြီးတော့လည်း ကျွန်တော်တို့ကို Experiences Sharing တွေရှိပါတယ်။ အထူးသဖြင့် ကိုရီးယားနိုင်ငံနဲ့ ဗီဒီယိုကွန်ဖရင့်တွေ လုပ်ခဲ့ပါတယ်။ ဥရောပသမဂ္ဂနဲ့လည်း ဗီဒီယိုကွန်ဖရင့်တွေ လုပ်ခဲ့ပါတယ်။ US CDC က ထုတ်ပြန်တဲ့ ရွေးကောက်ပွဲဆိုင်ရာ Guideline၊ WHO က ထုတ်ပြန်တာတွေလည်း ရှိတယ်။

ဒါတွေအကုန်လုံးကို ကျွန်တော်တို့က လေ့လာသုံးသပ်ပြီး မိမိတို့နိုင်ငံနဲ့ ကိုက်ညီမယ့် အနေအထားမျိုးတွေကို ပြန်လည်ပြီးဆောင်ရွက်ရတာ ဖြစ်ပါတယ်။ ဒီအခြေအနေတွေအားလုံးက ကျွန်တော်တို့အနေနဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်တဲ့ ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုကော်မတီတို့ အကြိမ်ကြိမ်အခါခါ ဆွေးနွေးခဲ့ပါတယ်။ ပြည်ထောင်စုဝန်ကြီးရဲ့ လမ်းညွှန်မှုတွေလည်း ကျွန်တော်တို့ အများကြီးရခဲ့ပါတယ်။ အမျိုးသားအဆင့် ဗဟိုကော်မတီရဲ့ လမ်းညွှန်မှု၊ ပံ့ပိုးမှုတွေလည်း အများကြီးရခဲ့ပါတယ်။ **“ကိုဗစ်” ကိုကာကွယ်ရင်းနဲ့ ရွေးကောက်ပွဲကို အောင်မြင်အောင် ဆောင်ရွက်ကြမယ်ဆိုပြီး ကျွန်တော်တို့အားလုံး ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။** တစ်ဖက်ကလည်း မိဘပြည်သူတွေအနေနဲ့ တက်တက်ကြွကြွ အားလုံးပူးပေါင်းပါဝင်မှသာလျှင် ဒီလုပ်ငန်းစဉ်ကြီးကလည်း အောင်မြင်မှာ ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ခြုံငုံပြီးပြောရရင် နိုဝင်ဘာ ၈ ရက်ဆိုရင် မဲပေးရတော့မယ်။ တချို့အချက်တွေကို ထပ်မံပြီး ပြောကြားလိုပါတယ်။ နံပါတ်တစ် မဲပေးမယ့် လူတစ်ယောက်က အိမ်ကထွက်မယ်ဆိုရင် Mask ကို မဖြစ်မနေတပ်ရမှာ ဖြစ်ပါတယ်။ မဲရုံကိုရောက်ရင် သတ်မှတ်ထားတဲ့ KN95 Mask ကို မိမိဘာသာလဲလှယ်တပ်ဆင်ရမှာ ဖြစ်ပါတယ်။ လက်ကိုလည်း လက်ဖျန်းဆေးရည်အသုံးပြုပြီး ဆေးကြောပေးမှာ ဖြစ်တယ်။ အဲဒီအခါ အရေးကြီးတာက လက်သည်းရှည်တွေကို ညှပ်လာဖို့ လိုပါတယ်။ လက်သည်းရှည်တွေ မညှပ်ထားရင် ခုနပြောတဲ့ လက်ဖျန်းဆေးရည် ဖျန်းတဲ့အခါ လက်သည်းတွေကြားထဲကို ပိုးသန့်စင်ဆေးရည်က မဝင်ရောက်နိုင်ရင် လက်သည်းကြားထဲမှာ ပိုးရှိရင် အဲဒီပိုးက

*စာမျက်နှာ ၁၉ သို့*

# နေပြည်တော် ပြည်ထောင်စုနယ်မြေအတွင်းရှိ မဲဆန္ဒရှင်ပြည်သူများ ကျန်းမာရေးနှင့်အညီ လွတ်လပ်လုံခြုံစွာ မဲပေးနိုင်ရေး မဲရုံများအားလုံး ပြင်ဆင်ဆောင်ရွက်ထားပြီးဖြစ်



ဦးသိန်းထွေး



ဦးကျော်စွာဦး



ဦးအောင်ကျော်ဆင့်



ဦးဇော်နိုင်ဦး



ဦးမြင့်အောင်

နေပြည်တော် နိုဝင်ဘာ ၅

**၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် နေပြည်တော် ပြည်ထောင်စုနယ်မြေအတွင်းရှိ သီရိ ငါးမြို့နယ်နှင့် ပျဉ်းမနား၊ တပ်ကုန်း၊ လယ်ဝေးမြို့နယ်များအတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ မဲရုံများသို့ လာရောက်မဲပေးကြမည့် မဲဆန္ဒရှင်ပြည်သူများ ကျန်းမာရေးနှင့်အညီ လွတ်လပ်လုံခြုံစွာ မဲပေးနိုင်ရေး မဲရုံများအားလုံး ပြင်ဆင်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း နေပြည်တော် ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ သိရသည်။**

ရွေးကောက်ပွဲကျင်းပရန် နှစ်ရက်သာ လိုတော့သည့်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဦးဆောင်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်/ကျေး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ နှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ အနေဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက် လျက်ရှိကြရာ နေပြည်တော် ပြည်ထောင်စု နယ်မြေ၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများက ရွေးကောက်ပွဲအတွက် မဲရုံများ ပြင်ဆင် ဆောင်ရွက်ထားရှိမှုများနှင့်စပ်လျဉ်း၍ ပြောကြား ချက်များအား ဖော်ပြလိုက်ရပါသည် -

**ဦးသိန်းထွေး (ဥက္ကဋ္ဌ၊ ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ)**

ကျွန်တော်တို့ နေပြည်တော် ပြည်ထောင်စု နယ်မြေမှာ မြို့နယ် ရှစ်မြို့နယ်၊ ရပ်ကွက် ၅၈ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၈၇ အုပ်စု၊ မဲရုံ ပေါင်း ၆၄၆ ရုံ ရှိပါတယ်။ ယာယီမဲရုံတွေပါ အားလုံးပြင်ဆင်ပြီးပါပြီ။ နိုဝင်ဘာ ၃ ရက်ကနေ ဒီနေ့အထိ သက်ဆိုင်ရာ မြို့နယ်တွေက ရပ်ကွက်၊ ကျေးရွာတွေအထိ ကျွန်တော် ကိုယ်တိုင်စိစစ်မှုတွေ လုပ်ဆောင်နေပါတယ်။ အောက်တိုဘာ ၂၉ ရက်ကနေ နိုဝင်ဘာ ၄ ရက် အထိ ပြည်ထောင်စုနယ်မြေမှာ ၁၁၆၅၁၁ ဦး ကြိုတင်မဲပေးပြီးပါပြီ။ လုံခြုံရေးအနေနဲ့ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး မင်းနောင် က ပြည်ထောင်စုနယ်မြေရဲ့ လုံခြုံရေးကော်မတီ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ကျွန်တော်တို့က အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ပါတယ်။ နေပြည် တော် ပြည်ထောင်စုနယ်မြေရဲ့ မဲဆန္ဒရှင်များ လုံခြုံရေးနဲ့ မဲရုံလုံခြုံရေးအတွက်ကို အစီအမံ တွေ ချထားဆောင်ရွက်ပြီး ဖြစ်ပါတယ်။ ရွေးကောက်ပွဲနေ့မှာ အသုံးပြုဖို့အတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအထောက်အကူပစ္စည်း တွေကို သက်ဆိုင်ရာမြို့ နယ်ကော်မရှင်အဖွဲ့ခွဲ တွေဆီ ဒီနေ့ပဲ အပြီးဖြန့်ဝေပြီးပါပြီ။

ရွေးကောက်ပွဲနေ့ မနက် ၆ နာရီကနေ ညနေ ၄ နာရီအတွင်း သက်ဆိုင်ရာ မဲရုံတွေကို ဖွင့်လှစ်ပြီး မဲပေးတာကို ဆောင်ရွက်မှာဖြစ်ပါ တယ်။ မဲလာပေးမှုများပြားတဲ့အပေါ် မူတည်ပြီး မဲရုံတစ်ရုံစီကို အဆိုင်းနှစ်ဆိုင်းခွဲမှာ ဖြစ်ပါ တယ်။ မဲဆန္ဒရှင်တွေ မဲရုံကိုရောက်တဲ့အခါ ပထမဆုံး အဖျားတိုင်းပြီး လက်ဆေးဖျန်း ပါမယ်။ နောက်ပြီး နှာခေါင်းစည်းအသစ်တွေ လဲပေးတဲ့လုပ်ငန်းကို စေတနာ့ဝန်ထမ်းတွေ၊ ပညာရေး၊ ကျန်းမာရေးဝန်ထမ်းတွေက မဲရုံ ပြင်ပမှာ ဆောင်ရွက်ဖို့ တာဝန်တွေပေးအပ်ပြီး ဖြစ်ပါတယ်။ မဲဆန္ဒရှင်တွေကို အဖျားတိုင်းတဲ့ အခါ အပူချိန်မြင့်နေတယ်ဆိုရင် Temporary Quarantine ဆိုတဲ့ နေရာတစ်ခု မဲရုံတိုင်းမှာ ရှိပါမယ်။ အဲဒီနေရာမှာ ၁၅ မိနစ် နေခိုင်းပြီး နောက်ထပ် အပူချိန်တိုင်းမှာ ဖြစ်ပါတယ်။ အပူချိန်ထပ်တိုင်းလို့ အပူချိန်ထပ်မံမြင့်တက် တယ်ဆိုရင် ကျန်းမာရေးဌာနကနေ အဲဒီမဲဆန္ဒ ရှင်ကို အချိန်မီ ကုသမှုပေးသွားမှာ ဖြစ်ပါတယ်။ အကယ်၍ အပူချိန် ၁၅ မိနစ်အတွင်းမှာ ပြန်ကျ သွားတယ်ဆိုရင် မဲရုံအတွင်းမှာ ဆက်လက် မဲပေးဖို့အတွက် ဆောင်ရွက်ပါမယ်။ မဲပေးတဲ့ မဲဆန္ဒရှင် မဲရုံထဲမှာ မဲပေးပြီးလို့ ပြန်ထွက် သွားရင် လက်ဆေးဖျန်းမှာပါ။ နောက်ပြီး မဲပေးပြီးကြောင်း လက်သန်းမှာ မင်တို့ပြီးမှ မဲရုံက ထွက်ခွာရမှာဖြစ်ပါတယ်။ မဲရုံကနေ ဝင်လာပြီး ထွက်သွားတဲ့အထိ မဲပေးတဲ့ မဲဆန္ဒရှင်တွေဟာ ခြောက်ပေအကွာနဲ့ မဲရုံထဲမှာ စီတန်းပြီး မဲပေးတဲ့စနစ်နဲ့ မဲပေးနိုင်အောင် စနစ်တကျ ပြင်ဆင်ထားပြီး ဖြစ်ပါတယ်။

ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲအနေနဲ့ သက်ဆိုင်ရာ ခရိုင် နဲ့မြို့နယ်တွေမှာ ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟို ကော်မတီရဲ့ ညွှန်ကြားချက်တွေ၊ လမ်းညွှန်ချက် တွေနဲ့အညီ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲကို လုံခြုံရေးပိုင်းကအစ ကျန်းမာရေးအပိုင်းပါ လိုအပ်ချက်အားလုံးကို တာဝန်ရှိအဖွဲ့အစည်း များနဲ့ပေါင်းစပ်ပြီး ဆောင်ရွက်နေတဲ့အတွက် မဲဆန္ဒရှင်ပြည်သူတွေအနေနဲ့ လွတ်လပ်ပြီး စိတ်ချမ်းသာစွာနဲ့ မဲပေးနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူတွေအနေနဲ့ ကိုယ့်ရဲ့နိုင်ငံ သားအခွင့်အရေးကို မဆုံးရှုံးရအောင် မဲပေးကြ ပါလို့ တိုက်တွန်းချင်ပါတယ်။

**ဦးကျော်စွာဦး (အတွင်းရေးမှူး၊ ဥတ္တရခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ)**

ကျွန်တော်တို့ ဥတ္တရခရိုင်အတွင်းမှာ မြို့နယ်လေးမြို့နယ် ရှိပါတယ်။ ရပ်ကွက် ၃၀ ရှိပြီး ကျေးရွာအုပ်စုပေါင်း ၈၈ အုပ်စု ရှိပါတယ်။ မဲရုံ စုစုပေါင်း ၃၃၆ ရုံဖွင့်လှစ်ပြီး မဲပေးနိုင်ရေး ဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ ဥတ္တရခရိုင် အတွင်းမှာ မဲဆန္ဒရှင် ၄၁၉၄၅၄ ဦး ရှိပါတယ်။ နိုဝင်ဘာ ၄ ရက်အထိ ကြိုတင်ဆန္ဒမဲပေးတဲ့သူ ၅၀၇၄၃ ဦး ရှိပါတယ်။ လက်ရှိခရိုင်အတွင်းမှာ ရှိတဲ့ မြို့နယ်တွေက ရပ်ကွက်၊ ကျေးရွာတွေမှာ ဖွင့်လှစ်ထားတဲ့ မဲရုံတွေမှာ လိုအပ်တဲ့ ကျန်းမာ ရေးအထောက်အကူပစ္စည်းတွေကို သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာ ကော်မရှင်တွေကို ဖြန့်ဝေ ထားပြီးဖြစ်ပါတယ်။ မဲရုံတစ်ရုံတိုင်းမှာ ကျန်းမာ ရေးဝန်ထမ်း တစ်ဦး၊ ထွေ/အုပ် ဝန်ထမ်းတစ်ဦး ထားရှိပြီး ပညာရေးနဲ့ ကျန်းမာရေးက ဝန်ထမ်း တွေကိုကတော့ နှစ်နာရီကြားတစ်ကြိမ် အလဲ အလှယ်လုပ်လို့ရအောင် Volunteer တွေဖွဲ့ စည်းဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။

လုံခြုံရေးအပိုင်းအနေနဲ့လည်း မဲရုံတိုင်းမှာ အထူးရဲတွေ ချထားပြီးဖြစ်ပါတယ်။ ဥတ္တရခရိုင် အတွင်းမှာရှိတဲ့ မဲဆန္ဒရှင်ပြည်သူတွေအနေနဲ့ ရွေးကောက်ပွဲနေ့မှာ ကျန်းမာရေးနဲ့ညီညွတ် ပြီး လုံလုံခြုံခြုံ လွတ်လွတ်လပ်လပ် မဲပေးနိုင် အောင် ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ဒီရက်ပိုင်း မှာလည်း လိုအပ်တာတွေကို ထပ်ပြီးဖြည့်ဆည်း နိုင်ဖို့ ကွင်းဆင်းစစ်ဆေးလျက် ရှိပါတယ်။ လိုအပ်ချက်တွေရှိရင် ပိုပြီးပြည့်စုံအောင် ဖြည့်ဆည်းဆောင်ရွက်ပေးသွားမှာပါ။ မဲရုံ တိုင်းမှာ မဲပေးခွင့်ရှိတဲ့ဦးရေနဲ့ မဲပေးခွင့်ရှိတဲ့ အချိန်လုံလောက်အောင် ဆောင်ရွက်ထားပြီး လည်း ဖြစ်ပါတယ်။ မဲရုံတိုင်းမှာဆိုရင် မဲပေး ခွင့်ရှိသူ ၁၀၀၀ ကျော်တာနဲ့ နှစ်ဆိုင်း၊ ၂၀၀၀ ကျော်တာနဲ့ သုံးဆိုင်းခွဲပြီး မဲပေးနိုင်အောင် ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ ကိုဗစ် – ၁၉ ထိန်းချုပ်ရေးအတွက်လည်း အထောက်အကူ ဖြစ်အောင် အဆိုင်းတွေ အများကြီးခွဲထား ပါတယ်။ ကျွန်တော့်အနေနဲ့ မဲဆန္ဒရှင်ပြည်သူ တွေကို သတင်းစကားပါးချင်တာက မဲရုံတိုင်း မှာ ကျန်းမာရေးအဖွဲ့တွေရှိပေမယ့် မဲဆန္ဒရှင် ပြည်သူတွေအနေနဲ့ မဲလာပေးတဲ့အချိန်မှာ ကျန်းမာရေးနဲ့အညီ လိုက်နာပြီး မဲပေးပါလို့ ကျွန်တော့်အနေနဲ့ တိုက်တွန်းချင်ပါတယ်။

**ဦးအောင်ကျော်ဆင့်(အတွင်းရေးမှူး၊ ဒက္ခိဏ ခရိုင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ)**

ကျွန်တော်တို့ ဒက္ခိဏခရိုင်အတွင်းမှာ မြို့နယ် လေးမြို့နယ်၊ ရပ်ကွက် ၂၈ ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်း ၉၉ အုပ်စု ရှိပါတယ်။ ရပ်ကွက်၊ ကျေးရွာအုပ်စု စုစုပေါင်း ၁၂၇ ခု ရှိပါ တယ်။ မဲရုံပေါင်း ၃၁၀ ရှိပြီး ရွေးကောက်ပွဲနေ့မှာ ပြည်သူတွေ လုံလုံခြုံခြုံ စိတ်ချမ်းမြေ့စွာနဲ့ မဲပေးနိုင်ဖို့ အားလုံးပြင်ဆင်ထားပြီးဖြစ်ပါ တယ်။ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာ ကော်မရှင်အဖွဲ့ခွဲတွေအနေနဲ့ လိုအပ်ချက်တွေ ကို ထပ်မံဖြည့်ဆည်း ပြင်ဆင်ဆောင်ရွက်နိုင်ဖို့ လမ်းညွှန်ထားပြီးဖြစ်ပါတယ်။ ကျွန်တော့်အနေ နဲ့ နေ့စဉ်လိုက်လံစစ်ဆေးပြီး လိုအပ်ချက်တွေ ကိုလည်း ဆောင်ရွက်ပေးပါတယ်။ ကိုဗစ်-၁၉ ရောဂါနဲ့ ပတ်သက်တဲ့ ကြိုတင်ကာကွယ်ရေး ပစ္စည်းတွေကိုလည်း ပြီးခဲ့တဲ့ နှစ်ရက်က ကျွန်တော်တို့ခရိုင်ကနေ သက်ဆိုင်ရာမြို့နယ် တွေကတစ်ဆင့် ရပ်ကွက်အလိုက် ရရှိတဲ့ နှုန်းထားအလိုက် ဖြန့်ဝေပြီးဖြစ်ပါတယ်။ ရပ်ကွက်၊ ကျေးရွာ ကော်မရှင်အဖွဲ့ခွဲကတစ်ဆင့် မဲရုံတွေကိုအရောက် ဖြန့်ဝေပေးနေပါတယ်။ လုံခြုံရေးနဲ့ပတ်သက်ပြီး မဲရုံတိုင်းမှာ မြန်မာ နိုင်ငံရဲတပ်ဖွဲ့ကနေ လုံခြုံရေးသင်တန်း တက်ထားတဲ့ အထူးလုံခြုံရေးရဲဝန်ထမ်း တစ်ဦး ရှိပါတယ်။ ကျွန်တော်တို့ ခရိုင်အတွင်း မှာ မဲဆန္ဒရှင် စုစုပေါင်း ၄၈၀၀၀၀ ကျော် ရှိပါတယ်။ ကြိုတင်မဲပေးထားတဲ့ မဲဆန္ဒရှင် ဦးရေကတော့ မနေ့ကအထိ ၆၀၀၀၀ ကျော် ရှိပါပြီ။ နိုဝင်ဘာ ၈ ရက်မှာ မဲလာပေးမယ့် မဲဆန္ဒရှင်တွေအတွက် ကိုဗစ်-၁၉ ကျန်းမာရေး လမ်းညွှန်ချက်တွေနဲ့အညီ မဲရုံအပြင်ဘက်မှာ ဆိုရင် အထွေထွေအုပ်ချုပ်ရေး၊ ကျန်းမာရေး၊ ပညာရေးဌာနတွေက ဝန်ထမ်းတွေနဲ့ပေါင်းစပ် ပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ မဲဆန္ဒရှင် များအနေနဲ့ ရွေးကောက်ပွဲနေ့ မဲလာပေးတဲ့အခါ စိုးရိမ်ပူပန်စရာမရှိအောင် ကိုဗစ်-၁၉ ကျန်းမာ ရေး လမ်းညွှန်ချက်နဲ့အညီ စနစ်တကျ ဆောင်ရွက်ထားသလို လုံခြုံရေးအပိုင်းကို လည်း စနစ်တကျ စီမံဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ မဲဆန္ဒရှင်ပြည်သူများအနေနဲ့ ငါးနှစ်မှာ တစ်ခါရတဲ့ နိုင်ငံသားအခွင့်အရေးကို မဆုံးရှုံးရအောင် မဲရုံတွေမှာ လာရောက်မဲပေး ကြဖို့ တိုက်တွန်းချင်ပါတယ်။

**ဦးဇော်နိုင်ဦး(အတွင်းရေးမှူး၊ လယ်ဝေးမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ)**

ကျွန်တော်တို့ လယ်ဝေးမြို့နယ်အတွင်းမှာ ရပ်ကွက် ခုနစ်ရပ်ကွက်၊ ကျေးရွာ ၆၀ ရှိပါ တယ်။ မဲရုံပေါင်း ၁၄၄ ရုံရှိပြီး မဲပေးပိုင်ခွင့်ရှိ သူဦးရေ ၂၂၁၃၈၇ ဦးရှိပါတယ်။ နိုဝင်ဘာ ၄ ရက် အထိ ကြိုတင်ဆန္ဒမဲပေးသူဦးရေ ၃၀၉၈၀ ရှိပါပြီ။ မဲရုံ ၁၄၂ ရုံက မဲပေးနိုင်ဖို့အတွက် အဆင်သင့်ဖြစ်နေပါပြီ။ ကျန်ရှိတဲ့ မဲရုံ နှစ်ရုံ ကိုလည်း အဆင်သင့်ဖြစ်အောင် ဒီနေ့ကစပြီး ဆောင်ရွက်နေပါတယ်။ မဲရုံတွေမှာ ကြိုတင် ပြင်ဆင်မှုတွေ အချိန်မီပြီးစီးဖို့အတွက် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှာပါတဲ့ အဖွဲ့ဝင် တွေကို တာဝန်ခွဲဝေပေးပါတယ်။ သူတို့က လည်း တာဝန်ခွဲပေးထားတဲ့ မဲရုံတွေမှာ ကြိုတင်ပြင်ဆင်မှုတွေ အချိန်မီပြီးစီးဖို့ ကွင်းဆင်းပြီး လိုအပ်ချက်တွေကို ကြပ်မတ် ဆောင်ရွက်နေကြပါတယ်။ မြို့နယ်အတွင်းက မဲရုံတွေမှာ သတ်မှတ်အချိန်အတွင်း မဲပေးနိုင်ဖို့ အတွက် အချိန်လုံလောက်မှုရှိအောင် မဲဆန္ဒရှင် အနည်းအများအပေါ် မူတည်ပြီး နှစ်ဆိုင်း၊ သုံးဆိုင်း စသဖြင့် အဆိုင်းတွေခွဲပြီး ဆောင်ရွက် ထားပါတယ်။ မဲရုံတွေရဲ့ လုံခြုံရေးအပိုင်း အနေနဲ့ အထူးရဲတွေ တာဝန်ချဆောင်ရွက်ထား ပါတယ်။ အဓိကအနေနဲ့ ကိုဗစ်-၁၉ ကာလ ဖြစ်တဲ့အတွက် မဲဆန္ဒရှင်ပြည်သူတွေရဲ့ ကျန်းမာရေးအတွက် မဲရုံတိုင်းမှာ ကျန်းမာရေး ဝန်ထမ်းများအပါအဝင် သက်ဆိုင်ရာဝန်ထမ်း တွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

**ဦးမြင့်အောင် (ဥက္ကဋ္ဌ၊ အမှတ်-၂ ရပ်ကွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ လယ်ဝေး မြို့နယ်)**

ကျွန်တော်က ၂၀၁၀ ပြည့်နှစ်၊ ၂၀၁၅ ခုနှစ်တွေမှာလည်း ရပ်ကွက်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌတာဝန် ထမ်းဆောင်ခဲ့ ပါတယ်။ ဒီတစ်ကြိမ်မှာလည်း ရပ်ကွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ တာဝန် ထမ်းဆောင်ပါတယ်။ ကျွန်တော်တို့ အမှတ်(၂) ရပ်ကွက်မှာ မဲဆန္ဒရှင်ဦးရေ ၃၀၀၀ ကျော်ရှိပြီး မဲရုံ နှစ်ရုံ ဖွင့်လှစ်ထားပါတယ်။ နိုဝင်ဘာ ၈ ရက် ရွေးကောက်ပွဲအတွက် မဲရုံတွေကို ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့အနေနဲ့ အုပ်ချုပ်ရေးအဖွဲ့အပါအဝင် တာဝန်ရှိသူတွေ အားလုံးပူးပေါင်းပြီး ပြင်ဆင်ဆောင်ရွက်ထား ပြီးဖြစ်ပါတယ်။ မဲဆန္ဒရှင်တွေအနေနဲ့ တစ်ဦးနဲ့ တစ်ဦး သတ်မှတ်အကွာအဝေးက မဲပေးနိုင် ဖို့လည်း စီစဉ် ဆောင်ရွက်ထားပါတယ်။ မဲရုံ(၁) မှာဆိုရင် မဲပေးတဲ့အခန်းက ကျဉ်းတဲ့အတွက် အမျိုးသားလွှတ်တော်မဲပုံးအတွက် တစ်ခန်း၊ ပြည်သူ့လွှတ်တော်မဲပုံးအတွက် တစ်ခန်းဆိုပြီး စီစဉ်ထားပါတယ်။ မဲဆန္ဒရှင်တွေအနေနဲ့ ရွေးကောက်ပွဲနေ့မှာ နံနက် ၆ နာရီကနေ ညနေ ၄ နာရီအထိ မဲပေးနိုင်မှာဖြစ်ပေမယ့် ညနေ ၄ နာရီမှာ မဲရုံပရဝဏ်အတွင်းမှာရှိနေသေးတဲ့ မဲဆန္ဒရှင်အားလုံး အပြည့်အဝမဲပေးခွင့်ရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ရပ်ကွက်ကော်မရှင် အနေနဲ့ ရပ်ကွက်အတွင်းမှာရှိတဲ့ မဲပေးပိုင်ခွင့် ရှိသူတွေအားလုံး မဲပေးခွင့်မဆုံးရှုံးစေရေး အတွက် လိုက်လံဆော်ဩထားပါတယ်။ လုံခြုံ ရေးနဲ့ပတ်သက်လို့လည်း ရွေးကောက်ပွဲ အထူး ရဲတွေ၊ ရပ်ကွက်လုံခြုံရေးအဖွဲ့၊ ကော်မရှင် အဖွဲ့ခွဲနဲ့ပူးပေါင်းပြီး မဲပုံးတွေကို အပြည့်အဝ စောင့်ရှောက်ပါတယ်။ ကျွန်တော်တို့ ရပ်ကွက် မှာရှိတဲ့ မဲဆန္ဒရှင်ဦးရေနဲ့ မဲပေးဖို့ သတ်မှတ် ထားတဲ့အချိန်က အဆင်ပြေလုံလောက်မှု ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ ဆန္ဒမဲ လာရောက်ပေးကြတဲ့ ပြည်သူတွေ ငြိမ်းငြိမ်း ချမ်းချမ်း အေးအေးဆေးဆေး မဲပေးနိုင်အောင် ဆောင်ရွက်ထားတယ်။ ဒါကြောင့် ပြည်သူတွေ အနေနဲ့ ရွေးကောက်ပွဲနေ့မှာ အေးချမ်းစွာ လာရောက်မဲပေးကြပါလို့ တိုက်တွန်းချင် ပါတယ်။

**တွေ့ဆုံမေးမြန်း-မျိုးသူဟိန်း၊ ဟိန်းမင်းစိုး**
**ဓာတ်ပုံ-မျိုးမြင့်(သတင်းစဉ်)**

*စာမျက်နှာ ၁၇ မှ*

မသေနိုင်ဘူး။ ဒါကြောင့် လက်သည်းရှည်တွေကို ညှပ်လာပေးပါလို့ ပန်ကြားလိုပါတယ်။

ပြီးရင် လက်ဖျန်းဆေးရည်ဖျန်းတဲ့အခါ အရေးကြီးတဲ့အချက်က လက်ဖဝါးကို အရင်ဖျန်းမယ်။ အဲဒီအခါ လက်ချောင်းတွေကို ကားထားပေးရမှာ ဖြစ်ပါတယ်။ လက်ချောင်းလေးတွေ ကားမှသာလျှင် လက်ဖျန်းဆေးရည်က လက်ချောင်းလေးတွေကြားထဲကိုလည်း ဝင်ရောက်မှာ ဖြစ်ပါတယ်။ ပြီးတဲ့အခါ လက်ခုံလေး သေသေချာချာမှောက်ပေးမယ်။ အဲဒီအခါကျရင်လည်း သေသေချာချာ လက်ချောင်းတွေကို ကားထားပေးရမှာ ဖြစ်ပါတယ်။ အဲဒီအခါကျတော့မှ ပိုးသန့်စင်ဆေးရည်က လက်ဖဝါး၊ လက်ချောင်း ၊ လက်သည်းခွံအောက်ပါမကျန် အကုန်လုံးအနှံ့ရောက်ရှိသွားမှာ ဖြစ်ပါတယ်။

အဲဒီလို ရောက်ရှိပြီးရင်တော့ လက်ဖဝါး၊ ဖမိုး၊ လက်ခေါက်ချိုး၊ လက်ကြား၊ လက်မ မကျန်စေရ ဆိုတဲ့ လက်ဆေးခြင်းအဆင့် ၇ ဆင့်နဲ့ နှံ့စပ်အောင်ပွတ်ပြီး ဆေးကြောရမှာ ဖြစ်ပါတယ်။ အဲဒါပြီးရင် ၅ စက္ကန့်၊ ၁၀ စက္ကန့်လောက် စောင့်လိုက်ရင်တော့ ခြောက်သွေ့တဲ့၊ ပိုးကင်းစင်တဲ့ လက်တစ်စုံကိုရပါပြီ။ အဲဒီအခါကျရင် မိမိတို့ ဆောင်ရွက်လိုတဲ့ မဲပေးခြင်းလုပ်ငန်းစဉ်ကို ဆောင်ရွက်လို့ရပါတယ်။

ပြီးတော့ တချို့နေရာတွေမှာ မှတ်ပုံတင်ထည့်ဖို့ လည်ဆွဲတွေလည်း မဲရုံမှာ အဆင်သင့်ရှိမှာ ဖြစ်ပါတယ်။ အဲဒီအခါ မှတ်ပုံတင်ကို ကိုယ့်အိတ်ထဲကနေထုတ်ပြီး မှတ်ပုံတင်နဲ့ တိုက်ဆိုင်စစ်ဆေးမယ့် မဲစာရင်းစစ်တဲ့ အဖွဲ့ကို လက်ကနေ ထုတ်ပြီးပေးရမယ်ဆိုရင် ထပ်ပြီး ပေနိုင်တယ်၊ ပိုးတွေရှိရင်လည်း ကိုယ့်လက်မှာ ကပ်ငြိနိုင်တယ်။ အဲဒီလို မဖြစ်အောင် အိတ်ကလေးထဲမှာ ထည့်ပြီး ပေးမယ်ဆိုရင်တော့ မိမိကိုယ်တိုင်အတွက်ရော တစ်ဖက်က ကိုင်တွယ်မယ့်လူအတွက်လည်း အင်မတန် ကောင်းမွန်မယ့်အနေအထား ဖြစ်ပါတယ်။

အဲဒီလို မဲပေးခြင်းလုပ်ငန်းစဉ်ပြီးဆုံးရင် လက်ဖျန်းဆေးရည်နဲ့ တစ်ခေါက်ထပ်ပြီးဖျန်းမှာ ဖြစ်ပါတယ်။ အဲဒီအခါကျတော့ အခြောက်မြန်ဖို့အတွက်ကို အယ်လ်ကိုဟောပမာဏ ပိုမိုပြင်းတာကို သုံးမှာဖြစ်ပါတယ်။ ခဏလေး ၅ စက္ကန့်၊ ၁၀ စက္ကန့်လောက်တော့ အခြောက်ခံရမှာ ဖြစ်ပါတယ်။ ခြောက်တယ်ဆိုတာ သေချာမှ လက်သန်းမင်တို့ခြင်း လုပ်ငန်းစဉ်ကို ဆောင်ရွက်ပြီးရင်တော့ ပြီးပါပြီ။

အဲဒီတော့ ကျွန်တော့်အနေနဲ့ အားလုံးကို ပြန်ပြီးခြုံငုံသုံးသပ်ရရင် ရွေးကောက်ပွဲကျင်းပတဲ့ လုပ်ငန်းစဉ်က နိုင်ငံတကာရဲ့ တွေ့ရှိမှုတွေကိုလည်း အခြေခံထားတယ်။ နိုင်ငံတကာမှာ ကျင်းပအောင်မြင်ပြီးတဲ့ အဖွဲ့အစည်းတွေဆီကလည်း အတွေ့အကြုံတွေ အများကြီးရရှိထားတယ်။ တစ်ဖက်ကလည်း ကိုဗစ်-၁၉ ရဲ့ ကူးစက်မှုကိုတော့ ကောင်းကောင်းသိနေပြီ။ ကူးစက်နိုင်တာကို **ကာကွယ်ဖို့ Surgical Mask နဲ့ Cloth Mask တို့ဘာပဲတပ်ထားတပ်ထား နှစ်ဖက်တပ်ထားရင် တော်တော်လုံနေပြီ။**

လေထဲက ကူးစက်ဖို့ဆိုတာ တော်တော်နဲ့တော့ မဖြစ်နိုင်ဘူး။ အဲဒီထက်ပိုပြီး စိတ်ချရတာက KN 95 Mask ဆိုတာ ဝ ဒသမ ၃ မိုက်ခရွန်ရှိတဲ့အစက်အမှုန်လေးတွေရဲ့ ၉၅ **ရာခိုင်နှုန်းကို ကာကွယ်ပေးနိုင်ပါတယ်။ ကိုရိုနာဗိုင်းရပ်စ်** ပါဝင်တဲ့အစက်အမှုန်လေးတွေက ဝ ဒသမ ၃ မိုက်ခရွန်ထက်စာရင် တော်တော်ကြီးတယ်။ ဒီ KN 95 mask ကို လူနှစ်ယောက်က နှစ်ဖက်ပြိုင်တပ်ထားရင် အင်မတန်မှ ကူးစက်ဖို့ နည်းသွားပြီ။ မကူးစက်နိုင်သလောက်ကို ဖြစ်သွားပြီ။

နောက်ပြီး ကူးစက်မှု များပြားရာဒေသတွေမှာလည်း Face Shield လေးပါ တွဲပြီး အသုံးပြုမယ့်အခါကျတော့ နှစ်ထပ်ကွမ်း ကာကွယ်မှုရတယ်။ တစ်ဖက်ကလည်း မဲရုံမှာတာဝန်ကျတဲ့ စေတနာ့ဝန်ထမ်းတွေ၊ တာဝန်ရှိသူတွေကလည်း Face Shield တို့၊ အပူချိန်တိုင်းမယ့်သူဆိုရင် Apron ဝတ်တာတို့ ဒီလိုမျိုး သူတို့ဘက်ကလည်း ကာကွယ်ထားမှာ ဖြစ်တာမို့ ဒါသည် ဘာပဲပြောပြော ရောဂါကူးစက်နိုင်ခြေက အလွန့်အလွန်နည်းသွားတဲ့ အနေအထားဖြစ်တယ်။

တစ်ဖက်ကလည်း လူအုပ်စုလည်း မဖြစ်ရအောင် အတွင်းစည်း၊ အပြင်စည်း ဆောင်ရွက်မယ့် အစီအစဉ်တွေကို ရွေးကောက်ပွဲကော်မရှင်က တာဝန်ရှိသူတွေကလည်း ပြောကြားပြီးဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့အနေနဲ့ အင်မတန်မှ ကောင်းမွန်ပါတယ်။ ဒီလို အနေအထားမျိုးမှာ စိတ်ချလက်ချ မဲပေးလို့ရပါတယ်။ ကျန်းမာရေးအရ လုံခြုံစိတ်ချစွာနဲ့ မဲပေးလို့ရတယ်ဆိုတဲ့Message ကိုလည်း ဒီနေရာကနေ ပြောကြားလိုပါတယ်။ ကျွန်တော်တို့ကိုယ်တိုင်လည်း အဲဒီနေ့ကျရင် မဲရုံကို သွားပေးမှာပါ။

ဒီလိုမျိုးကျွန်တော်တို့ အပြင်ထွက်တာနဲ့ Mask ကို တပ်ဆင်ခြင်း၊ လက်ဆေးခြင်း၊ တစ်ဖက်ကလည်း လူစုလူဝေးရှောင်ကြဉ်ခြင်း၊ တစ်နည်းအားဖြင့် ခပ်ခွာခွာနေခြင်း ဒီအလေ့အကျင့်လေးတွေကို ရွေးကောက်ပွဲမှာ မဲပေးတာကနေတစ်ဆင့် မိမိအိမ်ကိုလည်းပါအောင် ဆောင်ယူသွားစေချင်ပါတယ်။ ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ရေးမှာ အလွန်ထိရောက်တဲ့၊ တစ်ကမ္ဘာလုံး လက်ခံထားတဲ့ ကာကွယ်ရေးနည်းလမ်းတွေ ဖြစ်ပါတယ်။

မိဘပြည်သူအားလုံးက ဝိုင်းဝန်းပြီးဆောင်ရွက်လိုက်မယ်ဆိုရင် မကြာခင်မှာ ကိုရိုနာဗိုင်းရပ်စ် ကင်းစင်တဲ့၊ ပြည်တွင်းကူးစက်မှုကင်းစင်တဲ့ လမ်းကြောင်းပေါ်ကို ကျွန်တော်တို့ ပြန်လည်ရောက်ရှိမှာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေရာကနေ တင်ပြရင်းနဲ့ အားလုံးကို နှုတ်ဆက်လိုက်ပါတယ်။ ဒီနေ့ အစီအစဉ်မှာ ပါဝင်ဖြေကြားပေးကြတဲ့ ဆရာကြီး ဆရာမကြီးတွေအားလုံး၊ စီစဉ်ပေးတဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတွေ အားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်ခင်ဗျာ။ ။




## အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot – line ဖုန်းများဖြစ်သည့် ဝ၆၇-၃၄ဝ၄၆၆၆ နှင့် ဝ၆၇-၃၄ဝ၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# ယနေ့ဈေးကွက်ပေါက်ဈေးများ

၅ - ၁၁ - ၂၀၂၀

### ရွှေ

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၆၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၈၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၆၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၁၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၈၆၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၄၉၀/၅၄၅ | ကျပ် | ၅၃၅/၅၄၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၀၀/၅၅၅ | ကျပ် | ၅၅၀/၅၆၀ | ကျပ် |
| အောက်တိန်း ၉၂ | ၄၆၅/၄၉၅ | ကျပ် | ၅၂၅/၅၃၅ | ကျပ် |
| အောက်တိန်း ၉၅ | ၅၉၅/၆၁၀ | ကျပ် | ၆၅၀/၆၇၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၂၉၁ . ၉ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၁၉ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၅၂ . ၇၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၆၈၂ . ၁ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၃၈ . ၃ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၃၀ . ၀၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၄ . ၅၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၇ . ၃၇၆ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၄ . ၆၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၁၁ . ၁၁ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၁ . ၆၆၇ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

### စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၉၀၀ | ၉၉၀၀ | ၁၁၆၅ | ၁၁၅၃၃၅၀၀ |
| MTSH | ၃၆၅၀ | ၃၇၀၀ | ၂၁၃၀ | ၇၈၀၁၀၅၀ |
| MCB | ၈၃၀၀ | ၈၃၀၀ | ၈ | ၆၆၄၀၀ |
| FPB | ၂၂၀၀၀ | ၀ | ၀ | ၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၁၂ | ၃၂၄၀၀ |
| EFR | ၄၀၀၀ | ၄၀၀၀ | ၇၀ | ၂၇၉၃၅၀ |

ခင်ရတနာ – စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - ဝင်းကျော်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ဝ၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ဝ၆၇-၃၆၁၄၅၊ **ဖက်စ်** ဝ၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၁၊ ဝ၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

၂၀၂၀ ပြည့်နှစ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပတော့မည်ဖြစ်ရာ အဆိုပါရွေးကောက်ပွဲကြီးနှင့် ပတ်သက်၍ ရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။

(စာတည်းအဖွဲ့)



## ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ (၄၅)

# မဲရုံကိုသွားလို့ မဲပေးကြပါစို့

**မောင်စာဂ**

**ပြည်သူတွေမျှော်လင့်တောင့်တလာခဲ့သည့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကြီး ကျင်းပရန် နှစ်ရက်သာ လိုပါတော့သည်။ ပြည်သူတွေဝမ်းသာနေကြသည်။ မဲရုံကိုသွားလို့ မဲပေးကြဖို့ အဆင်သင့်ဖြစ်နေကြပြီ။ မဲရုံကိုသွားဖို့ မည်သို့ကြိုတင်ပြင်ဆင်ကြရပါမည်နည်း။ မည်သို့ မည်ပုံ ဆန္ဒမဲပေးကြရပါမည်နည်း။ အနှစ်ချုပ်မျှဝေပါရစေ။**

**မဲရုံကိုသွား၍ ဆန္ဒမဲပေးကြရမည့်သူများ**

မဲစာရင်းတွင် အမည်ပါရှိသူများသည် မဲရုံသို့ သွားရောက်၍ ဆန္ဒမဲပေးကြရပါမည်။ သို့ရာတွင် ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးပြီးကြသူများသည် မဲရုံသို့ သွားရောက်၍ ဆန္ဒမဲပေးပိုင်ခွင့် မရှိကြပါ။ ကြိုတင်ဆန္ဒမဲပေးပြီးသူများသည် မဲရုံသို့သွားရောက်၍ ဆန္ဒမဲပေးကြမည်ဆိုလျှင် နှစ်ကြိမ်ဆန္ဒမဲပေးခြင်းဖြစ်သဖြင့် ပြစ်မှုကြောင်းအရ တရားစွဲဆိုခြင်း ခံရမည်ဖြစ်သဖြင့် ထောင်ဒဏ် တစ်နှစ်နှင့် ငွေဒဏ်ကျပ်တစ်သိန်းအထိ သို့မဟုတ် ပြစ်ဒဏ်နှစ်ရပ်စလုံး ကျခံစေနိုင်ပါသည်။

**ကိုယ်တိုင်ဆန္ဒမဲပေးကြရမည်**

မဲရုံသို့သွားရောက်၍ ဆန္ဒမဲပေးမည့်သူများသည် မဲဆန္ဒရှင်ကိုယ်တိုင်သွားရောက်၍ ဆန္ဒမဲပေးရမည်ဖြစ်သည်။ သူတစ်ပါးအယောင်ဆောင်၍ ဆန္ဒမဲပေးခြင်း မပြုရပါ။ ထိုသို့ပြုလျှင် ပြစ်မှုကြောင်းအရ တရားစွဲဆိုခြင်း ခံရမည်။ ထောင်ဒဏ် တစ်နှစ် နှင့် ငွေဒဏ် ကျပ်တစ်သိန်း အထိ သို့မဟုတ် ပြစ်ဒဏ်နှစ်ရပ်စလုံး ကျခံစေနိုင်ပါသည်။

**အကူအညီလိုအပ်ခဲ့လျှင်**

မဲရုံသို့ သွားရောက်၍ ဆန္ဒမဲပေးမည့်သူသည် ဆန္ဒမဲလက်မှတ်ပေါ်ရှိ အမည်များကို မဖတ်တတ်လျှင် သို့မဟုတ် ညွှန်ကြားထားသည့်အတိုင်း ဆန္ဒမဲမပေးတတ်လျှင် မဲစာရင်း၌ပါရှိသော မိမိ၏ ဖခင်၊ မိခင်၊ ဇနီး၊ ခင်ပွန်း၊ သားသမီး၊ ညီအစ်ကိုမောင်နှမအရင်း တစ်ဦးဦးအား မိမိအတွက် အကူအညီပေးရန် မဲရုံအတွင်းသို့ ခေါ်ဆောင်ဝင်ရောက်ခွင့်ရှိသည်။ ထိုသူများမရှိလျှင် မဲရုံမှူး၏အကူအညီကို ရယူနိုင်သည်။ ထိုသူတစ်ဦးဦး၏ အကူအညီဖြင့် မိမိနှစ်သက်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းကို လျှို့ဝှက်ဆန္ဒပြုမဲပေးနိုင်သည်။

မဲဆန္ဒရှင်သည် မသန်စွမ်းသူဖြစ်လျှင် မဲစာရင်း၌ ပါရှိသော မဲဆန္ဒရှင်၏ ဖခင်၊ မိခင်၊ ခင်ပွန်း၊ ဇနီး၊ သားသမီး၊ ညီအစ်ကိုမောင်နှမအရင်းတစ်ဦးဦး သို့မဟုတ် မသန်စွမ်းသူကိုယ်တိုင် စိတ်ကြိုက်ရွေးချယ်ထားသော သူတစ်ဦးဦးအား မိမိအတွက် အကူအညီပေးရန် မဲရုံအတွင်းသို့ ခေါ်ဆောင်ဝင်ရောက်ခွင့်ရှိသည်။ ထိုသူ၏ အကူအညီဖြင့် မိမိနှစ်သက်ရာကိုယ်စားလှယ်လောင်းကို လျှို့ဝှက်ဆန္ဒပြုမဲပေးနိုင်သည်။

**မဲရုံဖွင့်ချိန်နှင့် ပိတ်ချိန်**

မဲရုံကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့ နံနက် ၆ နာရီတွင် စတင်ဖွင့်လှစ်မည်။ ထိုအချိန်မှစတင်၍ မဲရုံအတွင်းဝင်ရောက်ကာ ဆန္ဒမဲပေးနိုင်သည်။ ထိုနေ့ ညနေ ၄ နာရီထိုးသည့် အချိန်တွင် မဲရုံပိတ်မည်။ မဲရုံပိတ်ချိန် ညနေ ၄ နာရီ ထိုးပြီးမှ မဲရုံသို့ရောက်လာလျှင် ဆန္ဒမဲပေးခွင့်ရနိုင်မည် မဟုတ်တော့ပါ။ သို့ရာတွင် မဲဆန္ဒရှင်တစ်ဦးအနေဖြင့် ညနေ ၄ နာရီမထိုးမီ သတ်မှတ်ထားသော မဲရုံပရိဝုဏ်အတွင်းသို့ ရောက်ရှိနေပါက မဲပေးခွင့်ရရှိမည်ဖြစ်သည်။ ညနေ ၄ နာရီထိုးသည်နှင့် မဲရုံပရိဝုဏ်အတွင်း ရောက်ရှိနေသူများကို မဲရုံမှူးက စာရင်းကောက်ယူမည်ဖြစ်သည်။ ယင်းစာရင်းထဲတွင် မိမိ၏အမည်ပါရှိသွားဖို့ အထူးဂရုပြုရပါမည်။

**မဲရုံသို့သွားတော့မည်ဆိုလျှင်**

မဲရုံသို့သွားတော့မည်ဆိုပါက မိမိ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား ယူဆောင်ပါ။ နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိခဲ့သော် မိမိ၏တရားဝင်ထုတ်ယူထားသော ကျောင်းသားကတ် သို့မဟုတ် ကြက်ခြေနီကတ် သို့မဟုတ် အရန်မီးသတ်တပ်ဖွဲ့ဝင်ကတ် သို့မဟုတ် ယာဉ်မောင်း လိုင်စင်တစ်ခုခု စသည်တို့ကို ယူဆောင်သွားပါ။ ယင်းကတ်များမရှိပါက မိမိသည်မဲစာရင်းတွင် ပါရှိသူ မှန်ကန်ကြောင်း ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထောက်ခံစာယူသွားပါ။ ထို့ပြင် မိမိအား ဝေငှထားသော မဲစာရင်းသက်သေခံ အထောက်အထား လက်မှတ်ယူဆောင်သွားပါ။ ကိုဗစ်-၁၉ ကာလဖြစ်၍ ပါးစပ်၊ နှာခေါင်းစည်း (Mask) များ တပ်ဆင်သွားပါ။

> **"မဲလက်မှတ်ပေါ်တွင် ဆန္ဒပြုသည့်အခါ ပယ်မဲမဖြစ်သွားရေးသည် အထူးအရေးကြီးသည်။ မည်သို့သော ဆန္ဒမဲလက်မှတ်မျိုးသည် ပယ်မဲဖြစ်သည်ကို ကြိုတင်လေ့လာသိရှိထားကြရမည်။ အဓိကအချက်ကိုပြောရလျှင် မဲလက်မှတ်ရသည့်အခါ မဲရုံမှူးလက်မှတ်ပါ မပါကြည့်ပါ။ မဲလက်မှတ် စုတ်ပြဲနေသလား၊ အစွန်းအထင်းတွေ ပေနေသလားကြည့်ပါ။ မဲရုံမှူးလက်မှတ် မပါလျှင်၊ မဲလက်မှတ်စုတ်ပြဲနေလျှင်၊ အစွန်းအထင်းပေနေလျှင် မဲလက်မှတ်ကို ပြန်လဲပေးရန်တောင်းဆိုပါ။ ဤသို့ဆိုလျှင် ပထမအဆင့် စိတ်ချရမည်"**

**မဲရုံသို့ရောက်သည့်အခါ**

မဲရုံသို့ရောက်သည့်အခါ မဲရုံသို့ဝင်ရောက်ရန် တန်းစီနေရာယူပါ။ သတ်မှတ်ထားသည့်အတိုင်း တစ်ဦးနှင့် တစ်ဦး ခြောက်ပေခန့်အကွာ နေရာယူပါ။ အချို့မဲရုံများတွင် မဲဆန္ဒရှင်ဦးရေ များပြားသဖြင့် အဆိုင်းနှစ်ဆိုင်း သို့မဟုတ် သုံးဆိုင်းခွဲ၍ တန်းစီစေခြင်းများရှိတတ်သည်။ မည်သည့် အဆိုင်းတွင် မိမိဝင်ရောက်တန်းစီရမည်ကို မေးမြန်းပါ။ တာဝန်ရှိသူများ၏ ညွှန်ကြားမှုကို ခံယူပါ။ သတ်မှတ်နေရာများတွင် ကိုယ်အပူချိန်တိုင်းတာခြင်း၊ လက်များသန့်စင်ဆေးကြောခြင်း စသည်တို့ကို တာဝန်ရှိသူနှင့် ပူးပေါင်းဆောင်ရွက်ပါ။

**ဆန္ဒပြုရမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ**

မိမိဆန္ဒပြုရမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ၎င်းတို့၏ ပါတီလိုဂိုတံဆိပ် အမှတ်အသားတို့ကို သေချာမှတ်သားထားကြရမည်။ ပြည်ထောင်စုနယ်မြေဖြစ်သည့် နေပြည်တော်ကောင်စီနယ်မြေအတွင်းမှ မြို့နယ်များတွင် နေထိုင်ကြသော မဲဆန္ဒရှင်များသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းများ အတွက်သာ ဆန္ဒမဲပေးကြရပါမည်။

အခြား တိုင်းဒေသကြီးများနှင့် ပြည်နယ်အတွင်းရှိ မဲဆန္ဒရှင်များသည် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်းများအတွက် ဆန္ဒမဲပေးကြရပါမည်။ ထို့ပြင် အချို့သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၌ သတ်မှတ်ထားသည့်အတိုင်း တိုင်းရင်းသားလူမျိုးလွှတ်တော် ကိုယ်စားလှယ်လောင်းများ ရှိခဲ့လျှင် သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးမဲဆန္ဒရှင်များက ၎င်းတို့၏ တိုင်းရင်းသားလူမျိုးလွှတ်တော် ကိုယ်စားလှယ်လောင်းအတွက်ပါ ဆန္ဒမဲပေးကြရပါမည်။

ဆန္ဒမဲပေးသည့်အခါ လွှတ်တော်ကိုယ်စားလှယ်လောင်းအားလုံးကို တစ်ပြိုင်တည်း ဆန္ဒမဲပေးခြင်း မပြုကြရပါ။ ပထမ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းအတွက် ဆန္ဒမဲပေးရမည်။ ဒုတိယ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းအတွက် ဆန္ဒမဲပေးရမည်။ တတိယ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်းအတွက် ဆန္ဒမဲပေးရမည်။ တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်းရှိပါက ၎င်းအတွက် ဆက်လက်၍ ဆန္ဒမဲပေးရပါမည်။

**မဲရုံထဲသို့ဝင်ရောက်ပြီး ဆန္ဒမဲပေးခြင်း**

ရှေးဦးစွာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်းအတွက် မဲစာရင်းစစ်ဆေးသူ မဲရုံအဖွဲ့ဝင်ထံ သွားရပါမည်။ မိမိ၏မဲစာရင်းအမှတ်စဉ်ကို ပြောပါ။ နိုင်ငံသားစိစစ်ရေးကတ်ပြား သို့မဟုတ် အမှတ်အသားကတ်ပြားတစ်ခုခု ပြသ၍ မိမိအမှန်တကယ် မဲဆန္ဒရှင်ဖြစ်ကြောင်း ပြောပါ။ မှန်ကန်ပါက မဲစာရင်းစစ်ဆေးသူက မှန်ကန်ကြောင်း အတည်ပြုပါမည်။ မဲစာရင်းတွင် လက်မှတ်ရေးထိုးခြင်း သို့မဟုတ် လက်ဗွေနှိပ်ခြင်းပြုရပါမည်။

ဒုတိယ မဲလက်မှတ်ထုတ်ပေးသူထံ သွားရပါမည်။ ဆန္ဒမဲလက်မှတ်တောင်းယူရမည်။ ဆန္ဒမဲလက်မှတ်ရရှိလျှင် ဆန္ဒပြုခန်းသို့ သွားရောက်၍ လျှို့ဝှက်စွာဆန္ဒပြုရပါမည်။ ပြီးလျှင် မဲလက်မှတ်ကို သေချာခေါက်၍ ပြည်သူ့လွှတ်တော်မဲပုံးထဲသို့ ထည့်ရပါမည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်း၊ တိုင်းရင်းသားလူမျိုးလွှတ်တော် ကိုယ်စားလှယ်လောင်း(ရှိလျှင်) များအတွက်လည်း ထိုနည်းအတိုင်းပင်ဖြစ်သည်။ သက်ဆိုင်ရာ လွှတ်တော်အလိုက် မဲစာရင်းစစ်ဆေးသူ၊ မဲလက်မှတ် ထုတ်ပေးသူများရှိသည်။ လွှတ်တော်အလိုက် လျှို့ဝှက်ဆန္ဒပြုခန်းများ ထားရှိသည်။ လွှတ်တော်များ မကျန်ရအောင် ဆန္ဒမဲပေးကြဖို့ အရေးကြီးပါသည်။

လွှတ်တော်အသီးသီးအတွက် ဆန္ဒမဲပေးပြီးပါက နောက်ဆုံး မဲရုံမှအထွက်တွင် ဆန္ဒမဲပေးပြီးကြောင်း မင်တို့ရန် တာဝန်ရှိသူထံတွင် မိမိ၏ လက်သန်းအား မင်တို့ခြင်းကို ခံယူပါ။ ဤတွင် ဆန္ဒမဲပေးခြင်း ပြီးမြောက်ပါသည်။ နိုင်ငံသားတစ်ဦး တာဝန် ကျေပွန်ပါသည်။ ဂုဏ်ယူကြရပါမည်။

**ပယ်မဲမဖြစ်စေရေး**

မဲလက်မှတ်ပေါ်တွင် ဆန္ဒပြုသည့်အခါ ပယ်မဲမဖြစ်သွားရေးသည် အထူးအရေးကြီးပါသည်။ မည်သို့သော ဆန္ဒမဲလက်မှတ်မျိုးသည် ပယ်မဲဖြစ်သည်ကို ကြိုတင်လေ့လာသိရှိထားကြရပါမည်။ အဓိကအချက်ကိုပြောရလျှင် မဲလက်မှတ်ရသည့်အခါ မဲရုံမှူးလက်မှတ်ပါ မပါကြည့်ပါ။ မဲလက်မှတ် စုတ်ပြဲနေသလား၊ အစွန်းအထင်းတွေပေနေသလား ကြည့်ပါ။ မဲရုံမှူးလက်မှတ်မပါလျှင်၊ မဲလက်မှတ်စုတ်ပြဲနေလျှင်၊ အစွန်းအထင်းပေနေလျှင် မဲလက်မှတ်ကို ပြန်လဲပေးရန်တောင်းဆိုပါ။ ဤသို့ဆိုလျှင် ပထမအဆင့် စိတ်ချရပါမည်။

ဒုတိယအဆင့် ဆန္ဒမဲလက်မှတ်ပေါ်တွင် ဆန္ဒပြုသည့်အခါ မိမိရွေးချယ်မည့် လွှတ်တော်ကိုယ်စားလှယ်နှင့် သက်ဆိုင်သည့် တံဆိပ်နှိပ်ရမည့် အကွက်တည့်တည့်တွင် အမှန်ခြစ်တံဆိပ်တုံးကို နှိပ်ပါ။ ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ အမှန်တံဆိပ်မနှိပ်ပါနှင့်။ ဆန္ဒမဲလက်မှတ်ပေါ်တွင် အမှတ်အသားတွေ မပြုလိုက်ပါနှင့်။ ဆန္ဒပြုပြီးဆန္ဒမဲလက်မှတ်ကို သေချာခေါက်၍ မဲပုံးထဲ ထည့်လိုက်ပါ။ ခိုင်လုံမဲဖြစ်မည်မှာ သေချာပါသည်။ မိမိ၏ပြုလုပ်မှုကြောင့် မဲလက်မှတ် စုတ်ပြဲခြင်း သို့မဟုတ် အစွန်းအထင်းပေခြင်း မဟုတ်လျှင် ခိုင်လုံမဲအဖြစ် သတ်မှတ်ပါသည်။

**ဘေးကင်းလုံခြုံစွာ ဆန္ဒမဲပေးနိုင်ကြပါစေ**

ကိုဗစ်-၁၉ ကာလ မဲရုံကိုသွား၍ ဆန္ဒမဲပေးကြမည်ဖြစ်၍ မဲရုံသို့သွားစဉ်၊ မဲရုံသို့ရောက်စဉ်၊ မဲရုံအတွင်းဝင်ရောက်၍မဲပေးစဉ်နှင့်၊ မဲရုံမှ ပြန်လည်ထွက်ခွာစဉ် အချိန်များတွင် လူစုလူဝေးမဖြစ်စေဘဲ တာဝန်ရှိသူများ၏ ညွှန်ကြားမှုများကို ခံယူ၍ လိုက်နာဆောင်ရွက်သွားကြရန် လိုအပ်ပါသည်။ ထိုသို့ လိုက်နာဆောင်ရွက်ကြခြင်းအားဖြင့် ဘေးကင်းလုံခြုံစိတ်ချစွာဖြင့် မိမိတို့ကြိုက်နှစ်သက်ရာ ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးရွေးချယ်နိုင်ကြပါမည်။ မဲရုံသို့သွားလို့ ဆန္ဒမဲတွေပေးကြပါစို့ဟူ၍ နှိုးဆော်တိုက်တွန်းလိုက်ပါရစေ။ ။

- **ကြိုတင်ဆန္ဒမဲပေးပြီးသူများမှအပ မဲဆန္ဒရှင်တိုင်း မဲရုံသို့သွား၍ ဆန္ဒမဲပေးနိုင်ကြပါစေ၊**
- **ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များကို လိုက်နာ၍ ဘေးကင်းလုံခြုံစိတ်ချစွာ ဆန္ဒမဲပေးနိုင်ကြပါစေ၊**
- **မိမိနှစ်သက်ရာ ကိုယ်စားလှယ်လောင်းကို ရွေးချယ်ဆန္ဒမဲပေးနိုင်ကြပါစေ။**

---

## မန့်ဟီးရိုးမြို့တွင် ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ဆန္ဒမဲများပေး

**မန့်ဟီးရိုး နိုဝင်ဘာ ၅**

ရှမ်းပြည်နယ်မြောက်ပိုင်း မန့်ဟီးရိုးမြို့တွင် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲအတွက် ကြိုတင်ဆန္ဒမဲများ လာရောက်ပေးရာတွင် မဲရုံများ၌ တာဝန်ထမ်းဆောင်ရမည့် ဝန်ထမ်းများ၊ တာဝန်အရ မဲဆန္ဒနယ်ပြင်ပတွင် တာဝန်ထမ်းဆောင်ရမည့် မဲဆန္ဒရှင်များနှင့် အသက် ၆၀ နှင့်အထက် သက်ကြီးရွယ်အိုများသည် နိုဝင်ဘာ ၃ ရက်မှစ၍ မန့်ဟီးရိုးမြို့ အမှတ်(၂)ရပ်ကွက်ကော်မရှင် အဖွဲ့ခွဲရုံး၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးလမ်းညွှန်ချက်များနှင့်အညီ ဘေးကင်းလုံခြုံအေးချမ်းစွာဖြင့် ဆန္ဒမဲပေးလျက်ရှိသည်။

မန့်ဟီးရိုးမြို့တွင် ရပ်ကွက်/ကျေးရွာအုပ်စု ခုနစ်အုပ်စုတွင် မဲရုံပေါင်း ကိုးရုံတွင် ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ ကြိုတင်ဆန္ဒမဲများကို နိုဝင်ဘာ ၇ ရက်အထိ သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် လာရောက်ဆန္ဒမဲပေးနိုင်မည်ဖြစ်ကြောင်း၊ နိုဝင်ဘာ ၂ ရက်တွင် ကြိုတင်ဆန္ဒမဲပေးသူ ၂၃၀ ခန့်ရှိကြောင်း မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးမှ တာဝန်ရှိသူတစ်ဦးထံက သိရသည်။

စန္ဒာ(မြန်/ဆက်)

# ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးဇရိယာအတွင်း ဘက်ထရီရှော့တိုက်ငါးဖမ်းလှေနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိ

**မန္တလေး နိုဝင်ဘာ ၅**

ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေး တစ်နှစ်စီမံချက်၏ ဒုတိယလအထိ နှစ်လတာကာလအတွင်း ဘက်ထရီရှော့တိုက်ငါးဖမ်းလှေ ၁၁ စင်းနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိခဲ့ကြောင်း သားငှက်ထိန်းသိမ်းရေးအဖွဲ့ ( WCS ) ထံမှ သိရသည်။

ဧရာဝတီမြစ်ကြောင်းအတွင်း ကျင်လည်ကျက်စားနေသည့် ဧရာဝတီလင်းပိုင်များ မျိုးသုဉ်းပျောက်ကွယ်မှု မရှိစေရေးနှင့် ထိန်းသိမ်းကာကွယ်ရေးအတွက် ယခုနှစ် စက်တင်ဘာ ၁ ရက်မှ စတင်ပြီး မန္တလေးမှ ကျောက်မြောင်းကြား လင်းပိုင်ထိန်းသိမ်းရေး ဇရိယာအတွင်း တရားမဝင်ငါးဖမ်းဆီးခြင်းနှင့် ဘက်ထရီရှော့တိုက်ငါးဖမ်းမှုများ ပပျောက်စေရန် တစ်နှစ်စီမံချက်ချမှတ်၍ နေ့စဉ်ကင်းလှည့်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် သက်ဆိုင်ရာငါးလုပ်ငန်းဦးစီးဌာန၊ ပတ်ဝန်းကျင်နှင့် မျိုးတုံးရှားပါး ရေသတ္တဝါများထိန်းသိမ်းရေးဌာနစု၊ သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS)၊ အမှတ် (၁)ရေကြောင်းရဲကွပ်ကဲမှုအဖွဲ့ခွဲ(မန္တလေး)၊ ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးဒေသခံရေလုပ်သားအစုအဖွဲ့များက ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သားငှက်ထိန်းသိမ်းရေးအဖွဲ့ ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးတာဝန်ခံ ဦးကျော်လှသိန်း၏ ပြောကြားချက်အရ သိရသည်။

နေ့စဉ်ကင်းလှည့်လုပ်ငန်းဆောင်ရွက်ရာ စက်တင်ဘာ ၁ ရက်မှ အောက်တိုဘာ ၃၁ ရက်အထိ ရှော့တိုက်ငါးဖမ်းစက်နှင့် ရှပ်တန်းပါလှေ ၁၁ စင်း၊ ငါးဖမ်းဆီးရာတွင်အသုံးပြုသည့် ဘက်ထရီအိုး၊ ရှော့ပုံး၊ ရှော့ဂေါ်တံ စသည့်ဆက်စပ်ပစ္စည်းများနှင့်အတူ လူ လေးဦးကို ဖမ်းဆီးရမိခဲ့သည်။ ဖမ်းဆီးရမိသည့် ပစ္စည်းများကို သက်ဆိုင်ရာငါးလုပ်ငန်းဦးစီးဌာနသို့ ပေးပို့အပ်နှံခဲ့ပြီး မန္တလေးတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေဖြင့် အရေးယူထားသည်။ အောက်တိုဘာ ၂၉ ရက်က ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးဇရိယာအတွင်း အလျား ၄ ပေ ၅ လက်မ၊ ခန္ဓာကိုယ်လုံးပတ် ၂ ပေ ၁၀ လက်မ အသက် တစ်နှစ်ခွဲကျော်ခန့်ရှိ လင်းပိုင်အမတစ်ကောင် သေဆုံးလျက်ရှိသည်ကို တွေ့ရသည်။

ဧရာဝတီလင်းပိုင်များသည် ဧရာဝတီမြစ်အတွင်း ငါးများရှိရာ ချောင်းရိုးတွင် လိုက်လံ အစာရှာဖွေစားသောက်သည့် အလေ့အထရှိခြင်းကြောင့် တရားမဝင် ဘက်ထရီရှော့တိုက်ငါးဖမ်းဆီးမှုနှင့် ရင်ဆိုင်တွေ့၍ ဧရာဝတီလင်းပိုင်ငယ် သေဆုံးရခြင်းဖြစ်ကြောင်း သိရသည်။

ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေး ၊ ငါးသယံဇာတထိန်းသိမ်းရေး၊ ဘက်ထရီရှော့တိုက်ငါးဖမ်းဆီးမှုပပျောက်ရေးတို့အတွက် အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၏ ပြောကြားချက်အရ သိရသည်။

**အောင်သူရ**

❖ *ကျောဖုံးမှ*

အထိ ဆက်လက်ပုံစံကောင်းပြသထားနိုင်မယ်လို့ မျှော်လင့်ကြောင်း ပြောကြားသည်။

အယ်နီနီသည် အာဆင်နယ်အသင်းသို့ ၂၀၁၅ ခုနှစ်တွင် ဘေဆယ်အသင်းမှ ပြောင်းရွှေ့ရောက်ရှိလာသူဖြစ်ပြီး အသင်းအတွက် ပြိုင်ပွဲစုံ ၉၈ ပွဲ ပါဝင်ကစားထားကာ နှစ်ဂိုးသွင်းယူပေးထားနိုင်သူဖြစ်သည်။ သို့သော်လည်း အာဆင်နယ်အသင်းသည် ၂၀၁၉-၂၀၂၀ ဘောလုံးရာသီတွင် အယ်နီနီကို ဘတ်ရီးတပ်စ်အသင်းသို့ တစ်ရာသီအငှား စေလွှတ်ခဲ့ကြောင်း သိရသည်။ ၎င်းသည် အာဆင်နယ်အသင်းနှင့်အတူ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် အက်ဖ်အေဖလားကို ဆွတ်ခူးထားနိုင်သူဖြစ်သည်။ အခြားသတင်းတစ်ရပ်တွင် နည်းပြအာတီတာသည် အသင်းမှ ဝီလီယံ ဆာလီဘာ၏ ခြေစွမ်းနှင့် ပတ်သက်ကာ စိတ်ပျက်မိသည်ဟု ဝန်ခံလိုက်ပြီး ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် အဆိုပါ ကစားသမားကို အငှားစေလွှတ်ဖွယ်ရှိသည်ဟု အရိပ်အမြွက် ပြောကြားလိုက်သည်။ အသက် (၁၉ နှစ်)အရွယ်ရှိ ဆာလီဘာကို စိန့်အက်တီယန်အသင်းမှ ပေါင် ၂၇ သန်းဖြင့် ၂၀၁၉ ခုနှစ်တွင် ခေါ်ယူထားခြင်းဖြစ်ပြီး ၂၀၁၉-၂၀၂၀ ရာသီတွင် စိန့်အက်တီယန်အသင်းသို့ ပြန်လည်အငှားချထားခဲ့သည်။ သို့သော်လည်း အာဆင်နယ်အသင်းသည် ဆာလီဘာကို ယခုနှစ်ရာသီ ပရီမီယာလိဂ် ကစားသမားစာရင်းနှင့် ယူရိုပါလိဂ်ကစားသမားစာရင်းတွင် ထည့်သွင်းခဲ့ခြင်းမရှိကြောင်း သိရသည်။

အာဆင်နယ်အသင်းသည် ယူရိုပါလိဂ်ပြိုင်ပွဲ၌ မိုလ်ဒီအသင်းနှင့် ယှဉ်ပြိုင်ကစားပြီးနောက် ပရီမီယာလိဂ်၌ အက်စ်တွန်ဗီလာအသင်းနှင့် နိုဝင်ဘာ ၉ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ နည်းပြ အာတီတာ၏ အာဆင်နယ်အသင်းသည် ပရီမီယာလိဂ်တွင် ခုနစ်ပွဲကစားပြီးနောက် ရမှတ် ၁၂ မှတ်ဖြင့် အမှတ်ပေးဇယား အဆင့် (၉) နေရာတွင် ရပ်တည်ထားနိုင်သည့် အသင်းဖြစ်သည်။

**အောင်ဇော်**

## ညအပူချိန်များ

**နေပြည်တော် နိုဝင်ဘာ ၅**

ညအပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့်အရှေ့ပိုင်း)နှင့် မွန်ပြည်နယ်တို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၂ ဒီဂရီစင်တီဂရိတ်နှင့် ကချင်ပြည်နယ်တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

**မိုး/ဇလ**

## ပွင့်ဖြူမြို့နယ် မုန်းချောင်းအတွင်း လက်လှော်လှေတစ်စင်း နစ်မြုပ်ရာတွင် ရေစီးနှင့်အတူ နစ်မြုပ်မျောပါပျောက်ဆုံးသော အမျိုးသမီးအလောင်း တွေ့ရှိ

**ပွင့်ဖြူ နိုဝင်ဘာ ၅**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် သရက်အုပ်ကျေးရွာအနီး မုန်းချောင်းတွင် နိုဝင်ဘာ ၃ ရက်က လှေတစ်စင်း နစ်မြုပ်မှုဖြစ်ပွားရာတွင် ရေစီးနှင့်အတူ နစ်မြုပ်မျောပါ ပျောက်ဆုံးသွားခဲ့သော အမျိုးသမီးကို နိုဝင်ဘာ ၄ ရက် ညနေ ၅ နာရီခွဲခန့်က ပွင့်ဖြူမြို့နယ် အင်းဒေါင်းကျေးရွာအနီး မုန်းချောင်းတွင် သေဆုံးလျက်တွေ့ရှိပြီး ပြန်လည်ဆယ်ယူခဲ့ကြောင်း ပွင့်ဖြူမြို့နယ် မီးသတ်ဦးစီးဌာနမှ သိရသည်။

အဆိုပါ ရေစီးနှင့်အတူ နစ်မြုပ်မျောပါ ပျောက်ဆုံးသည့် အမျိုးသမီးမှာ ပွင့်ဖြူမြို့နယ် သရက်အုပ်ကျေးရွာနေ မမြနှင်းအေး(ခ) အပုလေးဖြစ်ပြီး နိုဝင်ဘာ ၃ ရက် နံနက် ၇ နာရီတွင် မုန်းအနောက်ဘက်ကမ်းရှိ စိုက်ခင်းသို့ အလုပ်လုပ်ရန် သရက်အုပ်ကျေးရွာနေ လှေထိုးသား ဦးစန်းလွင်ဦးနှင့်အတူ အဖော်အမျိုးသမီးလေးဦးနှင့် သွားရောက်စဉ် မုန်းချောင်းရေလယ်ကျော်တွင် ရုတ်တရက် လှေနစ်မြုပ်မှုဖြစ်ပြီး ရေစီးနှင့်အတူ နစ်မြုပ်မျောပါခဲ့သည်။ အခင်းဖြစ်ပွားရာသို့ ပွင့်ဖြူမြို့နယ် မီးသတ်ဦးစီးဌာန ဦးအောင်သီဟဦးဆောင်သော ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်ငါးဦး၊ နယ်မြေရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာရှိ ရေကျွမ်းကျင်သော ပြည်သူများနှင့် ပူးပေါင်း၍ စက်လှေ နှစ်စင်းနှင့် သွားရောက်ရှာဖွေကယ်ဆယ်ရာ လှေထိုးသား ဦးစန်းလွင်ဦးနှင့် လှေပေါ်ပါ အမျိုးသမီး လေးဦးကို အသက်ရှင်လျက် ရှာဖွေကူညီကယ်ဆယ်နိုင်ခဲ့ကြောင်း၊ မမြနှင်းအေးမှာ ရေစီးနှင့်အတူ နစ်မြုပ်မျောပါ ပျောက်ဆုံးသွားခဲ့သဖြင့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့က ဆက်လက် ကြိုးပမ်းရှာဖွေသော်လည်း မတွေ့ရှိဘဲ နိုဝင်ဘာ ၄ ရက် ညနေ ၅ နာရီခွဲခန့်တွင် ပွင့်ဖြူမြို့နယ် အင်းဒေါင်းကျေးရွာအနီး မုန်းချောင်းအတွင်း သေဆုံးလျက် တွေ့ရှိခဲ့ပြီး ပွင့်ဖြူမြို့နယ် ပြည်သူ့ဆေးရုံသို့ စစ်ဆေးရန် ပို့ဆောင်ပေးခဲ့ကြောင်း မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်သီဟထံမှ သိရသည်။

အဆိုပါ သေဆုံးမှုနှင့် ပတ်သက်၍ ပွင့်ဖြူမြို့မရဲစခန်းက လှေထိုးသား ဦးစန်းလွင်ဦးအား အမှုဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင်**

(ပြန်/ဆက်)

## ချန်ပီယံလိဂ် အုပ်စုပွဲစဉ်(၃) ချယ်ဆီးတို့ ဂိုးပြတ်အနိုင်ယူပြီး မန်ယူတို့ အဝေးကွင်း၌ရှုံးနိမ့်


ယူအီးအက်ဖ်အေ ချန်ပီယံလိဂ်အုပ်စု ပွဲစဉ်(၃) ဒုတိယနေ့ပွဲစဉ်များကို နိုဝင်ဘာ ၅ ရက် ကြာသပတေးနေ့ နံနက်တွင် ယှဉ်ပြိုင်ကစားခဲ့ရာ အုပ်စု (င)မှ အင်္ဂလန်မြေ စတန်းဖို့ဒ်ဘရစ်ကွင်းတွင် ယှဉ်ပြိုင်ခဲ့သည့် ချယ်ဆီးနှင့် ရန်းနက်စ်ပွဲတွင် သုံးဂိုး-ဂိုးမရှိဖြင့် ချယ်ဆီးအသင်း ဂိုးပြတ်အနိုင်ရရှိခဲ့သည်။


ယင်းပွဲတွင် အိမ်ရှင်ချယ်ဆီးအသင်းသည် ၄-၃-၃ ကစားကွက်ဖြင့် ပွဲထွက်ခဲ့ပြီး ဧည့်သည် ရန်းနက်စ်အသင်းသည် ၄-၁-၄-၁ ပုံစံဖြင့် ပွဲထွက်လာသည်။ ချယ်ဆီးအတွက် သွင်းဂိုးများကို ပွဲချိန် ၁၀မိနစ်နှင့် ၄၁ မိနစ်တွင် ပယ်နယ်တီအခွင့်အရေး နှစ်ကြိမ်ရရှိခဲ့ရာမှ ဂျော်ဂီညိုက အမှားအယွင်းမရှိသွင်းယူခဲ့ပြီး ပွဲချိန် မိနစ် ၅၀ တွင် အေဘရာဟမ်က ချယ်ဆီးအတွက် တတိယအနိုင်ဂိုးကို သွင်းယူပေးခဲ့သည်။ ယင်းပွဲတွင် ဧည့်သည် ရန်းနက်စ်သည် ပွဲချိန်မိနစ် ၄၀ တွင် ဒယ်လ်ဘတ်နစ်ဝါ တစ်နီဖြင့် ထုတ်ပယ်ခံရပြီး တစ်ယောက်လျော့ဖြင့် အရေးနိမ့်ခဲ့သော်လည်း လက်ကျန်ပွဲချိန်များကို တိုက်စစ်ဆင်မှုများ ပြုလုပ်နိုင်ခဲ့ပြီး ဂိုးကန်သွင်းခွင့် ခုနစ်ကြိမ်ရရှိကာ နှစ်ကြိမ် ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။ ချယ်ဆီးက ရှစ်ကြိမ်ကန်သွင်းခွင့်ရခဲ့ပြီး လေးကြိမ် ဂိုးပေါက် ခြိမ်းခြောက်နိုင်ခဲ့သည်။ အုပ်စု(င)မှ ပွဲစဉ်တစ်ပွဲဖြစ်သော ဆီဗီလာနှင့် ခရက်စ်နိုဒါပွဲတွင် သုံးဂိုး-နှစ်ဂိုးဖြင့် ဆီဗီလာအသင်း အနိုင်ရရှိခဲ့သည်။ ယင်းအုပ်စုရပ်တည်မှုတွင် ချယ်ဆီးနှင့်ဆီဗီလာတို့က ရမှတ် ခုနစ်မှတ်စီရရှိထားပြီး ခရက်စ်နိုဒါနှင့် ရန်းနက်စ်က တစ်မှတ်စီ ရရှိထားသည်။

ချန်ပီယံလိဂ်အုပ်စု (ဈ) မှ အစ္စတန်ဘူလ်နှင့် မန်ယူပွဲစဉ်ကို တူရကီမြေတွင် ယှဉ်ပြိုင်ကစားခဲ့ရာ အိမ်ရှင် အစ္စတန်ဘူလ်က နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အစ္စတန်ဘူလ်အတွက် သွင်းဂိုးများကို ပွဲချိန် ၁၃ မိနစ်တွင် ဒမ်ဘာဘာနှင့် မိနစ် ၄၀ တွင် အီဒင်ဗစ်ကာက သွင်းယူခဲ့ပြီး မန်ယူအတွက် တစ်လုံးတည်းသော ချေပဂိုးကို ပွဲချိန် ၄၃ မိနစ်တွင် မာရှယ်လ်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းအုပ်စုမှ လိုက်ပ်ဇစ်နှင့် ပီအက်စ်ဂျီပွဲတွင် ဂျာမန်မြေ၌ နှစ်ဂိုး-တစ်ဂိုးဖြင့် လိုက်ပ်ဇစ်အသင်း အနိုင်ရရှိခဲ့သည်။ အုပ်စု (ဈ) ရပ်တည်မှုတွင် မန်ယူနှင့် လိုက်ပ်ဇစ်က ရမှတ်ခြောက်မှတ်စီရရှိထားပြီး ပီအက်စ်ဂျီနှင့် အစ္စတန်ဘူလ်က သုံးမှတ်စီရရှိထားသည်။

ချန်ပီယံလိဂ် အခြားအုပ်စုပွဲစဉ် ရလဒ်များအဖြစ် အုပ်စု(စ)မှ ဇင်းနစ်နှင့် လာဇီယိုတို့ တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့ပြီး ဒေါ့မွန်က ကလပ်ဘရုကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ယင်းအုပ်စုတွင် ဒေါ့မွန်က ရမှတ်ခြောက်မှတ်ဖြင့် ဦးဆောင်နေပြီး လာဇီယိုက ငါးမှတ်၊ ကလပ်ဘရုက လေးမှတ်နှင့် ဇင်းနစ်က တစ်မှတ်သာ ရရှိထားသည်။ အုပ်စု (ဆ) တွင် စပိန်မြေ၌ ဘာစီလိုနာက နှစ်ဂိုး -တစ်ဂိုးဖြင့် ဒိုင်နမိုကိဗ်ကို အနိုင်ရရှိခဲ့ပြီး ဂျူဗင်တပ်က အဝေးကွင်းတွင် ဖာရန်စီဗာရိုစ်ကို လေးဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။ ဘာစီလိုနာက ရမှတ်ကိုးမှတ်ဖြင့် ဦးဆောင်နေပြီး ဂျူဗင်တပ်က ခြောက်မှတ်ရရှိထားကာ ဒိုင်နမိုကိဗ်နှင့် ဖာရန်စီဗာရိုစ်က တစ်မှတ်စီသာ ရရှိထားသည်။ ယူအီးအက်ဖ်အေချန်ပီယံလိဂ်အုပ်စုပွဲစဉ် (၄)ကို နိုဝင်ဘာ ၂၅ ရက်နှင့် ၂၆ ရက် နံနက်တွင် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

**သီဟ**



# Stay at home အစီအစဉ်တွင် အကျုံးဝင်သော စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနများရှိ အလုပ်သမား၊ ဝန်ထမ်းများအား လူမှုဖူလုံရေးထောက်ပံ့ငွေများ ဆက်လက်ခွင့်ပြုထုတ်ပေးလျက်ရှိ

*ယမန်နေ့မှအဆက်*

| စဉ် | အလုပ်ဌာနအမှတ် | စက်ရုံ/အလုပ်ရုံ/အလုပ်ဌာန အမည် | အလုပ်သမားဦးရေ | ထောက်ပံ့ငွေ(ကျပ်) |
|---|---|---|---|---|
| ၆၈၀ | 13008.313.2.2.70 | BAT Myanmar | ၁၈၂ | ၂၀,၃၉၁,၃၆၈.၄၀ |
| ၆၈၁ | 13008.313.2.2.75 | MST Underwear Co.,Ltd | ၂၉၄ | ၁၆,၇၆၄,၄၈၀.၀၀ |
| ၆၈၂ | 13008.313.2.2.104 | MyamarHtooSan | ၄၁ | ၂,၄၆၀,၀၀၀.၀၀ |
| ၆၈၃ | 13008.313.2.2.111 | Force | ၇၂၇ | ၄၂,၄၉၅,၈၄၀.၀၀ |
| ၆၈၄ | 13008.313.2.2.144 | Myanmar Century | ၁,၀၈၆ | ၅၉,၆၈၄,၁၆၀.၀၀ |
| ၆၈၅ | 13008.313.2.2.181 | SPA Design and Project Service Ltd. | ၃၄ | ၃,၉၈၈,၄၀၀.၀၀ |
| ၆၈၆ | 13008.313.2.2.182 | Yoma Development Group Ltd | ၂၁၀ | ၂၄,၁၅၄,၅၀၄.၀၀ |
| ၆၈၇ | 13008.313.2.2.198 | Holly Myanmar Garment | ၃ | ၂၃၅,၂၀၀.၀၀ |
| ၆၈၈ | 13008.313.3.2.68 | Logistics & Technology | ၁၈၂ | ၁၃,၄၄၈,၀၀၀.၀၀ |
| ၆၈၉ | 13008.313.3.2.107 | မြန်မာဟွေ့ဟုန်ဝေမင်း ကုမ္ပဏီ | ၆၀ | ၃,၄၆၀,၈၀၀.၀၀ |
| ၆၉၀ | 13008.313.3.2.122 | J&J (Myanmar) Garment | ၃၁၁ | ၁၇,၄၁၆,၃၄၀.၀၀ |
| ၆၉၁ | 13008.313.4.2.11 | ဟာဗေးဟန်းဘတ်ကုမ္ပဏီလီမိတက် | ၁,၈၈၄ | ၁၁၀,၂၉၆,၄၃၂.၈၀ |
| ၆၉၂ | 13008.313.4.2.25 | Universal Tractor Co., Ltd | ၁၂ | ၉၀၀,၀၀၀.၀၀ |
| ၆၉၃ | 13008.313.4.2.90 | ProcapCo,ltd | ၁၅၃ | ၇,၈၈၆,၄၀၀.၀၀ |
| ၆၉၄ | 13008.313.4.2.105 | Timbermar (Myanmar) Apparel Co.,Ltd | ၁,၀၉၂ | ၅၀,၉၅၈,၇၂၀.၀၀ |
| ၆၉၅ | 13008.313.4.2.112 | Yangon Woolend Ribbon | ၈၆ | ၅,၄၅၄,၄၀၀.၀၀ |
| ၆၉၆ | 13008.313.5.2.12 | ဆောင်ဘိုအင်တာနေရှင်နယ် | ၃၇၉ | ၂၁,၆၁၄,၄၀၀.၀၀ |
| ၆၉၇ | 13008.313.5.2.21 | MyanmarSincereceCo.,Ltd | ၇၉၂ | ၄၄,၁၅၁,၃၆၀.၀၀ |
| ၆၉၈ | 13008.313.5.2.40 | MYD International Co,Ltd | ၆၂ | ၅,၈၄၀,၀၀၀.၀၀ |
| ၆၉၉ | 13008.313.5.2.54 | MDPW Co.,Ltd | ၁၁၂ | ၆,၄၅၁,၂၀၀.၀၀ |
| ၇၀၀ | 13008.313.5.2.70 | Erdos Myanmar Co.,Ltd | ၃၂၀ | ၁၇,၄၂၉,၄၀၀.၀၀ |
| ၇၀၁ | 13008.313.5.2.73 | Asdet Garment | ၇၈၄ | ၄၄,၈၂၄,၈၀၀.၀၀ |
| ၇၀၂ | 13008.313.5.2.76 | My Net Korea Co.,Ltd | ၂၈ | ၁,၅၁၂,၀၀၀.၀၀ |
| ၇၀၃ | 13008.313.5.2.81 | FMI Flotilla Co.,Ltd | ၇ | ၈၂၅,၀၀၀.၀၀ |
| ၇၀၄ | 13008.313.5.2.82 | SPA / FMI Co.,Ltd. | ၂၄၉ | ၂၉,၄၇၉,၃၆၀.၀၀ |
| ၇၀၅ | 13008.313.5.2.83 | First Myanmar Investment Public Co.,Ltd | ၂၀ | ၂,၄၀၀,၀၀၀.၀၀ |
| ၇၀၆ | 13008.313.5.2.93 | Yuan Xin Guang | ၈၁ | ၄,၆၆၅,၆၀၀.၀၀ |
| ၇၀၇ | 13008.313.5.2.104 | Kaicheng Garment(Myanmar)Co,Ltd | ၆၁၀ | ၃၅,၃၂၃,၂၀၀.၀၀ |
| ၇၀၈ | 13008.313.6.2.20 | Oriental Peak Ind.Co.,Ltd. | ၃၇၅ | ၂၂,၂၂၈,၁၆၀.၀၀ |
| ၇၀၉ | 13008.313.6.2.29 | Apollo Shoe Factory International Co., Ltd | ၇၀ | ၁,၆၈၀,၀၀၀.၀၀ |
| ၇၁၀ | 13008.313.6.2.81 | Sheng Mao Art (Myanmar) Co,ltd | ၆၅၁ | ၃၅,၄၁၉,၂၀၀.၀၀ |
| ၇၁၁ | 13008.313.6.2.83 | Thanlyin Estate Development | ၁ | ၁၂၀,၀၀၀.၀၀ |
| ၇၁၂ | 13008.313.6.2.101 | Convenience Prosperity Co.,ltd | ၁၅ | ၁,၈၀၀,၀၀၀.၀၀ |
| ၇၁၃ | 13008.313.7.2.24 | Myanmar Po Spike Laser Metal Mold Factory Co;Ltd | ၁၅ | ၉၆၈,၈၀၀.၀၀ |
| ၇၁၄ | 13008.313.7.2.33 | Chindwin Investment Limited | ၁၆ | ၁,၉၂၀,၀၀၀.၀၀ |
| ၇၁၅ | 13008.313.7.2.34 | Successful Goal Trading | ၁၃ | ၁,၅၆၀,၀၀၀.၀၀ |
| ၇၁၆ | 13008.313.7.2.76 | TAE HYUN (Myanmar) Industry Co.,Ltd | ၁၄၈ | ၈,၀၁၆,၀၀၀.၀၀ |
| ၇၁၇ | 13008.313.7.2.81 | Win Strategic Co.,Ltd | ၂၉ | ၂,၆၆၂,၀၀၀.၀၀ |
| ၇၁၈ | 13008.313.7.2.82 | Myanmar Dihuali Garment | ၅၂၄ | ၃၀,၂၁၃,၁၂၀.၀၀ |
| ၇၁၉ | 13008.313.7.2.86 | People Origin Co.,Ltd | ၆၂ | ၄,၆၄၆,၈၀၀.၀၀ |
| ၇၂၀ | 13008.313.7.2.186 | Golden Thurain Linn Agricultural Machinery and Technology Trading Co.,Ltd. | ၁၇ | ၁,၆၁၆,၀၀၀.၀၀ |
| ၇၂၁ | 13008.313.8.2.2 | Hlaing River Golf and Country Club Limited | ၆ | ၇၂၀,၀၀၀.၀၀ |
| ၇၂၂ | 13008.313.8.2.11 | Cherry Apparel (Myanmar) Co.,LTD | ၂၆၃ | ၁၄,၄၄၅,၁၂၀.၀၀ |
| ၇၂၃ | 13008.313.8.2.14 | Yoma Nominee Limited | ၂၁ | ၂,၅၂၀,၀၀၀.၀၀ |
| ၇၂၄ | 13008.313.8.2.52 | China Jiansu Sunhe Group (Myanmar) Shoes Co.,Ltd | ၁၇၃ | ၇,၄၂၆,၆၄၀.၀၀ |
| ၇၂၅ | 13008.313.8.2.54 | Myanmar Huasheng Kefu Fashion Co.,Ltd | ၄၈၃ | ၂၃,၃၂၄,၆၄၀.၀၀ |
| ၇၂၆ | 13018.31.1.2.50 | Lucky Hand Gament | ၁၀ | ၅၇၆,၀၀၀.၀၀ |
| ၇၂၇ | 13018.31.1.2.71 | ထိပ်တန်းစားသောက်ဆိုင် | ၃ | ၈၀,၀၀၀.၀၀ |
| ၇၂၈ | 13018.31.1.2.78 | အောင်ကျော်သန်းရာဘာ | ၅ | ၁၀၄,၀၀၀.၀၀ |
| ၇၂၉ | 13018.31.1.2.91 | အုန်းတောဖယောင်းတိုင် | ၈ | ၁၉၂,၀၀၀.၀၀ |
| ၇၃၀ | 13018.31.1.2.303 | စံပယ်တစ်ရှူး | ၃ | ၇၂,၀၀၀.၀၀ |
| ၇၃၁ | 13018.31.1.2.311 | Toe Electric | ၄ | ၁၂၈,၀၀၀.၀၀ |
| ၇၃၂ | 13018.31.1.2.335 | သစ်တောထွက်ပစ္စည်းဖက်စပ် | ၄ | ၃၀၉,၆၀၀.၀၀ |
| ၇၃၃ | 13018.31.1.2.342 | အောင်တင်ဝင်းသံရည်ကျို | ၂ | ၅၆,၀၀၀.၀၀ |
| ၇၃၄ | 13018.31.1.2.376 | မူဝံလျှပ်စစ်လုပ်ငန်း | ၃၀ | ၁,၇၂၈,၀၀၀.၀၀ |
| ၇၃၅ | 13018.31.1.2.382 | ဇွန်မိုးစက်ကုမ္ပဏီ | ၁၉ | ၁,၇၉၇,၆၀၀.၀၀ |
| ၇၃၆ | 13018.31.1.2.451 | ဒုံးပျံ အမွှန်ကြိတ် | ၅ | ၁၆၀,၀၀၀.၀၀ |
| ၇၃၇ | 13018.31.1.2.453 | ဒေါ်စန်းရီကြာဇံငါးဖမ်းပိုက် | ၂ | ၄၈,၀၀၀.၀၀ |
| ၇၃၈ | 13018.31.1.2.474 | Beautiful Wood Industry | ၁ | ၅၇,၆၀၀.၀၀ |
| ၇၃၉ | 13018.31.2.2.101 | ဒေါ်တင်လှသစ်ခွဲစက် | ၄ | ၁၃၆,၀၀၀.၀၀ |
| ၇၄၀ | 13018.31.2.2.111 | သစ်အခြေခံအမှတ်(၂)စက်ရုံ | ၄ | ၃၃၈,၄၀၀.၀၀ |
| ၇၄၁ | 13018.31.2.2.115 | ဦးမောင်မောင်၊ ဦးလှမြင့် ခါးပတ်လုပ်ငန်း | ၅ | ၁၆၀,၀၀၀.၀၀ |
| ၇၄၂ | 13018.31.2.2.125 | ဦးမောင်မောင်မျိုး စက်ဘီး | ၂ | ၂၄,၀၀၀.၀၀ |
| ၇၄၃ | 13018.31.2.2.148 | ကြက်ကမ္ဘာလုံးခေါက်ဆွဲ | ၇ | ၃၀၂,၄၀၀.၀၀ |
| ၇၄၄ | 13018.31.2.2.163 | သစ်မင်းရတနာ | ၁၁ | ၆၃၃,၆၀၀.၀၀ |
| ၇၄၅ | 13018.31.2.2.238 | ရွှေငွေအောင် သစ်စက် | ၅ | ၁၂၀,၀၀၀.၀၀ |
| ၇၄၆ | 13018.31.4.2.108 | ဦးငွေအောင်ဆေးဆိုး | ၅ | ၁၁၈,၄၀၀.၀၀ |
| ၇၄၇ | 13018.31.4.2.145 | သိင်္ဂီရွှေစင်ပုံနှိပ်တိုက် | ၃၀ | ၁,၇၂၈,၀၀၀.၀၀ |
| ၇၄၈ | 13018.31.6.2.9 | Myanmar Active Co.,Ltd | ၈ | ၄၉၂,၈၀၀.၀၀ |
| ၇၄၉ | 13018.31.6.2.29 | ကရဝိတ်စတစ်ကာလုပ်ငန်း | ၁၀ | ၃၈၂,၄၀၀.၀၀ |
| ၇၅၀ | 13018.31.7.2.39 | ကျုံးချိန်စတီး(လ်)စထရပ်ကျ်ချာ | ၁ | ၂၄,၀၀၀.၀၀ |
| ၇၅၁ | 13018.31.7.2.62 | အာလာဒင်ဒန်အိုးစက် | ၁၃ | ၇၄၈,၈၀၀.၀၀ |
| ၇၅၂ | 13033.36.1.2.88 | ကမ္ဘာကျော် Trading | ၁၀ | ၅၉၂,၈၀၀.၀၀ |
| ၇၅၃ | 13033.36.1.2.1013 | စိန်ဂေဟာ မီနီမတ် | ၁၉ | ၁,၀၉၄,၄၀၀.၀၀ |
| ၇၅၄ | 13033.36.2.2.107 | My Yangon Office Co; Ltd | ၃ | ၂၈၀,၀၀၀.၀၀ |
| ၇၅၅ | 13033.36.5.2.59 | Alsok Myanmar Security Services | ၅၄ | ၅,၁၈၄,၂၉၆.၀၀ |
| ၇၅၆ | 13033.36.5.2.145 | Optima Werkz Myanmar | ၂၉ | ၃,၂၆၅,၄၄၀.၀၀ |
| ၇၅၇ | 13033.36.6.2.99 | Smilax Global | ၈ | ၉၀၀,၀၀၀.၀၀ |
| ၇၅၈ | 13033.36.7.2.85 | LIU Co.,Ltd | ၆ | ၅၆၀,၀၀၀.၀၀ |
| ၇၅၉ | 13033.36.8.2.20 | Byblos Pulb & Girll | ၁၀ | ၉၄၄,၀၀၀.၀၀ |
| ၇၆၀ | 13033.36.8.2.40 | MTTM Integrated Shipping & Logistecs Co.,ltd | ၇ | ၇၆၀,၀၀၀.၀၀ |
| ၇၆၁ | 13033.310.1.2.39 | ကောင်းလာဘ်စံ ပြည်ပအလုပ်အကိုင်ရှာဖွေရေး | ၂ | ၁၁၅,၂၀၀.၀၀ |
| ၇၆၂ | 13033.310.1.2.479 | W & Associates Limited | ၃၃ | ၃,၆၂၀,၀၀၀.၀၀ |
| ၇၆၃ | 13033.310.1.2.499 | Great In't Co.,Ltd | ၇၀ | ၆,၁၃၅,၅၇၃.၂၀ |
| ၇၆၄ | 13033.310.1.2.578 | Myanmar Kowa Int'l Co.,Ltd | ၁၁ | ၇၅၈,၄၀၀.၀၀ |
| ၇၆၅ | 13033.310.1.2.658 | 119 Store | ၁၀ | ၆၀၂,၄၀၀.၀၀ |
| ၇၆၆ | 13033.310.1.2.661 | Global Travel Service Co.,ltd | ၃ | ၂၄၀,၀၀၀.၀၀ |
| ၇၆၇ | 13033.310.2.2.16 | J&M Steel Solution Co.,Ltd | ၅၆၅ | ၅၈,၀၇၆,၀၀၀.၀၀ |
| ၇၆၈ | 13033.310.2.2.252 | Nagata Myanmar Co.,Ltd | ၁၅ | ၁,၆၄၄,၀၀၀.၀၀ |
| ၇၆၉ | 13033.310.3.2.11 | Sanay Travels & Tours | ၈ | ၈၀၀,၀၀၀.၀၀ |
| ၇၇၀ | 13033.310.4.2.123 | WHA Coroprate Services Limited | ၇ | ၇၄၀,၀၀၀.၀၀ |
| ၇၇၁ | 13033.310.4.2.172 | Yara Myanmar Limited | ၂၇ | ၃,၂၄၀,၀၀၀.၀၀ |
| ၇၇၂ | 13033.310.6.2.66 | FMDC Co.,Ltd | ၆ | ၆၉၂,၀၀၀.၀၀ |
| ၇၇၃ | 13037.39.8.2.63 | Gold Energy Co.,Ltd | ၁၇ | ၁,၄၂၀,၀၀၀.၀၀ |
| ၇၇၄ | 13037.39.8.2.77 | REAP TECHNOLOGY PTE LTD | ၅ | ၆၀၀,၀၀၀.၀၀ |
| ၇၇၅ | 13041.33.1.2.106 | ကမ္ဘာကျော်ကုမ္ပဏီ (ပီနံ) | ၁၉ | ၁,၁၁၈,၄၀၀.၀၀ |
| ၇၇၆ | 13041.33.1.2.211 | သုခဆောက်လုပ်ရေးကုမ္ပဏီလီမိတက် | ၁၅ | ၉၈၀,၀၀၀.၀၀ |
| ၇၇၇ | 13041.33.1.2.382 | စိမ်းရောင်စိုထုတ်လုပ်မှုကုမ္ပဏီ | ၆ | ၂၆၄,၀၀၀.၀၀ |
| ၇၇၈ | 13041.33.1.2.433 | Nice (အထည်ချုပ်) | ၃ | ၁၃၂,၀၀၀.၀၀ |
| ၇၇၉ | 13041.33.1.2.444 | Myo & Myint Brothers Co,Ltd | ၇ | ၃၄၈,၀၀၀.၀၀ |
| ၇၈၀ | 13041.33.1.2.732 | ဝမင်းအထည်ချုပ် | ၁၅ | ၈၈၆,၄၀၀.၀၀ |
| ၇၈၁ | 13041.33.2.2.188 | Machinery & Soluctions Co,ltd | ၂ | ၁၁၅,၂၀၀.၀၀ |
| ၇၈၂ | 13041.33.2.2.223 | ကျော်မြန်မာ | ၁၀ | ၅၇၆,၀၀၀.၀၀ |
| ၇၈၃ | 13041.33.3.2.142 | Metro Construction & Services Co,Ltd | ၁၆ | ၁,၇၀၀,၀၀၀.၀၀ |
| ၇၈၄ | 13041.33.6.2.36 | VIET– Myanmar United Brothers Co., Ltd | ၄ | ၃၅၄,၀၀၀.၀၀ |
| ၇၈၅ | 13041.33.8.2.4 | Prime Living Co.,Ltd | ၅၃ | ၄,၀၃၇,၆၀၀.၀၀ |
| ၇၈၆ | 13041.33.8.2.15 | Synergy Distribution Service Co,Ltd | ၂၁ | ၁,၇၆၄,၀၀၀.၀၀ |
| ၇၈၇ | 13041.38.1.2.85 | MG အထည်ချုပ် | ၁၉ | ၁,၀၉၄,၄၀၀.၀၀ |
| ၇၈၈ | 13041.38.1.2.92 | Super Engine Oil | ၁၀ | ၉၆၀,၀၀၀.၀၀ |
| ၇၈၉ | 13041.38.1.2.119 | M Pride Co.,Ltd | ၈၈ | ၈,၇၉၉,၈၅၈.၈၀ |
| ၇၉၀ | 13041.38.1.2.129 | KOL Global Co.Ltd | ၁ | ၁၂၀,၀၀၀.၀၀ |
| ၇၉၁ | 13041.38.1.2.170 | မိုးကောင်းကင်အထည်ချုပ် | ၃၇ | ၂,၁၃၁,၂၀၀.၀၀ |
| ၇၉၂ | 13041.38.1.2.234 | Dragon One Co.Ltd | ၃၀ | ၁,၄၉၇,၆၀၀.၀၀ |
| ၇၉၃ | 13041.38.1.2.243 | ဦးအောင်ဝင်းအထည်ချုပ် | ၅၇ | ၃,၂၈၃,၂၀၀.၀၀ |
| ၇၉၄ | 13041.38.1.2.244 | ပြည်ကျော်ကားပြုပြင်ရေး | ၂ | ၃၂,၀၀၀.၀၀ |
| ၇၉၅ | 13041.38.1.2.339 | Asia Drilling Pte Ltd. | ၃၄ | ၄,၀၈၀,၀၀၀.၀၀ |
| ၇၉၆ | 13041.38.1.2.476 | MYAWADDY AND GOLDEN HILL INTERNATIONAL LIMITED | ၉၃ | ၆,၅၃၄,၈၀၀.၀၀ |
| ၇၉၇ | 13041.38.3.2.14 | သုဝဏ္ဏသိဂီပုံနှိပ်တိုက် | ၃ | ၇၂,၀၀၀.၀၀ |
| ၇၉၈ | 13041.38.4.2.70 | Gamone Pwint Shopping Mall | ၁၂၆ | ၇,၅၂၇,၂၀၀.၀၀ |
| ၇၉၉ | 13041.38.5.2.3 | Titan Pest Management Co.Ltd | ၃၆ | ၃,၆၅၀,၀၀၀.၀၀ |
| ၈၀၀ | 13041.38.6.2.61 | IP Service and Solution | ၁၂ | ၁,၄၃၂,၃၂၀.၀၀ |
| ၈၀၁ | 13041.38.6.2.106 | Gold Cement Co.,Ltd | ၁၄ | ၁,၅၆၈,၀၀၀.၀၀ |
| ၈၀၂ | 13041.38.7.2.63 | Shwe Crop Nutrients Co.,Ltd | ၁၁ | ၁,၁၆၀,၀၀၀.၀၀ |
| ၈၀၃ | 13041.38.7.2.152 | Eco-Green Technologies Co.,Ltd | ၉ | ၉၇၂,၀၀၀.၀၀ |
| ၈၀၄ | 13041.38.8.2.21 | မင်းမြန်မာနွယ်အပြည်ပြည်ဆိုင်ရာ ကုမ္ပဏီလီမိတက် | ၆၁ | ၅,၂၈၆,၁၈၀.၀၀ |
| ၈၀၅ | 13041.38.8.2.77 | WM QUAN DAT COMPANY LIMITED | ၆၇ | ၄,၄၉၁,၀၀၀.၀၀ |
| ၈၀၆ | 10006.37.5.2.20 | ဗန္ဓုလထွန်းစက်အရောင်းကုမ္ပဏီ | ၄ | ၄၈၀,၀၀၀.၀၀ |
| ၈၀၇ | 13033.36.1.2.616 | Central Hotel | ၄ | ၂၇၉,၆၀၀.၀၀ |
| ၈၀၈ | 13033.36.1.2.873 | Thu Htut Kaung Co.,Ltd | ၇ | ၆၀၀,၀၀၀.၀၀ |
| ၈၀၉ | 13033.36.1.2.875 | Shwe Naing Ngan Printing | ၁ | ၁၂၀,၀၀၀.၀၀ |
| ၈၁၀ | 13033.36.2.2.300 | Cherry Hills Hotel | ၃ | ၂၃၉,၂၀၀.၀၀ |
| ၈၁၁ | 13033.36.4.2.165 | မြဝတီခရီးသွားလုပ်ငန်း | ၁ | ၁၂၀,၀၀၀.၀၀ |
| ၈၁၂ | 13033.36.5.2.65 | Exvision Myanmar | ၁ | ၁၂၀,၀၀၀.၀၀ |
| ၈၁၃ | 13033.36.6.2.143 | Super Venture Company Limited | ၁ | ၁၂၀,၀၀၀.၀၀ |
| ၈၁၄ | 13037.39.1.2.55 | Ta Fa Trading | ၂ | ၁၇၂,၀၀၀.၀၀ |
| ၈၁၅ | 13037.39.1.2.294 | ရည်ရည်ထွန်းကုမ္ပဏီလီမိတက် | ၁ | ၁၂၀,၀၀၀.၀၀ |
| ၈၁၆ | 13037.39.1.2.360 | Columbus Travels & Tours | ၁ | ၁၂၀,၀၀၀.၀၀ |
| ၈၁၇ | 13037.39.3.2.104 | Global Enchanting Safety and Management Training Center | ၂ | ၄၀,၀၀၀.၀၀ |
| ၈၁၈ | 13037.39.4.2.67 | Abercrombie & Kent International limited | ၂ | ၂၄၀,၀၀၀.၀၀ |
| ၈၁၉ | 13037.39.7.2.59 | Myanmar Payroll & Outsourcing Co., Ltd | ၂၃ | ၂,၇၆၀,၀၀၀.၀၀ |
| ၈၂၀ | 13037.39.7.2.139 | Better Technologies Myanmar Limited | ၅ | ၄၈၀,၀၀၀.၀၀ |
| ၈၂၁ | 13041.38.2.2.123 | Capital Automotive Limited | ၁၁ | ၁,၀၉၃,၁၃၉.၀၄ |
| ၈၂၂ | 13041.38.6.2.79 | Oriental Consultants Japan | ၆ | ၇၂၀,၀၀၀.၀၀ |
| ၈၂၃ | 13041.38.7.2.14 | AK Concept MM Co., Ltd. | ၁ | ၄၈,၄၅၅.၃၃ |
| ၈၂၄ | 13001.37.1.2.287 | Chan Hein | ၃၄ | ၁,၉၉၄,၄၀၀.၀၀ |
| ၈၂၅ | 13001.37.7.2.13 | Eclion Façade Co.,Ltd | ၄၆ | ၄,၅၀၂,၀၀၀.၀၀ |
| ၈၂၆ | 13003.311.1.2.27 | SMART အထည်ချုပ် | ၁၉ | ၇၅၈,၄၀၀.၀၀ |
| ၈၂၇ | 13003.311.1.2.46 | မင်းစိန်ပိုက်လုံးစက်ရုံ | ၅ | ၂၃၆,၀၀၀.၀၀ |
| ၈၂၈ | 13003.311.1.2.60 | ဦးခင်စိုးသစ်စက် | ၅ | ၅၀,၀၀၀.၀၀ |
| ၈၂၉ | 13003.311.1.2.89 | ဖယ်ရီထွန်းသံရည်ကျို | ၆ | ၃၄၅,၆၀၀.၀၀ |
| ၈၃၀ | 13003.311.2.2.119 | Z Men Garment Factory | ၅၆ | ၃,၂၂၅,၆၀၀.၀၀ |
| ၈၃၁ | 13003.311.2.2.120 | ToyaMyanmar Garment | ၉၉၂ | ၅၇,၃၂၆,၄၀၀.၀၀ |
| ၈၃၂ | 13003.311.2.2.126 | Plustex Factory | ၇၅ | ၄,၃၂၈,၄၀၀.၀၀ |
| ၈၃၃ | 13003.311.3.2.12 | Crystal Diamond Livestock Co.,Ltd | ၁၇၀ | ၁၀,၂၂၀,၀၀၀.၀၀ |
| ၈၃၄ | 13003.311.3.2.117 | Bolly (Hong Kong) Co,Ltd | ၃၂၈ | ၁၉,၁၂၁,၆၀၀.၀၀ |
| ၈၃၅ | 13003.311.3.2.120 | ဘီလီယံစမိုင်းအထည်ချုပ် | ၁၈ | ၇၄၈,၀၀၀.၀၀ |

*(ဆက်လက်ဖော်ပြပါမည်)*

# ခရမ်းမြို့နယ်တွင် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် မဲရုံများ ပြင်ဆင်ပြီးစီးမှုနှင့် ဆောင်ရွက်နေမှုများ ကွင်းဆင်းစစ်ဆေး

**ခရမ်း နိုဝင်ဘာ ၅**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်တွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် မဲရုံများပြင်ဆင်ဆောင်ရွက်မှုနှင့် ပြီးစီးမှုများကို ယနေ့ နံနက် ၁၁ နာရီက ရန်ကုန်တောင်ပိုင်း ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်နှင့် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များက မြို့နယ်အတွင်းရှိ မဲရုံများသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။



အဆိုပါ ကွင်းဆင်းစစ်ဆေးရာသို့ ရန်ကုန်တောင်ပိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးတင်ဦး၊ ခရမ်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များဖြစ်ကြသည့် ဒေါက်တာစမြင့်သိန်း၊ ဒေါ်မြင့်ခိုင်၊ ဒေါ်တင်လှိုင်၊ ဦးအေးချို၊ ဦးကျော်မင်းတို့သည် အမှတ်(၄) ရပ်ကွက်နှင့် အမှတ်(၅) ရပ်ကွက်ရှိ မဲရုံများ ပြင်ဆင်ထားရှိမှုအခြေအနေ၊ မဲရုံနှင့် ပတ်သက်၍ သိရှိလိုက်နာရမည့် အချက်များ၊ သတိထားရှိရမည့် စည်းမျဉ်းစည်းကမ်းများ၊ မဲပေးမှုနှင့် သက်ဆိုင်သည့် လမ်းညွှန်မှာကြားချက်များ၊ ထုတ်ပြန်ချက်များကို တာဝန်ရှိ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် အဖွဲ့ဝင်များအား တွေ့ဆုံ၍ မှာကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်တွင် ရပ်ကွက် ၁၃ ရပ်ကွက်၊ ကျေးရွာ အုပ်စုပေါင်း ၅၃ အုပ်စုရှိရာ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအတွက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ဦးရေ ၁၂၇၈၀၇ ဦးကျော် ရှိကြောင်း ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးမှ သိရသည်။

**ကိုမင်း (ခရမ်း)**

# ကြည့်မြင်တိုင်မြို့နယ်အတွင်း မဲဆန္ဒရှင်များ လုံခြုံစိတ်ချစွာမဲပေးနိုင်ရေး မဲရုံများပြင်ဆင်လျက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၅**

နိုဝင်ဘာ ၈ ရက်တွင် ပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲနေ့တွင် ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ မဲဆန္ဒရှင်များ လုံခြုံစိတ်ချစွာမဲပေးနိုင်ရေးအတွက် မဲရုံများ ပြင်ဆင်လျက်ရှိရာ နိုဝင်ဘာ ၅ ရက် ညပိုင်းက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇာနည်ဝင်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသိန်းဆွေ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး အေးထွန်းမောင်တို့က ပြင်ဆင်ပြီးသောမဲရုံများကို လိုက်လံစစ်ဆေးကြသည်။

ကြည့်မြင်တိုင်မြို့နယ်အတွင်း မဲပေးခွင့်ရှိသူ ၈၈၁၄၅ ဦးရှိသည့်အနက် နိုဝင်ဘာ ၅ ရက်အထိ ကြိုတင်မဲပေးပြီးသူ ၉၀၀၀ ကျော်ရှိကြောင်း သိရသည်။ ကြည့်မြင်တိုင်မြို့နယ်အတွင်း မဲရုံပေါင်း ၇၁ ရုံ တည်ဆောက်မည့်အပြင် အရန်မဲရုံကိုးရုံကိုလည်း အဆင်သင့်ပြင်ဆင်ထားမည်ဖြစ်ကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌထံမှ သိရသည်။ **တင်ဝင်းလေး(ကြည့်မြင်တိုင်)**

# မဲဆန္ဒနယ်ပြင်ပရောက် ကြိုတင်ဆန္ဒမဲလက်မှတ်များ မဲပုံးအတွင်းသို့ထည့်သွင်း

**ပြည် နိုဝင်ဘာ ၅**

ပြည်ခရိုင် ပြည်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် နိုဝင်ဘာ ၄ ရက် မွန်းလွဲ ၃နာရီ မှ ညနေ ၅ နာရီအထိ မဲဆန္ဒနယ်ပြင်ပရောက် ကြိုတင်ဆန္ဒမဲလက်မှတ်များအား မဲပုံးအတွင်း ထည့်သွင်းခြင်းလုပ်ငန်းနှင့်ပတ်သက်၍ သက်ဆိုင်ရာနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအား ဖိတ်ကြားပြီး ပွင့်လင်းမြင်သာစွာဆောင်ရွက်ကြောင်း သိရသည်။

**မောင်ရွှေဝင်း (ပြည်)**



# တောင်ငူ၌ ရွေးကောက်ပွဲအတွက် မဲရုံသစ်တည်ဆောက်မှု၊ လုံခြုံရေးနှင့် ကျန်းမာရေးသုံးပစ္စည်းများ ဖြန့်ဝေမှုများ ကွင်းဆင်းစစ်ဆေး

**တောင်ငူ နိုဝင်ဘာ ၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်၌ နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲဆန္ဒရှင်များ အဆင်ပြေစွာမဲပေးနိုင်ရေးနှင့် လိုအပ်ချက်များ ဖြည့်ဆည်း ဆောင်ရွက်နိုင်ရေးတို့အတွက် မဲရုံများ ပြင်ဆင်ဆောင်ရွက်ထားမှု အခြေအနေ၊ မဲရုံသစ်ဆောက်လုပ်ထားရှိမှု၊ မဲရုံလုံခြုံရေးနှင့် ကျန်းမာရေးသုံးပစ္စည်းများ ဖြန့်ဝေမှုအခြေအနေများကို နိုဝင်ဘာ ၄ ရက်က တောင်ငူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ လမ်းဦးစီးဌာန၊ လဝက၊ ကျန်းမာရေး၊ မီးသတ် စသည့်ဌာနပေါင်းစုံပါဝင်သောအဖွဲ့မှ ကွင်းဆင်းစစ်ဆေးကြပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ခဲ့ကြသည်။

တောင်ငူမြို့နယ်အတွင်း ရပ်ကွက်နှင့် ကျေးရွာ အုပ်စု ၆၄ အုပ်စုတို့မှ မဲပေးခွင့်ရှိသူ ၁၉၅၃၄၉ ဦးရှိပြီး အရွေးချယ်ခံ ပါတီခုနစ်ခုရှိကာ အရပ်ဘက်နှင့် တပ်ဘက် မဲရုံ ၁၉၃ ရုံရှိပြီး လုံခြုံရေးအထူးရဲ ၁၉၃ ဦးနှင့် မြို့နယ်အတွင်းမှ သန္ဓေရဲ ၄၀၀ ခန့် တို့က လုံခြုံရေးတာဝန် ယူကြမည်ဖြစ်ကြောင်း သိရသည်။

၀၄၈

## အပြည်ပြည်ဆိုင်ရာလေဆိပ်များ၊ ရေဆိပ်နှင့် နယ်စပ်ဝင်/ထွက်ပေါက်များမှ နိုင်ငံခြားသားများ ဝင်ရောက်မှုနှိုင်းယှဉ်ချက်

| စဉ် | လအမည် | ၂၀၁၉–၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် | | | ၂၀၂၀–၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် | | |
|---|---|---|---|---|---|---|---|
| | | ကမ္ဘာလှည့် | လုပ်ငန်း | စုစုပေါင်း | ကမ္ဘာလှည့် | လုပ်ငန်း | စုစုပေါင်း |
| ၁ | အောက်တိုဘာ | ၉၁၈၃၆ | ၂၇၅၉၀ | ၁၁၉၄၂၆ | ၃ | ၄၄၀ | ၄၄၃ |
| ၂ | နိုဝင်ဘာလ | ၁၁၅၈၉၈ | ၂၇၄၈၈ | ၁၄၃၃၈၆ | | | ၀ |
| ၃ | ဒီဇင်ဘာလ | ၁၂၇၉၅၀ | ၂၄၉၆၇ | ၁၅၂၉၁၇ | | | ၀ |
| ၄ | ဇန်နဝါရီလ | ၁၂၃၆၂၂ | ၂၆၀၃၂ | ၁၄၉၆၅၄ | | | ၀ |
| ၅ | ဖေဖော်ဝါရီလ | ၄၆၈၇၉ | ၂၁၉၄၈ | ၆၈၈၂၇ | | | ၀ |
| ၆ | မတ် | ၁၄၄၇၉ | ၂၁၉၇၉ | ၃၆၄၅၈ | | | ၀ |
| ၇ | ဧပြီ | ၀ | ၆၁ | ၆၁ | | | ၀ |
| ၈ | မေ | ၀ | ၁၀၂ | ၁၀၂ | | | ၀ |
| ၉ | ဇွန် | ၁ | ၂၇၈ | ၂၇၉ | | | ၀ |
| ၁၀ | ဇူလိုင် | ၀ | ၄၂၆ | ၄၂၆ | | | ၀ |
| ၁၁ | ဩဂုတ် | ၀ | ၁၁၇၅ | ၁၁၇၅ | | | ၀ |
| ၁၂ | စက်တင်ဘာ | ၀ | ၃၄၅ | ၃၄၅ | | | ၀ |
| | စုစုပေါင်း | ၅၂၀၆၆၅ | ၁၅၂၃၉၁ | ၆၇၃၀၅၆ | ၃ | ၄၄၀ | ၄၄၃ |

မှတ်ချက်။ ၃၀–၃–၂၀၂၀ ရက်နေ့မှစ၍ ပြည်ပလေယာဉ်ဆိုက်ရောက်မှု ယာယီရပ်ဆိုင်းထားသော်လည်း Covid–19 နှင့် ပတ်သက်သော အထူးလေယာဉ်များမှ ဝင်ရောက်သည့် နိုင်ငံခြားသားများ ဖြစ်ပါသည်။

## အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်စပ်ဝင်/ထွက်ပေါက်များမှ နိုင်ငံခြားသားများ ဝင်ရောက်မှုနှိုင်းယှဉ်ချက်

| စဉ် | အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်စပ်ဝင်/ထွက်ပေါက်များ | ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ | | ၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | ကမ္ဘာလှည့် | လုပ်ငန်း | ကမ္ဘာလှည့် | လုပ်ငန်း | |
| ၁ | ရန်ကုန်လေဆိပ်/ရေဆိပ် | ၅၁၇၉၁ | ၁၈၂၆၁ | ၃ | ၄၄၀ | |
| ၂ | မန္တလေးလေဆိပ် | ၃၂၆၂၈ | ၄၁၇၈ | ၀ | ၀ | |
| ၃ | နေပြည်တော်လေဆိပ် | ၁၀၃၁ | ၃၈၁ | ၀ | ၀ | |
| ၄ | မြိတ်လေဆိပ် | ၀ | ၀ | ၀ | ၀ | |
| ၅ | တာချီလိတ် | ၄၄၆၀ | ၁၄၈ | ၀ | ၀ | |
| ၆ | မြဝတီ | ၁၁၅၉ | ၄၄၅၅ | ၀ | ၀ | |
| ၇ | ကော့သောင်း | ၃၆၃ | ၁၀၅ | ၀ | ၀ | |
| ၈ | ထီးခီး | ၅၉ | ၂၄ | ၀ | ၀ | |
| ၉ | တမူး | ၃၀၀ | ၃၅ | ၀ | ၀ | |
| ၁၀ | ရိခေါဒါရ် | ၄၅ | ၃ | ၀ | ၀ | |
| | စုစုပေါင်း | ၉၁၈၃၆ | ၂၇၅၉၀ | ၃ | ၄၄၀ | |

မှတ်ချက်။ ၃၀–၃–၂၀၂၀ ရက်နေ့မှစ၍ ပြည်ပလေယာဉ်ဆိုက်ရောက်မှု ယာယီရပ်ဆိုင်းထားသော်လည်း Covid–19 နှင့် ပတ်သက်သော အထူးလေယာဉ်များမှ ဝင်ရောက်သည့် နိုင်ငံခြားသားများ ဖြစ်ပါသည်။

**စာအုပ်စာပေ လှူမိတ်ဆွေ**

# ရွေးကောက်ပွဲကာလအတွင်း မဲရုံများ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုမရှိစေရေး ဆောင်ရွက်

**မြင်းခြံ နိုဝင်ဘာ ၅**


မြင်းခြံခရိုင်အတွင်းရှိ မြို့နယ်များမှ မဲရုံများ၌ နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် လျှပ်စစ်ဓာတ်အား မပြတ်တောက်စေရေး လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် မြင်းခြံခရိုင် လျှပ်စစ်မန်နေဂျာရုံးနှင့် မြို့နယ် လျှပ်စစ်ရုံးများမှ တာဝန်ရှိသူများသည် ခရိုင်အတွင်းရှိ မြို့နယ်များမှမဲရုံများ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှု မရှိစေရေးအတွက် ဓာတ်အားခွဲရုံများ ကြံ့ခိုင်ကောင်းမွန်ရေး ကြိုတင် ဆောင်ရွက်ထားရှိခြင်း၊ မြို့နယ်ရုံးနှင့် ဓာတ်အားခွဲရုံများတွင် လုံခြုံရေး သတိရှိရန် ကိစ္စရပ်များ၊ ဓာတ်အားလိုင်းများနှင့် ထိစပ်လျက်ရှိသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း လုပ်ငန်းများကို စနစ်တကျ ကြိုတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် မဲရုံများတွင် လျှပ်စစ်ဝန်ထမ်းများ တာဝန်ချထားခြင်း၊ အရန်မီးစက်များ ထားရှိခြင်း၊ အရေးပေါ်မီးအိမ်များ ထားရှိခြင်းများအတွက် သက်ဆိုင်ရာ ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရွေးကောက်ပွဲကော်မရှင်၊ လူမှုအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

လာမည့် အထွေထွေရွေးကောက်ပွဲတွင် မြင်းခြံခရိုင်အတွင်း၌ မဲရုံပေါင်း ၉၆၀ ရှိပြီး လျှပ်စစ်ဓာတ်အား မပြတ်တောက်စေရေး ကြိုတင်စီစဉ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြန်မာ့အလင်း**



## ဆောက်လုပ်ရေးဝန်ကြီးဌာန
## ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ (၂၀၂၀-၂၀၂၁) ဘဏ္ဍာရေးနှစ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ကျေးလက်လမ်းလုပ်ငန်းများတွင် အသုံးပြုရန် လိုအပ်သည့် အောက်ပါစက်ယာဉ်ယန္တရား(၅)မျိုးကို မြန်မာကျပ်ငွေဖြင့် ဌာနအရောက် အိတ်ဖွင့်တင်ဒါခေါ်ယူ၍ ဝယ်ယူလိုပါသည်-

| Sr. No | Nomenclature | Quantity |
|---|---|---|
| 1 | Hydraulic Excavator (20-22)Tons | 1 No |
| 2 | Truck Mounted Crane (30)Tons | 1 No |
| 3 | Motor Grader (12-13) Tons | 2 Nos |
| 4 | Three Wheel Road Roller (8-10)Tons | 3 Nos |
| 5 | Vibratory Roller (11-12)Tons | 1 No |

၂။ **တင်ဒါပုံစံစတင် ရောင်းချမည့်ရက်** - ၉-၁၁-၂၀၂၀ ရက်မှ ၂၆-၁၁-၂၀၂၀ ရက်အထိ

၃။ **တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်ရက်/အချိန်** - ၈-၁၂-၂၀၂၀ ရက် ညနေ ၄း ၀၀ နာရီ

၄။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - အကြောင်းကြားဆက်သွယ်ပါမည်။

၅။ **တင်ဒါဖွင့်မည့်နေရာ** - ရုံးအမှတ်(၁၁)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ အစည်းအဝေးခန်းမဆောင်

၆။ တင်ဒါလျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၃၄၀၇၈၃၁၊ ၀၉-၂၆၃၈၃၇၃၁၀၊ ၀၉-၇၇၄၇၆၁၂၃၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)**

---

## တင်ဒါပုံစံတင်သွင်းရမည့်နောက်ဆုံးရက်အား ပြင်ဆင်သတ်မှတ်ခြင်း

၂၂-၁၀-၂၀၂၀ရက်ထုတ် နိုင်ငံပိုင်သတင်းစာတွင် ထည့်သွင်းကြော်ငြာခဲ့သည့် ကချင်ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ်ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်မည့် တည် ဆောက်ရေးလုပ်ငန်း (၁၃) ခုအား တင်ဒါပုံစံတင်သွင်းရမည့် နောက်ဆုံးရက်အား အောက်ပါအတိုင်း ပြင်ဆင်သတ်မှတ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်-

**ယခင်တင်ဒါပုံစံတင်သွင်းရမည့်နောက်ဆုံးရက်** - ၆-၁၁-၂၀၂၀ရက် (သောကြာနေ့)

**ပြောင်းလဲပြင်ဆင်သည့် တင်ဒါပုံစံတင်သွင်းရမည့် နောက်ဆုံးရက်** - ၂၀-၁၁-၂၀၂၀ရက် (သောကြာနေ့)

**တင်ဒါခေါ်ယူရေးနှင့် စိစစ်ရေးလုပ်ငန်းကော်မတီ**

---

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန
## ဗဟိုမြေစာရင်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း
## ရန်ကုန်တိုင်းဒေသကြီး၊ရန်ကုန်မြောက်ပိုင်းခရိုင်၊တိုက်ကြီးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန၊ ဗဟိုမြေစာရင်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေး သင်တန်းကျောင်းတွင် ပင်မအုပ်ချုပ်မှုဆောင် (ဌာနချုပ်ရုံး)(၁၇၅'x၃၆'x၂၅')သွပ်မိုး RC (၂)ထပ် (ရေ၊ မီး၊ မိလ္လာအပါအဝင်) အဆောက်အဦ(၁)လုံး ဆောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထဲမှ လုပ်ကိုင်လိုသူ မည်သူမဆို အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ဗဟိုမြေစာရင်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း၊ ရန်ကုန်ပြည်ကားလမ်း၊ မိုင်တိုင်အမှတ်- ၄၅ ၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ တိုက်ကြီးမြို့တွင် တင်ဒါလျှောက်လွှာများကို တစ်စောင်လျှင်(၁၀၀၀၀)ကျပ် (ကျပ်တစ်သောင်း တိတိ)နှုန်းဖြင့် အောက်ပါ အစီအစဉ်အတိုင်း ရောင်းချသွားမည်ဖြစ်ပါသည်-

(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၂-၁၀-၂၀၂၀ ရက်

(ခ) **တင်ဒါရောင်းချမည့်နေရာ** - ရန်ကုန်-ပြည်ကားလမ်း၊ မိုင်တိုင် အမှတ် - ၄၅၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ တိုက်ကြီးမြို့၊

(ဂ) **တင်ဒါလျှောက်လွှာပိတ်ရက်**- ၂၀-၁၁-၂၀၂၀ ရက် ညနေ (၄း၃၀) နာရီ

၃။ တင်ဒါပုံစံအပါအဝင် တင်ဒါခေါ်ယူသည့် တည်ဆောက်ရေးလုပ်ငန်းအသေးစိတ်အချက်အလက်နှင့် စည်းကမ်းချက်များကို သိရှိလိုပါက ဖုန်း - ၀၉-၄၄၈၀၁၇၉၆၅ သို့ စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

---

## ဦးခွန်မင်းဆွေ ၁၃/တကန(နိုင်)၀၄၈၇၂၅နှင့် သက်ဆိုင်သူများသိစေရန်

**ဒေါ်နန်းမွှန် ၁၃/တကန(နိုင်)၀၆၆၅၂၅၏ လွှဲအပ်ညွှန်ကြားချက်အရ-**

၁။ ဒေါ်နန်းမွှန်သည် ဦးခွန်မင်းဆွေနှင့်ပတ်သက်၍ ၂၄-၅-၂၀၁၉ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ မိမိ၏ကြေညာချက် အတိုင်း စွဲမြဲအတည်ပြုပါသည်။

၂။ ဦးခွန်မင်းဆွေသည် ဒေါ်နန်းမွှန်နှင့် နည်းလမ်းတကျ တရားဝင်ကွာရှင်းပြီးပြတ်၊ ပြတ်စဲခြင်းမရှိသေးပါဘဲ အခြားတစ်ပါးအမျိုး သမီးတစ်ဦးအား ထိမ်းမြားခဲ့ပါသည်။

ထို့အပြင် ၆-၈-၂၀၂၀ရက်စွဲပါ စာချုပ်စာတမ်းတစ်စောင်တွင် ဇနီးဟောင်းဖြစ်သူ ဒေါ်နန်းမွှန်ဟူ၍ ၎င်း၏တစ်ဖက်သတ်သဘောဖြင့် စီစဉ်ဖော်ပြခဲ့ပါသည်။ အဆိုပါ ဇနီးဟောင်းဖြစ်သူဟူသော ရေးသားဖော်ပြချက်မှာ ကြောင်းခြင်းရာအရလည်းကောင်း၊ ဥပဒေအရလည်းကောင်း၊ မှန်ကန်ခြင်းမရှိ၊ တရားမဝင်၊ အကျိုးသက်ရောက်မှုမရှိ မူလကပင်ပျက်ပြယ်ပါသည်။

၃။ ဦးခွန်မင်းဆွေသည် ဇနီးနှင့် သားသမီးများအပေါ် ပြဋ္ဌာန်းဥပဒေ၊ ဓလေ့ထုံးတမ်းဥပဒေရှိသည်နှင့်အညီ တရားမျှတရှင်းလင်းစွာ တာဝန်ကျေပွန်ခြင်းမရှိ၊ ရက်စက်မှု၊ ပျက်ကွက်မှုများပြုခဲ့ပါသည်။

၄။ ဒေါ်နန်းမွှန်အနေနှင့် မိမိ၏အခွင့်အရေးများအတွက် ဥပဒေရှိသည်နှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးကျော်ငြိမ်း(ဖောင်တော်သီ) (စဉ်-၂၃၀၂)** | **ဒေါ်ခင်မေသန်း (စဉ်-၃၂၂၈)** |
| **B.A (Law), LL.B, D.B.L,D.M.L** | **LL.B, D.B.L, D.M.L, D.I.L** |
| **ဖုန်း-၀၉-၅၁၀၈၅၂၁** | **ဖုန်း-၀၉-၅၀၁၅၃၁၆** |

**တရားလွှတ်တော်ရှေ့နေများ**

**အမှတ်-၁၆၂ (ပထပ်)၊ ၃၅လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

---

## ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
## ရန်ကုန်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး **ထန်းတပင်မြို့နယ်တရားရုံးသစ်** အဆောက်အဦ (၁၄၇' x ၅၆') RCC နှစ်ထပ်၊ **သဃ်န်းကျွန်းမြို့နယ်တရားရုံးဝန်ထမ်းအိမ်ရာ** (၁၁၀' x ၄၈') ၈ ခန်းတွဲ (၆)ထပ်၊ **ကျောက်တံတားမြို့နယ်တရားရုံး** ပြတင်းပေါက်နှင့် လှေကားပြုပြင်ခြင်းလုပ်ငန်း စသည့် စီမံကိန်းလုပ်ငန်းသစ်(၃)မျိုးအတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် အဆောက်အဦသစ် ဆောက်လုပ်မည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံသားပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ငွေကျပ် ၁၀၀၀၀/- (ကျပ်တစ်သောင်းတိတိ) ဖြင့် ၁၀-၁၁-၂၀၂၀ ရက်မှစ၍ ရုံးချိန်အတွင်း တိုင်းဒေသကြီး တရားလွှတ်တော် (စီမံထောက်ပံ့) ဌာနတွင် စတင်ဝယ်ယူနိုင်ပါသည်-

(က) **စတင်ရောင်းချမည့်နေ့ရက်** - ၁၀-၁၁-၂၀၂၀ရက် (အင်္ဂါနေ့)

(ခ) **အရောင်းပိတ်မည့်နေ့ရက်** - ၂၄-၁၁-၂၀၂၀ရက် (အင်္ဂါနေ့)

(ဂ) **တင်ဒါပိတ်မည့်နေ့ရက်** - ၂၆-၁၁-၂၀၂၀ရက် (အင်္ဂါနေ့)

(ဃ) **တင်ဒါပုံစံဖွင့်မည့်နေ့ရက်** - ၃-၁၂-၂၀၂၀ရက် (ကြာသပတေးနေ့)

(င) **တင်ဒါလျှောက်လွှာ တင်ရမည့်နေရာ** - ထောက်ပံ့ဌာန ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဒုတိယညွှန်ကြားရေးမှူး (စီမံ/ထောက်ပံ့) ဌာန၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း- ၀၁၈၃၇၇၇၈၃ သို့ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

---

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန
## ဗဟိုမြေစာရင်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း
## ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ တိုက်ကြီးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၆ရက်

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ဗဟိုမြေစာရင်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးသင်တန်းကျောင်းတွင် အသုံးပြုရန် လိုအပ်သောအောက်ဖော်ပြပါ ရုံးသုံးပရိဘောဂပစ္စည်းများကို ပြည်တွင်းကျပ်ငွေဖြင့် ပစ္စည်းနေရာရောက်စနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထဲမှ လုပ်ကိုင်လိုသူမည်သူမဆို အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | စားပွဲရိုးရိုး(ကျွန်း) (၄'x၂'.၆"x၂'.၆") | (၂၆)လုံး |
| ၂။ | ထိုင်ခုံရိုးရိုး(ကျွန်း) (၁'.၅"x၁'.၆"x၁'.၆") | (၂၃)လုံး |
| ၃။ | အရာရှိစားပွဲ(ကျွန်း) (၅'x၃'x၂'.၆") | (၁)လုံး |
| ၄။ | အရာရှိထိုင်ခုံ (လက်တင်ပါ) (ကျွန်း) (၁'.၅"x၁'.၆"x၁'.၆") | (၁၅)လုံး |
| ၅။ | Student Bed (၆ ၁/၂ ' x ၃ ၁/၂ 'x၁ ၁/၂ ') | (၁၀၀)လုံး |
| ၆။ | Student Table (ကျွန်း) (၂'.x၂'.၆"x၂'.၆") | (၁၃၀)လုံး |
| ၇။ | သံဗီရို (၃'x၁ ၁/၂ 'x၆') | (၃၁)လုံး |

၂။ ဗဟိုမြေစာရင်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း ရန်ကုန်-ပြည်ကားလမ်း၊ မိုင်တိုင်အမှတ်-၄၅၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ တိုက်ကြီးမြို့တွင် တင်ဒါလျှောက်လွှာများကို တစ်စောင်လျှင် ကျပ် (၂၀၀၀)၊ (ကျပ်နှစ်ထောင်တိတိ) နှုန်းဖြင့် အောက်ပါအစီအစဉ်အတိုင်း ရောင်းချသွားမည်ဖြစ်ပါသည်-

(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၆-၁၁-၂၀၂၀ရက်

(ခ) **တင်ဒါရောင်းချမည့်နေရာ** - ရန်ကုန်-ပြည်ကားလမ်းဘေး၊ မိုင်တိုင်အမှတ်-၄၅ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ တိုက်ကြီးမြို့

(ဂ) **တင်ဒါလျှောက်လွှာပိတ်ရက်** - ၂၀-၁၁-၂၀၂၀ရက် ညနေ ၄း၃၀နာရီ

၃။ တင်ဒါပုံစံအပါအဝင် တင်ဒါခေါ်ယူသည့် ရုံးသုံးပရိဘောဂပစ္စည်းဝယ်ယူရေးလုပ်ငန်း အသေးစိတ်အချက်အလက်နှင့် စည်းကမ်းချက်များကို သိရှိလိုပါက ဖုန်း-၀၉-၄၂၀၁၂၉၈၂၁သို့ စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

---

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## ရွှေဘို/ကန့်ဘလူခရိုင် သစ်တောဦးစီးဌာန
## လေလံအမှတ်စဉ် (၁/၂၀၂၀-၂၀၂၁)
## ပုံစံ(၈)ဝင်ပစ္စည်းများဈေးပြိုင်စနစ်ဖြင့်
## လေလံတင်ရောင်းချခြင်းကြော်ငြာ

၁။ ရွှေဘို/ကန့်ဘလူခရိုင် သစ်တောဦးစီးဌာနမှ ကျွန်းပင်ကျပ်တိုင်(၄၅၁၄) လုံးနှင့် ပုံစံ(၈)ဝင် ကျွန်း/သစ်မာ/အခြား (၃' အောက်သစ်) စုစုပေါင်း (၁၀၃၉) လုံး၊ မျော(၉)လုံးနှင့် ပရိဘောဂပစ္စည်းများ၊ အင်ဂျင်နှင့် ဆက်စပ်ပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချခြင်းကို အောက်ပါအစီအစဉ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-

(၁) **နေ့ရက်** - (၁၀-၁၁-၂၀၂၀) ရက်၊ (အင်္ဂါနေ့)

(၂) **အချိန်** - နံနက် (၈း၀၀) နာရီ

(၃) **နေရာ** - ရွှေဘိုခရိုင်သစ်တောဦးစီးဌာန၊ ရွှေဘိုမြို့

၂။ စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာနတွင် တရားဝင်မှတ်ပုံတင်လိုင်စင်ရရှိထားသည့် သစ်အခြေခံ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းရှင်များ၊ သစ်စက်သေး/စက်ကြီး၊ အချောထည်စက်/လျှာထိုးစက်လုပ်ငန်းရှင်များ၊ သစ်အရောင်းဆိုင်လုပ်ငန်းရှင်များ၊ ပရိ ဘောဂလုပ်ငန်းရှင်များ (လိုင်စင်မိတ္တူပူးတွဲ)၊ အင်ဂျင်နှင့်ဆက်စပ်ပစ္စည်းများအတွက် တိုင်း အတွင်း နိုင်ငံသားစိစစ်ရေးကတ်တင်ပြနိုင်သူ၊ ဒေသခံပြည်သူများနေအိမ်ဆောက်လုပ်ရန်၊ အစိုးရဌာနအဆောက်အဦများ၊ လမ်းတံတားများ ဆောက်လုပ်ရန် သတ်မှတ်စည်းကမ်း ချက်များနှင့်ညီညွတ်ပါက ဈေးပြိုင်လေလံဝယ်ယူခွင့်လျှောက်လွှာနှင့် စည်းကမ်းချက် (၁) စုံအား (၁၀၀၀၀)နှုန်းဖြင့် (၃-၁၁- ၂၀၂၀)ရက် မှ (၉-၁၁-၂၀၂၀)ရက် နောက်ဆုံးထား၍ ရွှေဘိုခရိုင်သစ်တောဦးစီးဌာန၌ ဝယ်ယူလျှောက်ထားနိုင်ပါသည်။

